ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**လောကကို ထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှလွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)

၁၃၈၇ ခုနှစ်၊ နယုန်လဆန်း ၁ ရက်၊ အင်္ဂါနေ့။ Tuesday, 27 May 2025 ၁၁၈၃၀

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနရုံးပင်မအဆောက်အအုံ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။

# အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဝန်ကြီးဌာနများ၊ ဝန်ထမ်းအိမ်ရာများနှင့် အဆောင်များ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများ လိုက်လံကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂၆

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် အဖွဲ့ဝင်များလိုက်ပါ၍ ယနေ့ညနေပိုင်းတွင် ဝန်ကြီးဌာနများ၊ ဝန်ထမ်းအိမ်ရာများနှင့် အဆောင်များ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စွမ်းအင်ဝန်ကြီးဌာနသို့ ရောက်ရှိကြပြီး အစည်းအဝေးခန်းမ၌ တာဝန်ရှိသူများက ငလျင်ဒဏ်ကြောင့် ရုံးအဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့မှု၊ Prefabricated Office များဖြင့် ယာယီရုံးခန်းများဖွင့်လှစ်၍ ရုံးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ဝန်ထမ်းများယာယီနေထိုင်ရန် Modular House များ တပ်ဆင်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားပြီး ပြည်ထောင်စုဝန်ကြီးရုံးနှင့် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ရုံးအဆောက်အအုံတို့၌ ထိခိုက်ပျက်စီးခဲ့မှုအခြေအနေများနှင့် ပြန်လည်ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❍

ယနေ့ ဖတ်စရာ

စစ်ကိုင်းမြို့ပေါ်ရှိ အခြေခံပညာကျောင်းများအတွက် အာဆီယံ The AHA Centre မှ ထောက်ပံ့လှူဒါန်းသည့် ကွန်တိန်နာကျောင်းဆောင်များ လွှဲပြောင်းပေးအပ် စာမျက်နှာ » ၆

အိန္ဒိယနိုင်ငံက လှူဒါန်းသည့် ဘီလပ်မြေ တန်ချိန် ၂၂၅ တန် (၅၀ ကီလိုရှိ အိတ် ၄၅၀၀)အား လွှဲပြောင်းလက်ခံ စာမျက်နှာ » ၇

အားနည်းချက်နဲ့ အခွင့်အလမ်းရှာခံယူအသုံးချလို့ အနာဂတ်တွေလှဖို့ရာ ဆောင်းပါး စာမျက်နှာ » ၈

# ကျန်းမာရေးအသိ၊ ကျန်းမာရေးသတိ ကူးစက်ရောဂါများ ကြိုတင်ကာကွယ်

ယခုအချိန်ကာလသည် ရာသီအကူးအပြောင်းကာလဖြစ်၍ ပြည်သူများအနေဖြင့် မိုးဦးကျကာလတွင် ဖြစ်ပွားတတ်သောရောဂါများ၊ ကူးစက်တတ်သောရောဂါများကို ကြိုတင်ကာကွယ်ထားကြရမည်ဖြစ်သည်။ မိုးရာသီကာလတွင် သွေးလွန်တုပ်ကွေးနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါများအပြင် အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါများဖြစ်သည့် ရာသီတုပ်ကွေးရောဂါနှင့်ဖြစ်ပွားနိုင်သည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရမည်ဖြစ်သည်။

ပြည်သူများကြားတွင် ယနေ့ကာလ၌ ရာသီတုပ်ကွေးနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါများ အဖြစ်များနေသည်ကို တွေ့ရသည်။ ကျန်းမာရေးဝန်ကြီးဌာနက မိုးရာသီကာလ၌ ဖြစ်ပွားတတ်သော ရောဂါများကိုသာမက ကူးစက်တတ်သောရောဂါများနှင့်ပတ်သက်၍ သတိပြုလိုက်နာရမည့်အချက်များကို စဉ်ဆက်မပြတ် အသိပေးနှိုးဆော်လျက်ရှိသည်ကို တွေ့ရမည်ဖြစ်သည်။ အထူးသတိပြုရမည့်အချက်မှာ ကမ္ဘာ့နိုင်ငံအချို့နှင့် မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများအပါအဝင် ဒေသတွင်းနိုင်ငံအချို့တွင် ရာသီတုပ်ကွေးရောဂါနှင့် ကိုဗစ်-၁၉ ရောဂါများ ကူးစက်ဖြစ်ပွားမှုလတ်တလောမြင့်တက်လာသည်ကို တွေ့မြင်ကြားသိရမည်ဖြစ်သည်။

ဒေသတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှု အနည်းငယ်မြင့်တက်လာသော်လည်း ယခုဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါမျိုးဗီဇသည် စိုးရိမ်ဖွယ်ရာကြီးကြီးမားမားမရှိသဖြင့် စိတ်သက်သာရာရရှိကြမည်ဖြစ်သည်။ သို့သော် ရောဂါတစ်ခုအနေဖြင့် ငယ်သည်ဖြစ်စေ၊ ကြီးသည်ဖြစ်စေ မဖြစ်ခင်က ကြိုတင်ကာကွယ်ထားခြင်းသာလျှင် အကောင်းဆုံးဖြစ်သည်။ ကူးစက်ဖြစ်ပွားနေသည့် ကိုဗစ်-၁၉ အိုမီခရွန်ဗီဇပြောင်းမျိုးကွဲများသည် XBB နှင့် JN.1 တို့မှ မျိုးရိုးဗီဇပြောင်းလာသော ရောဂါပိုးများဖြစ်ပြီး ရောဂါပိုမိုပြင်းထန်မှုနှင့် ပိုမိုသေဆုံးမှု အလွန်နည်းပါးသည့်အချက်များကို ကျန်းမာရေးပညာရှင်များက အသိပေးထားသည်။ ယခင်ထိုးနှံကြသော ကိုဗစ် -၁၉ ရောဂါကာကွယ်ဆေးများဖြင့် ရောဂါပြင်းထန်မှုနှင့် သေဆုံးနိုင်ခြေကို ထိရောက်စွာလျှော့ချနိုင်သည်။

ယခင်ဖြစ်ပွားခဲ့သည့် ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြည်သူ့ကျန်းမာရေးဆိုင်ရာ နိုင်ငံတကာအရေးပေါ်အခြေအနေအဖြစ်မှ ရုပ်သိမ်းခဲ့သော်လည်း ကမ္ဘာ့နိုင်ငံများအနေဖြင့် တစ်ကျော့ပြန် ဖြစ်ပွားလာနိုင်မည့် အန္တရာယ်နှင့် ကိုဗစ်-၁၉ ရောဂါ ဗီဇမျိုးကွဲအသွင်ပြောင်းအန္တရာယ်များကိုလည်း ကြိုတင်ကာကွယ် တားဆီးနှိမ်နင်းလျက်ရှိသည်။ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံဖြတ်ကျော် ဝင်/ထွက်ပေါက်များဖြစ်သော အပြည်ပြည်ဆိုင်ရာလေဆိပ်၊ ဆိပ်ကမ်းများနှင့် နယ်စပ်ဒေသ ဝင်/ထွက် ဂိတ်စခန်းများတွင် ရောဂါစောင့်ကြပ်စစ်ဆေးကြည့်ရှုခြင်း၊ မျိုးရိုးဗီဇပြောင်းလဲမှုကို စစ်ဆေးခြင်းနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံပေးခြင်း စသည့် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည်။

မိုးရာသီကာလတွင် စွတ်စိုသောရာသီဥတုအခြေအနေကြောင့် အသက်ရှူလမ်းကြောင်းမှတစ်ဆင့် ကူးစက်တတ်သော ရာသီတုပ်ကွေးရောဂါနှင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှုများကို ပိုမိုစောင့်ကြပ်ကြည့်ရှုစစ်ဆေးလျက်ရှိသည်။ နယ်စပ်ဒေသများတွင်သာမက မြို့ပြများရှိ ပြည်သူ့ဆေးရုံကြီးများတွင်လည်း ထိရောက်စွာ ကာကွယ်ကုသမှုပေးနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားလျက်ရှိသည်။ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကို စောင့်ကြပ်ကြည့်ရှု၍ အပတ်စဉ်သတင်းထုတ်ပြန်ပေးလျက်ရှိရာ ယခင်ကာလများက ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့လူနာမရှိခဲ့သော်လည်း ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်း ရောဂါပိုးရှိသူတစ်ဦး စတင်တွေ့ရှိပြီးနောက် ရောဂါဖြစ်ပွားမှု အနည်းငယ်မြင့်တက်လာသည်ကို တွေ့ရသည်။ အဆိုပါရောဂါနှင့်ပတ်သက်၍ စိုးရိမ်ဖွယ်ရာမရှိသော်လည်း ကူးစက်ပြန့်ပွားမှုနှုန်းမြင့်တက်မလာစေရန် ကျန်းမာရေးဌာနများအပြင် ပြည်သူများကလည်း အထူးသတိပြု လိုက်နာဆောင်ရွက်ကြရမည်ဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အနည်းငယ်ဖြစ်ပေါ်ခဲ့ရာတွင် ပြင်းထန်လူနာနှင့် အထူးကြပ်မတ်ကုသပေးရသော လူနာများမရှိဘဲ ရောဂါနှင့်ပတ်သက်၍ သေဆုံးသူလည်းမရှိပေ။ သို့သော် ကြိုတင်ကာကွယ်သည့်အနေဖြင့် ဦးစားပေးအုပ်စုများအား ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံပေးခြင်းကို ဆက်လက်အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်သွားရမည်ဖြစ်သည်။ ဆေးသုတေသနဦးစီးဌာနက SARS CoV-2 မျိုးရိုးဗီဇပြောင်းလဲမှုအား စဉ်ဆက်မပြတ် စောင့်ကြပ်ကြည့်ရှုစစ်ဆေးလျက်ရှိရာ ယခုအထိတွေ့ရှိရသော ဗီဇပြောင်းပိုးများသည် ကမ္ဘာ့နိုင်ငံများတွင်လည်း ကူးစက်ဖြစ်ပွားလျက်ရှိသည်။

သို့ဖြစ်ရာ မိုးရာသီတွင်ဖြစ်ပွားတတ်သော အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများဖြစ်သည့် ရာသီတုပ်ကွေးရောဂါနှင့် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုတို့ကို ကာကွယ်ကုသပေးကြရမည်ဖြစ်ရာ ကိုဗစ်-၁၉ ရောဂါကို လက်ရှိထိုးနှံပေးနေသော ရောဂါကာကွယ်ဆေးများဖြင့် ထိရောက်စွာ ကာကွယ်ပေးနိုင်သည်။ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုရေးနှင့် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို ပိုမိုအရှိန်အဟုန်မြှင့်တင် ဆောင်ရွက်သွားမည်ဖြစ်ပြီး ပြည်သူများကလည်း ကျန်းမာရေးအသိ၊ ကျန်းမာရေးသတိဖြင့် သတိပြုဆင်ခြင်လိုက်နာဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း။ ။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး ကို အလုပ်သမားဝန်ကြီးဌာန၊ အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဦးညဏ်ဇော်ဦး ကို အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## တရားမအထူးအယူခံမှု လေးမှုကို စီရင်ချက်ချမှတ် တရားမအထူးအယူခံမှု ငါးမှုကို ရုံးထိုင်ကြားနာ

**နေပြည်တော် မေ ၂၆**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေးနှင့်ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသည့် ဦးခင်မောင်ကြီး၊ ဦးသောင်းနိုင်၊ ဒေါ်သင်းသင်းနွဲ့၊ ဒေါ်ပြုံးပြုံးအေး တို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့ နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် မင်္ဂလာဒီပရပ်ကွက် ချင်းတွင်းလမ်းရှိ ဇေယျာသီရိခရိုင် တရားရုံး ရုံးခန်းအမှတ်(၁)၌ ပြည်ထောင်စုတရားလွှတ်တော်ချုပ် အထူးအယူခံခုံရုံး ရုံးထိုင်၍ တရားမအထူးအယူခံမှုအမှတ် ၅/၂၀၂၅ (တနင်္သာရီ)၊ ၆/၂၀၂၅ (မကွေး)၊ ၈/၂၀၂၅ (ရှမ်း)နှင့် ၁၂/၂၀၂၅ (ရန်ကုန်) စုစုပေါင်း တရားမအထူးအယူခံမှု လေးမှုကို စီရင်ချက်ချမှတ်သည်။

ထို့ပြင် တရားမအထူးအယူခံမှုအမှတ် ၇၈/၂၀၂၄ (မန္တလေး)၊ ၇/၂၀၂၅(ရှမ်း)၊ ၉/၂၀၂၅(ဧရာဝတီ)၊ ၁၀/၂၀၂၅(ပဲခူး) နှင့် ၁၁/၂၀၂၅(ရှမ်း) စုစုပေါင်း တရားမအထူးအယူခံမှု ငါးမှုကို ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ၂၆ - ၅ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၅၇၆၀၀၀၀ ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## ပြင်ဆင်ဖတ်ရှုပါရန်

မေ ၂၅ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၂ တွင် ဖော်ပြပါရှိသော "ရွေးကောက်ပွဲအောင်မြင်စွာကျင်းပရေး တည်ငြိမ်အေးချမ်းရေး ဝိုင်းဝန်းဆောင်ရွက်" ခေါင်းကြီး၏ အောက်ဆုံးစာပိုဒ် စာကြောင်းရေ ၈ တွင် "နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး" ဟု ပြင်ဆင်ဖတ်ရှုပါရန်။ **စာတည်း**

## မယ်ဆိုင်ချောင်းရေ စိုးရိမ်ရေမှတ်သို့ ရောက်ရှိ

**နေပြည်တော် မေ ၂၆**

ယနေ့မြန်မာစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ မယ်ဆိုင်ချောင်းရေသည် တာချီလိတ်မြို့ (လွယ်တော်ခမ်းကျေးရွာ) တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေခန့်တွင် ရောက်ရှိနေသည်။ အဆိုပါချောင်းရေသည် နောက် ၁၂ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ တာချီလိတ်မြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြု နေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၆- ၅ - ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၆,၆၀၀ | ၆,၇၀၀ | ၁၄၄ | ၉၅၄,၈၀၀ |
| MTSH | ၂,၉၅၀ | ၂,၉၅၀ | ၆,၈၀၉ | ၂၀,၀၈၆,၅၅၀ |
| MCB | ၇,၇၀၀ | ၇,၇၀၀ | ၅၄ | ၄၁၅,၈၀၀ |
| FPB | ၁,၈၀၀ | ၁,၈၀၀ | ၀ | ၀ |
| TMH | ၂,၈၅၀ | ၂,၈၅၀ | ၀ | ၀ |
| EFR | ၁,၄၅၀ | ၁,၅၅၀ | ၁,၇၀၆ | ၂,၅၇၉,၀၀၀ |
| AMATA | ၃,၇၀၀ | ၃,၈၀၀ | ၂၁၆ | ၈၀၀,၃၀၀ |
| MAEX | ၃,၁၀၀ | ၃,၂၀၀ | ၆၅၅ | ၂,၀၃၁,၀၀၀ |
| MADPL(PLB) | ၃,၁၀၀ | ၃,၁၀၀ | ၀ | ၀ |

**ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးဝင်းနိုင်
**ခေတ္တ စာတည်းမှူး** - ဦးအေဝမ်းစိုး
**စာတည်းများ** - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
**ဘာသာပြန် စာတည်းများ** - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
**အကြီးတန်း သတင်းထောက်များ** - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်နိုင်သန္တာရွှေ
**အငယ်တန်း သတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
**သုတေသန** - ဒေါ်ဇင်မာဝင့်
**စာပြင်** - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - ဦးစိုးချစ်ဦးနှင့်အဖွဲ့



အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဇမ္ဗူသီရိမြို့နယ် သုခသိဒ္ဓိရပ်ကွက်ရှိ ပြန်လည်နေထိုင်ရန်သင့်သည့် (အပြာရောင် အမှတ်အသားရ) တိုက်အမှတ် ၆၂၀၉ တွင် ကြည့်ရှုစစ်ဆေးစဉ်။



အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း သဇင် (၂) အပျိုဆောင် အဆောင်(၁) တွင် ကြည့်ရှုစစ်ဆေးစဉ်။

❍ ရှေ့ဖုံးမှ

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ ရောက်ရှိကြပြီး အဆိုပါရုံး ပင်မအဆောက်အအုံနှင့် အခြားရုံးအဆောက်အအုံများ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုအခြေအနေများနှင့် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို လိုက်လံ ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ဇမ္ဗူသီရိမြို့နယ် သုခသိဒ္ဓိရပ်ကွက်ရှိ ပြန်လည်နေထိုင်ရန်သင့်သည့် (အပြာရောင်အမှတ်အသားရ) တိုက်အမှတ် ၆၂၀၉ သို့ ရောက်ရှိကြပြီး အဆိုပါတိုက်အတွင်း ငလျင်ဒဏ်ကြောင့် အနည်းငယ် ထိခိုက်ပျက်စီးခဲ့မှုများကို မြန်မာနိုင်ငံလိုင်စင်ရကန်ထရိုက်တာများ အသင်းက ပြန်လည် ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ နိုင်ငံ့ဝန်ထမ်းများ ပြန်လည်နေထိုင်လျက်ရှိမှုအခြေအနေတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများ၏ နေထိုင်စားသောက်မှုအခြေအနေ၊ နိုင်ငံတော်က ထောက်ပံ့သည့် အခြေခံစားသောက်ကုန် ငါးမျိုးရရှိမှုအခြေအနေများကို မေးမြန်းပြီးလိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ဇမ္ဗူသီရိမြို့နယ် ဉာဏသိဒ္ဓိရပ်ကွက်ရှိ တိုက်အမှတ် ၃၁၀၇ သို့ ရောက်ရှိကြပြီး မြန်မာနိုင်ငံအဆောက်အဦ ဖွံ့ဖြိုးမှုအသင်းက ငလျင်ကြောင့် ပျက်စီးခဲ့သည့် အဆောက်အအုံနှင့် အခန်းများတွင် Stitching Method ဖြင့် ပြန်လည် ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို လိုက်လံ ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် သဇင် (၂) အပျိုဆောင် အဆောင်(၁) နှင့် သဇင် (၅) လူပျိုဆောင် အဆောင် (၁၁) တို့၌ ငလျင်ဒဏ်ကြောင့် အနည်းငယ်ထိခိုက်ခဲ့သည့် နံရံများကို ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းမှ ဝန်ထမ်းများက Sikalatex ဆေးရည်၊ ကျုံ့ခြင်းမရှိသော ဘိလပ်မြေအခြေခံဘက်စုံသုံးဆေးမှုန့် (SikaGrout) နှင့် ဘိလပ်မြေများ ရောစပ်၍ ကွဲအက်ခဲ့သည့် နေရာများအား ပြန်လည်ပြုပြင်ခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုကို လိုက်လံ ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## မိုးဦးကာလ ရေယာဉ်များ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် လုံခြုံရေးအတွက်ရေလမ်းသတိပေးနှိုးဆော်ချက် ထုတ်ပြန်ခြင်း

၁။ မြန်မာနိုင်ငံရှိ မြစ်များတွင် မုတ်သုံရာသီအစ မိုးဦးကာလတွင် မိုးသည်းထန်စွာရွာသွန်းခြင်း၊ လေပြင်းတိုက်ခတ်ခြင်းတို့နှင့်အတူ မြစ်ရေမြင့်တက်လာမည်ဖြစ်ပါသည်။ မြစ်ရေတက်လာမှုပေါ်မူတည်၍ ရေယာဉ်များ အန္တရာယ်ကင်းစွာ ခုတ်မောင်းသွားလာနိုင်ရန် လိုအပ်သော ရေလမ်းညွှန် အမှတ်အသားများကို ပြသထားမည်ဖြစ်ပါသည်။ ရာသီဥတုဒဏ်ကြောင့် ရေလမ်းညွှန် အမှတ်အသားများ တစ်ခါတစ်ရံ ပျက်စီးပျောက်ဆုံးနိုင်သဖြင့် ရေယာဉ်များ ဂရုပြုခုတ်မောင်းကြရန် လိုအပ်ပါသည်။

၂။ ရေများကာလတွင် ရေလမ်းများအတွင်း ရေစီးသန်ခြင်းနှင့် ဝဲလှည့်ခြင်းတို့ ဖြစ်ပေါ်နိုင်သည့်အပြင် မြစ်ရေတက်လာမှုကြောင့် ရေနည်းကာလတွင် ပေါ်ထွန်းခဲ့သော သောင်နှင့်ကျွန်းများ ရေမြုပ်၍ ရေမြွှာပေါက် ဖြတ်လမ်းများ ဖြစ်ပေါ်လာမည်ဖြစ်ပါသည်။ ထို့ကြောင့် ရေအနက်မလုံလောက်သော ရေမြွှာပေါက် ဖြတ်လမ်းများကို ဖြတ်သန်းခုတ်မောင်းခြင်းမပြုကြရန်နှင့် မိမိရေယာဉ်၏ စက်အားနှင့် ရေစီးနှုန်းကို ချင့်ချိန်၍ သတ်မှတ်ရေလမ်းအတိုင်းသာ သတိပြု ခုတ်မောင်းရန် လိုအပ်ပါသည်။

၃။ မြစ်ကူးတံတား ရေလမ်းများတွင် ရေယာဉ်များ ဝင်ရောက်ရမည့် ဝင်ပေါက်တွင် နေ့အခါ အစိမ်းရောင် တြိဂံအမှတ်အသား ပြသထားပြီး ညအခါ မီးစိမ်းထွန်း ပြသထားပါသည်။ မဝင်ရမည့်ရေလမ်းတွင် နေ့အခါ အနီရောင် ကြက်ခြေခတ်အမှတ်အသား ပြသထားပြီး ညအခါ မီးနီထွန်း ပြသထားပါသည်။

၄။ ရေများကာလတွင် မြစ်ကူးတံတားကြီးများ၏ ရေလယ်တိုင် အုတ်ခုံများမှာ ရေမြုပ်နေပြီး ရေလယ်တိုင် (၂)တိုင်အကြားတွင် ရေစီးသန်သောကြောင့် ရေယာဉ်များ မြစ်ကူးတံတားရေလမ်းကို ဖြတ်သန်းရာတွင် စက်နှင့် တက်မစနစ်များကို ကြိုတင်စစ်ဆေးပြီး လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ဖြတ်သန်းခုတ်မောင်းကြရန်နှင့် တံတားရေလမ်းကို ဖြတ်သန်းရာတွင် ရေယာဉ်နှစ်စင်း ယှဉ်ပြိုင်ခုတ်မောင်းခြင်းမပြုကြရန် လိုအပ်ပါသည်။ အထူးသဖြင့် သယ်ဆောင်ဝန်နှင့်စက်အားကို ချင့်ချိန်တွက်ဆ၍ ဂရုပြုခုတ်မောင်းကြရမည် ဖြစ်ပါသည်။ မနိုင်ဝန်ကို သယ်ဆောင်ခြင်း မပြုကြရန်နှင့် မြစ်ကူးတံတားကြီးများကို ဖြတ်သန်းရာတွင် တွဲတစ်တွဲချင်းသာ ချိတ်ဆွဲဖြတ်သန်းကြရမည် ဖြစ်ပါသည်။

၅။ ရာသီဥတုပြောင်းလဲမှုကြောင့် ရုတ်တရက် လေပြင်းတိုက်ခတ်မှုနှင့် မိုးမှောင်ကျမှုဖြစ်ပေါ်သည့်အခါ ရေယာဉ်များ အန္တရာယ်မဖြစ်စေရေးအတွက် သတိပြု ခုတ်မောင်းကြရန်နှင့် လေပြင်းတိုက်ခတ်စဉ် ရေယာဉ်များ လိုက်နာရမည့် ဥပဒေ၊ စည်းကမ်းချက်များအတိုင်း လိုက်နာကြရန် **ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ** ရေလမ်းသတိပေးနှိုးဆော်ချက် ထုတ်ပြန်ထားပါသည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၂/၂၀၂၅)တွင် အမှာစကားပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး (၂/၂၀၂၅) သို့ တက်ရောက်အမှာစကားပြောကြား

## နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်စေမည့်အချက်များကို တစ်ဖက်တစ်လမ်းမှ တားဆီးကာကွယ် ထိန်းသိမ်းသွားနိုင်မည်ဖြစ်သည့်အတွက် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးလုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်

နေပြည်တော် မေ ၂၆

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၂/၂၀၂၅)ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ညီလာခံခန်းမ၌ ကျင်းပရာ တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝင်းရှိန်၊ ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ ဦးထွန်းအုံ၊ ဒုတိယဝန်ကြီးများ၊ အခွန်အယူခံခုံအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဦး၊ နေပြည်တော်ကောင်စီဝင်၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ အသင်းအဖွဲ့များမှဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့ဥက္ကဋ္ဌများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ၂၀၂၅ ခုနှစ် မတ်လ ၁၉ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီ အစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက **"တရားမဝင်ကုန်သွယ်မှုများသည် ရာဇဝတ်ကျူးလွန်မှု၊ အကြမ်းဖက်အဖွဲ့အစည်းများအပေါ် ငွေကြေးထောက်ပံ့မှုအပါအဝင် နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးကိုပါ ထိခိုက်စေသည့်အတွက် သက်ဆိုင်သည့် ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များမှ တာဝန်ရှိသူများအနေဖြင့် တရားမဝင် ကုန်သွယ်မှုများကို ပြတ်ပြတ်သားသား တိုက်ဖျက်ဆောင်ရွက်သွားရန်"** လမ်းညွှန်မှာကြားထားကြောင်း။

ထို့ပြင် စီးပွားရေးရာနှင့် ပတ်သက်သည့် အစည်းအဝေးများတွင်လည်း နိုင်ငံတော်ဝန်ကြီးချုပ်က **"တရားမဝင်ကုန်သွယ်မှုများနှင့်ပတ်သက်၍ ထိထိရောက်ရောက် တားဆီးဆောင်ရွက်ရန်"** အမြဲတစေ လမ်းညွှန်မှာကြားခဲ့ကြောင်း၊ ထို့ကြောင့် တရားမဝင်ကုန်သွယ်မှုကိစ္စရပ်များကို အထူးဂရုစိုက်ပြီး ဆောင်ရွက်သွားကြရန်လိုကြောင်း၊ တရားမဝင်ကုန်သွယ်မှုများကို ထိရောက်စွာ တိုက်ဖျက်ရန်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်တွင် ၂၀၂၂ ခုနှစ်မှစတင်၍ ပြင်ဆင်ဖွဲ့စည်းပြီး ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ လုပ်ငန်းညှိနှိုင်းအစည်းအဝေးများ ကျင်းပလာခဲ့သည်မှာ (၁၉)ကြိမ်ရှိပြီဖြစ်ကြောင်း၊ ယခင်အစည်းအဝေး(၁၈)ကြိမ်အထိ ဆုံးဖြတ်ချက် ၆၁၉ ချက် ချမှတ်ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ သုံးနှစ်နှင့် လေးလတာ ကာလအတွင်း ဖမ်းဆီးရရှိမှုများကို ပြန်ကြည့်မည်ဆိုပါက ဖမ်းဆီးရမိအမှုတွဲ ၂၂၁၉၈ မှု၊ တန်ဖိုးအားဖြင့် ငွေကျပ် ၅၇၆ ဒသမ ၅၄၁ ဘီလီယံ ဖမ်းဆီးဖော်ထုတ်ခဲ့ကြောင်း၊ လအလိုက် ဖမ်းဆီးရမိမှုများတွင် ၂၀၂၅ ခုနှစ် မတ်လတွင် ဖမ်းဆီးရရှိမှုသည် အများဆုံးဖြစ်ကြောင်း၊ ယခုထက်ပို၍ ဖမ်းဆီးဖော်ထုတ်နိုင်ရမည်ဖြစ်ကြောင်း၊ နယ်စပ်ကုန်သွယ်ရေးနှင့် ပတ်သက်၍ နယ်မြေလုံခြုံရေးအခြေအနေအရ နယ်စပ်ကုန်သွယ်ရေးများ ခေတ္တရပ်တန့်နေသည့်အချိန်တွင် တရားမဝင်ကုန်ပစ္စည်းများ တင်ပို့မှုနှင့် တင်သွင်းမှုပါ များပြားလာကြောင်း၊ ထိုသို့ တရားမဝင်ကုန်သွယ်မှုများ ပေါ်ပေါက်လာမှုနှင့်အတူ ဖမ်းဆီးရရှိမှုများ များလာသည်ကိုလည်းတွေ့ရှိရကြောင်း၊ လုံခြုံရေးအဖွဲ့များနှင့် စစ်ဆေးရေးအဖွဲ့များကလည်း စနစ်တကျ ထိထိမိမိစစ်ဆေးဆောင်ရွက်မည်ဆိုပါက ယခုထက်ပို၍ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးလုပ်ငန်းများ ထိရောက်အောင်မြင်မည်ဖြစ်ကြောင်း။

- နယ်စပ်ကုန်သွယ်ရေးနှင့် ပတ်သက်၍ နယ်မြေလုံခြုံရေးအခြေအနေအရ နယ်စပ်ကုန်သွယ်ရေးများ ခေတ္တရပ်တန့်နေသည့်အချိန်တွင် တရားမဝင်ကုန်ပစ္စည်းများ တင်ပို့မှုနှင့် တင်သွင်းမှုပါများပြားလာ၊ ထိုသို့ တရားမဝင်ကုန်သွယ်မှုများ ပေါ်ပေါက်လာမှုနှင့်အတူ ဖမ်းဆီးရရှိမှုများ များလာသည်ကိုလည်းတွေ့ရှိရ
- လုံခြုံရေးအဖွဲ့များနှင့် စစ်ဆေးရေးအဖွဲ့များကလည်းစနစ်တကျ ထိထိမိမိစစ်ဆေးဆောင်ရွက်မည်ဆိုပါက ယခုထက်ပို၍ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးလုပ်ငန်းများ ထိရောက်အောင်မြင်မည်
- ကုန်သွယ်ဖက် အိမ်နီးချင်းနိုင်ငံများနှင့်လည်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရာတွင် သတင်းများဖလှယ်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းများကို ဝန်ကြီးဌာနအချင်းချင်း၊ အစိုးရအဖွဲ့အချင်းချင်း ညှိနှိုင်းပြီး ဆောင်ရွက်ကြရမည်

ထို့ပြင် ကုန်သွယ်ဖက် အိမ်နီးချင်းနိုင်ငံများနှင့်လည်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရာတွင် သတင်းများဖလှယ်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းများကို ဝန်ကြီးဌာနအချင်းချင်း၊ အစိုးရအဖွဲ့ အချင်းချင်း ညှိနှိုင်းပြီး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးနှင့်ပတ်သက်၍ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး နိုင်ငံပေါင်းစုံ မဟာမိတ်အဖွဲ့ (Transnational Alliance to Combat Illicit Trade – TRACIT)၏ ၂၀၂၅ ခုနှစ် ထုတ်ပြန်သည့် တရားမဝင် ကုန်သွယ်မှု အညွှန်းကိန်း 2025 Illicit Trade Index တွင်လည်း နိုင်ငံပေါင်း ၁၅၈ နိုင်ငံအနက် မြန်မာနိုင်ငံအနေဖြင့် အဆင့်(၁၁၇)သတ်မှတ်ထားသည်ကို တွေ့ရှိရကြောင်း၊ ယခင် ၂၀၁၈ ခုနှစ်က ထုတ်ပြန်ခဲ့သည့် ကမ္ဘာ့တရားမဝင်ကုန်သွယ်မှုဆိုင်ရာ ပတ်ဝန်းကျင်အညွှန်းကိန်း Global Illicit Trade Environment Index တွင် နိုင်ငံပေါင်း ၈၄ နိုင်ငံအနက် မြန်မာနိုင်ငံအနေဖြင့် အဆင့်(၈၁) သာ ရရှိခဲ့သည့်အတွက် ၂၀၂၅ ခုနှစ်တွင် အညွှန်းကိန်း ပိုမိုတိုးတက်လာသည်ကို တွေ့ရှိရကြောင်း၊ သို့သော် အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံအနက် မြန်မာနိုင်ငံအနေဖြင့် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးတွင် အဆင့်(၉)သာ ရရှိနေသည်ကို တွေ့ရှိရသည့်အတွက် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ထို့ကြောင့် နိုင်ငံအတွင်း ထိထိမိမိဖြင့် ဖမ်းဆီးရမည်ဖြစ်သကဲ့သို့ တစ်ဖက်ကလည်း ကုန်သွယ်ဖက် အိမ်နီးချင်းနိုင်ငံများဖြင့် အစိုးရအချင်းချင်း၊ ဝန်ကြီးဌာနအချင်းချင်း ညှိနှိုင်းပြီး ပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း။

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး နိုင်ငံပေါင်းစုံမဟာမိတ်အဖွဲ့ (Transnational Alliance to Combat Illicit Trade – TRACIT)၏ ၂၀၂၅ ခုနှစ် ထုတ်ပြန်သည့် တရားမဝင်ကုန်သွယ်မှု အညွှန်းကိန်း 2025 Illicit Trade Index တွင်လည်း တရားမဝင်ကုန်သွယ်မှုများ အလွန်အကျူးပြုလုပ်နေသည့်ကဏ္ဍ ၁၂ ရပ်ဖော်ထုတ်ထားကြောင်း၊ ယင်းတို့တွင် လယ်ယာစိုက်ပျိုးရေးထုတ်ကုန်များ၊ စိုက်ပျိုးရေးသုံး ဓာတုပစ္စည်းနှင့် ပိုးသတ်ဆေးများ၊ အရက်၊ အတုအပကုန်စည်ပစ္စည်းများ၊ သစ်တောထွက်ကုန်များ၊ တရားမဝင်ငါးဖမ်းဆီးမှုများ၊ ရေနံထွက်ပစ္စည်းများ၊ ဆေးဝါးများ၊ အဖိုးတန်သတ္တုနှင့် ကျောက်မျက်များ၊ ဆေးရွက်ကြီးကုန်စည်များ၊ လူကုန်ကူးမှုများ၊ တောရိုင်းတိရစ္ဆာန်များပါဝင်ကြောင်း ဖော်ပြထားသည်ကို တွေ့ရှိရကြောင်း။

စာမျက်နှာ ၅ သို့ ●

# လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

## တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးသည် တစ်ဦးကောင်း၊ တစ်ယောက်ကောင်းဖြင့် ဆောင်ရွက်၍မရသည့်အတွက် ဦးဆောင်ကော်မတီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများ၊ သက်ဆိုင်သည့်ဝန်ကြီးဌာနများမှ ဝန်ထမ်းများ၊ လုံခြုံရေးအဖွဲ့များနှင့် ပြည်သူများအားလုံးကပေါင်းစပ်ပြီး ဝိုင်းဝန်းထိန်းကျောင်းဆောင်ရွက်

● စာမျက်နှာ ၄ မှ

ကဏ္ဍ ၁၂ ရပ်၏ ခေါင်းစဉ်များအလိုက် မိမိတို့အဖွဲ့များတွင် ပါဝင်ကြသည့် One Stop Service အဖွဲ့များ၊ စစ်ဆေးရေးအဖွဲ့များက ဖော်ထုတ်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ၃ နှစ်နှင့် ၄ လတာကာလအတွင်း ဖမ်းဆီးရရှိမှုများအနက် တရားမဝင်လိုင်စင်မဲ့ မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ် အများဆုံးဖြစ်သည်ကိုတွေ့ရှိရကြောင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် ပတ်သက်သည့် သွင်းကုန် ကုန်ပစ္စည်းများ၊ စက်ကိရိယာပစ္စည်းများနှင့် အခြားလူအသုံးအဆောင်ပစ္စည်းများကိုလည်း တွေ့ရှိရကြောင်း၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်သည့်အတွက် လယ်ယာသုံးကိရိယာနှင့် ပတ်သက်၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တရားဝင်လိုင်စင်များဖြင့် ထုတ်ပေးထားကြောင်း၊ သို့သော်လည်း ယင်းအပေါ်ကျော်လွန်ပြီး ဆောင်ရွက်မှုများရှိနေသည့်အတွက် ကြပ်မတ်ထိန်းချုပ် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

တစ်ဖက်ကလည်း ဖမ်းဆီးထိန်းချုပ်ပြီး တစ်ဖက်ကလည်း မူပိုင်ခွင့်ဥပဒေ၊ စားသုံးသူကာကွယ်ရေးဥပဒေများဖြင့် ခိုင်လုံအားကောင်းအောင် ပြုလုပ်၍ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ပြည်သူများအပါအဝင် အစိုးရနှင့် လုပ်ငန်းရှင်များ စီးပွားရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် အကောက်ခွန်ဥပဒေ၊ ပို့ကုန်သွင်းကုန်ဥပဒေ၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေနှင့် အထူးကုန်စည်ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ ယှဉ်ပြိုင်မှုဥပဒေ၊ စားသုံးသူကာကွယ်ရေး ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ အရေးယူဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးတွင် အဓိကအခန်းကဏ္ဍသည် သတင်းရရှိရေးပင်ဖြစ်ကြောင်း၊ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ၊ မတ်လ နှင့် ဧပြီလများအတွင်း သတင်းရရှိမှု ၂၅၅ ကြိမ်ရရှိခဲ့ပြီး သတင်းမှား ၁၃ ကြိမ်၊ နောက်ကျသတင်း ငါးကြိမ်နှင့် သတင်းမှန် ၂၃၇ ကြိမ်ဖြစ်ကြောင်း၊ နောက်ပိုင်းကာလ နောက်ကျသတင်းပေးပို့မှုများ နည်းပါးလာပြီး သတင်းမှန်ပေးမှု များပြားလာခြင်းကြောင့် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးကို တစ်ဖက်တစ်လမ်းမှ ထိရောက်စွာဆောင်ရွက်နိုင်ခြင်းဖြစ်ကြောင်း၊ သတင်းပေးပြည်သူများ၏ လုံခြုံမှုနှင့်နစ်နာဆုံးရှုံးမှု မဖြစ်စေရေးအတွက် သတင်းလုံခြုံမှုကို သက်ဆိုင်ရာတာဝန်ရှိသူများကလည်း ထိန်းသိမ်းလျှို့ဝှက်ပေးရမည်ဖြစ်ကြောင်း၊ သတင်းပေးသည့်အတွက် ဖမ်းဆီးရရှိသောအမှုအပေါ် မူတည်၍ နိုင်ငံတော်က အကျိုးအမြတ်များ ထောက်ပံ့ပေးခြင်းနှင့် ဂုဏ်ပြုချီးမြှင့်ပေးခြင်းစသည့် ခံစားခွင့်များ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထိုသို့ နိုင်ငံတော်က ဂုဏ်ပြုချီးမြှင့်သည်များကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန် သတင်းများတွင် မကြာခဏ ထည့်သွင်းဖော်ပြပေးသွားကြရမည်ဖြစ်ကြောင်း။

ဖမ်းဆီးရရှိမှုနှင့် စပ်လျဉ်း၍ ပစ္စည်းများဖမ်းဆီးခြင်းနှင့် အခြားကန့်သတ်ပစ္စည်းဖမ်းဆီးရမိခြင်းများရှိကြောင်း၊ ဖမ်းဆီးရမိသည့် ပစ္စည်းများကို အလေအလွင့်အဆုံးအရှုံး အနည်းဆုံးဖြစ်အောင် ထိန်းသိမ်းခြင်း၊ စစ်ဆေးသည့် ဥပဒေအပိုင်းကလည်း မြန်မြန်ဆန်ဆန်စစ်ဆေးပြီး အမြန်ဆုံးထုခွဲရောင်းချခြင်း၊ နိုင်ငံတော်ပိုင် ဘဏ္ဍာငွေအဖြစ် သိမ်းဆည်းခြင်း စသည်တို့ကိုလည်း လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ အမြန်ဆုံးဖြစ်စေရေး ကော်မတီဝင်များနှင့် သက်ဆိုင်သည့် တာဝန်ရှိသူအားလုံးက အလေးထားဆောင်ရွက်ပေးကြရန်ဖြစ်ကြောင်း။

**❍ ဖမ်းဆီးရမိသည့်ပစ္စည်းများကို အလေအလွင့် အဆုံးအရှုံးအနည်းဆုံးဖြစ်အောင် ထိန်းသိမ်းခြင်း၊ စစ်ဆေးသည့် ဥပဒေအပိုင်းကလည်း မြန်မြန်ဆန်ဆန်စစ်ဆေးပြီး အမြန်ဆုံးထုခွဲရောင်းချခြင်း၊ နိုင်ငံတော်ပိုင် ဘဏ္ဍာငွေအဖြစ် သိမ်းဆည်းခြင်း စသည်တို့ကိုလည်း လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ အမြန်ဆုံးဖြစ်စေရေး ကော်မတီဝင်များနှင့် သက်ဆိုင်သည့် တာဝန်ရှိသူအားလုံးက အလေးထားဆောင်ရွက်ပေးကြရန်ဖြစ်**

**❍ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးတွင် နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး/ပြည်နယ် အထူးအဖွဲ့များနှင့် သက်ဆိုင်ရာဌာနများကြား ပိုမိုအားကောင်းသည့် ပူးပေါင်းဆောင်ရွက်မှုများဖြင့် ဆက်လက်ဆောင်ရွက်ပြီး တရားမဝင်ထုတ်လုပ်နေမှုကို ယခုထက်ပို၍ ပိုမိုထိရောက်အောင်မြင်အောင် ဆောင်ရွက်**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးတွင် နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး/ပြည်နယ် အထူးအဖွဲ့များနှင့် သက်ဆိုင်ရာဌာနများကြား ပိုမိုအားကောင်းသည့် ပူးပေါင်းဆောင်ရွက်မှုများဖြင့် ဆက်လက်ဆောင်ရွက်ပြီး တရားမဝင်ထုတ်လုပ်နေမှုကို ယခုထက်ပို၍ ပိုမိုထိရောက်အောင်မြင်အောင် ဆောင်ရွက်ကြရန် ပြောကြားလိုကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင်ပါဝင်သည့် ဝန်ထမ်းများကလည်း တစ်ဦးချင်း လုံခြုံရေးအသိ၊ လုံခြုံရေးသတိနှင့် တာဝန်ထမ်းဆောင်ကြရန်နှင့် မိမိတို့အဖွဲ့အစည်းအဝန်းအဝိုင်းအတွင်း လုံခြုံရေးအသိ၊ လုံခြုံရေးသတိများဖြင့် လုပ်ကိုင်ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလိုကြောင်း၊ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးသည် တစ်ဦးကောင်း၊ တစ်ယောက်ကောင်းဖြင့် ဆောင်ရွက်၍မရသည့်အတွက် ဦးဆောင်ကော်မတီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများ၊ သက်ဆိုင်သည့် ဝန်ကြီးဌာနများမှ ဝန်ထမ်းများ၊ လုံခြုံရေး အဖွဲ့များနှင့် ပြည်သူများအားလုံးက ပေါင်းစပ်ပြီး ဝိုင်းဝန်းထိန်းကျောင်း ဆောင်ရွက်ကြမှသာ ကော်မတီ၏ ရည်ရွယ်ချက်များကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်မည့်အပြင် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုထိခိုက်စေမည့် အချက်များကို တစ်ဖက်တစ်လမ်းမှ တားဆီးကာကွယ် ထိန်းသိမ်းသွားနိုင်မည်ဖြစ်သည့်အတွက် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးလုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်သွားကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီအတွင်းရေးမှူး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်းက ဦးဆောင်ကော်မတီအစည်းအဝေး (၁/၂၀၂၅) အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများနှင့် ဦးဆောင်ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဦးဆောင်ကော်မတီရုံးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ညွှန်ကြားရေးမှူးချုပ် ဦးအောင်သွင်ဦး၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဟန်ဝင်းအောင်၊ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေ၊ ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သူရနှင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာ ရဲမြင့်တို့က တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး(၂/၂၀၂၅)သို့ တင်ပြလာသည့် အမှာစာများကို ဖတ်ကြားတင်ပြကြသည်။

ဆက်လက်၍ ဦးဆောင်ကော်မတီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝင်းရှိန်၊ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးထွန်းအုံ၊ အခွန်အယူခံ ခုံအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဦး၊ နေပြည်တော်ကောင်စီဝင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက တရားမဝင်ကုန်သွယ်မှုဆိုင်ရာ သုံးသပ်တွေ့ရှိချက်များ၊ တရားမဝင်ထိန်းချုပ် ဓာတုပစ္စည်းများ၊ မူးယစ်ဆေးဝါးများ၊ လက်နက်ခဲယမ်းများ၊ သစ်များ၊ ယာဉ်များ၊ စက်သုံးဆီများ၊ စားသောက်ကုန်၊ ဆေးဝါးနှင့် အလှကုန်ပစ္စည်းများ ဖမ်းဆီးရမိမှု၊ အဆိုပါ ဖမ်းဆီးရမိမှုများအပေါ် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိမှု၊ အဆိုပါ ဖမ်းဆီးရမိသည့်ပစ္စည်းများ ပျက်စီးပျောက်ဆုံးမှုနှင့် လေလွင့်ဆုံးရှုံးမှုမရှိစေရေး အမှုတွဲများ အမြန်ဆုံးပြီးပြတ်အောင် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ သတင်းအချက်အလက်များ ကျယ်ကျယ်ပြန့်ပြန့်ရရှိရေးဆိုင်ရာ ကိစ္စရပ်များ၊ ကာကွယ်တားဆီးရေးဆိုင်ရာကိစ္စရပ်များ၊ ပို့ကုန်၊ သွင်းကုန် နှိုင်းယှဉ်ချက်များနှင့် ကုန်သွယ်ရေးစခန်းများ၌ ကုန်စည်စီးဆင်းနေမှုနှင့် အိမ်နီးချင်းနိုင်ငံများနှင့် ကုန်သွယ်မှုဆိုင်ရာ အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ထို့နောက် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ရှင်းလင်းဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

သတင်းစဉ်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ပဲခူးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့အတွင်းရှိ ဆက်သွယ်ရေးလုပ်ငန်းများနှင့် မြန်မာ့သင်္ဘောကျင်းလုပ်ငန်းများ ကြည့်ရှုစစ်ဆေး





ရန်ကုန် မေ ၂၆

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးသည် ဒုတိယဝန်ကြီး ဦးလူမွန်နှင့်အတူ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နှင့် ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြို့အတွင်းရှိ ဆက်သွယ်ရေး အခြေခံအဆောက်အအုံများနှင့် ဆက်သွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများ၊ မြန်မာ့သင်္ဘောကျင်း၏ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

မေ ၂၄ ရက် နံနက်ပိုင်းက ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ပဲခူးမြို့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း တိုင်းဒေသကြီးမန်နေဂျာရုံးသို့ ရောက်ရှိရာ တာဝန်ရှိသူများက ပဲခူးတိုင်းဒေသကြီးအတွင်း ဆက်သွယ်ရေးလုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက ရုံးနယ်မြေအတွင်းရှိ ဟံသာဝတီနန်းမြို့ရိုးဟောင်းနှင့် မလွတ်ကင်းသည့် ဌာနပိုင် အဆောက်အအုံနှင့် မြေနေရာတို့ကို ကြည့်ရှုစစ်ဆေးကာလိုအပ်သည်များမှာကြားသည်။

ထိုမှတစ်ဆင့် ပဲခူးအော်တိုအိတ်ချိန်းရုံးသို့ ရောက်ရှိပြီး အော်တိုအိတ်ချိန်း၊ မိုဘိုင်းစခန်းနှင့် မိုက္ကရိုဝေ့ဗ်စခန်းများရှိ ဆက်သွယ်ရေးစက်ပစ္စည်းများ တပ်ဆင်ထားရှိမှု အခြေအနေနှင့် အဆိုပါစခန်းများရှိ စက်ပစ္စည်းများ ရေလွှမ်းမိုးမှု၊ သဘာဝဘေးအန္တရာယ်မှ ကြိုတင်ကာကွယ်နိုင်ရေး ဆောင်ရွက်နေသည့် အစီအမံများကို ကြည့်ရှုစစ်ဆေးပြီး ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများ အစဉ်အမြဲကောင်းမွန်နေစေရေး၊ ဆက်သွယ်ရေးဆက်ကြောင်းများ ပြတ်တောက်မှုမရှိစေရေးနှင့် အရန်ဆက်ကြောင်းများ အရန်သင့်ဖြစ်နေစေရေး စသည့် အထူးအလေးထားဆောင်ရွက်ရန် ကိစ္စများကို မှာကြားသည်။

ယင်းနောက် ရန်ကုန်မြို့ ကမ်းနားလမ်းရှိ မြန်မာအမျိုးသားလေကြောင်းရုံးချုပ်သို့ ရောက်ရှိပြီး Board of Directors အဖွဲ့နှင့် တွေ့ဆုံ၍ လေကြောင်းလိုင်း ဘေးအန္တရာယ် ကင်းရှင်းရေး၊ ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းရှိရေး၊ ဝန်ဆောင်မှု ကောင်းမွန်ရေး၊ ခြိုးခြံချွေတာရေးကို အလေးထားရန်၊ ထို့ပြင် မြန်မာအမျိုးသားလေကြောင်းလိုင်းအနေဖြင့် နိုင်ငံပိုင် အလံတင်လေကြောင်းလိုင်း (Flag Carrier Airline) ဖြစ်သဖြင့် ရေရှည်အောင်မြင်စွာ ရပ်တည်နိုင်စေရေး ကြိုးပမ်းဆောင်ရွက်သွားရန် မှာကြားသည်။

ယမန်နေ့ နံနက်ပိုင်းတွင် ပြည်ထောင်စု ဝန်ကြီးသည် ရန်ကုန်မြို့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း နည်းပညာဌာနကြီး ဟံသာဝတီရုံး၌ KDDI Sumitomo Corporation အဖွဲ့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးသည်။ ထို့နောက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအောက်ရှိ တာဝန်ရှိသူများနှင့် ဆက်လက်တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတကာမှ အသုံးပြုနေကြသည့် ခေတ်မီ နည်းပညာများကို လေ့လာ၍ ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်းများကို ပိုမိုတိုးတက်အောင် ဆောင်ရွက်ရန်၊ ယှဉ်ပြိုင် ဆောင်ရွက်နေရသည့် တယ်လီကွန်း ဈေးကွက်အတွင်း သုံးစွဲသူများ၏ လိုအပ်ချက်နှင့်အညီ ဈေးကွက်ပိုမိုရရှိစေရေး ထိုးဖောက်ဆောင်ရွက်သွားရန်၊ ဝင်ငွေ တိုးတက်ရရှိနိုင်မည့် နည်းလမ်းများကို ရှာဖွေကြံဆ ဆောင်ရွက်၍ အသုံးစရိတ်များ လျှော့ချသွားရန်၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကို သုံးစွဲခြင်းနည်းလမ်းဖြင့် စွမ်းအင်သုံးစွဲမှုကို နေရာဒေသအလိုက် ကုန်ကျစရိတ် သက်သာသည့်နည်းလမ်းများ ရှာဖွေ၍ ဆောင်ရွက်သွားရန် မှာကြားသည်။

မွန်းလွဲပိုင်းတွင် မြန်မာ့သင်္ဘောကျင်းလုပ်ငန်းသို့ ရောက်ရှိရာ ဦးဆောင် ညွှန်ကြားရေးမှူးက မြန်မာ့သင်္ဘောကျင်း လုပ်ငန်းက ရေယာဉ်များ တည်ဆောက်ခြင်း၊ ရေယာဉ်များပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများ၊ ကမ်းရိုးတန်းသွား ကုန်သွယ်ရေယာဉ် တည်ဆောက်ခြင်းနှင့် ဘဏ္ဍာရေးဆိုင်ရာ ကိစ္စများနှင့် စပ်လျဉ်း၍တင်ပြရာ ပြည်ထောင်စုဝန်ကြီးက ဆောလျင်စွာလုပ်ငန်းစတင်နိုင်ရေးနှင့် ဝန်ကြီးဌာနရှိ ဆက်စပ်ဌာန အဖွဲ့အစည်းများကလည်း မြန်မာ့သင်္ဘောကျင်း၏ လိုအပ်ချက်များအပေါ် ကူညီပံ့ပိုးပေးရန် မှာကြားသည်။

ထို့နောက် တန်ချိန် ၁၂၀၀၀ ရေလုံလွှန်းကျင်း၌ ရေယာဉ်နှစ်စင်း လွှန်းတင်ထားရှိမှု၊ လွှန်းကျင်းအနီးရှိ ရေယာဉ်တည်ဆောက်နိုင်သည့် အမာခံလွင်ပြင်တွင် မြေပြုပြင်မှု အခြေအနေများနှင့် လွှန်းတင်လွှန်းချ အလုပ်ရုံမှ ရေယာဉ်ပြုပြင်ခြင်း လုပ်ငန်းခွင်များကို ကြည့်ရှုစစ်ဆေးပြီး ဘဏ္ဍာငွေ တိုးတက်ရှာဖွေရေး အလေးထား ဆောင်ရွက်ရန်နှင့် သတ်မှတ်စံချိန် စံညွှန်းများနှင့်အညီ ပြီးစီးအောင် ဆောင်ရွက်နိုင်ရေးတို့ကို မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# စစ်ကိုင်းမြို့ပေါ်ရှိ အခြေခံပညာကျောင်းများအတွက် အာဆီယံ The AHA Centre မှ ထောက်ပံ့လှူဒါန်းသည့် ကွန်တိန်နာကျောင်းဆောင်များ လွှဲပြောင်းပေးအပ်



မုံရွာ မေ ၂၆

မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စစ်ကိုင်းမြို့ပေါ်ရှိ အခြေခံပညာကျောင်းများအတွက် အာဆီယံ The AHA Centre မှ ထောက်ပံ့လှူဒါန်းသည့် ကွန်တိန်နာကျောင်းဆောင် (Prefabricated Schools)များ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းမြို့ ရွာထောင်ရပ်ကွက်ရှိ ဒီဇယ်စက်ခေါင်းပြင်စက်ရုံ အခြေခံပညာအလယ်တန်းကျောင်းတွင် ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ အာဆီယံ The AHA Centre ၏ အမှုဆောင်ညွှန်ကြားရေးမှူး Mr. Lee Yam Ming နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်က ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စာသင်ကျောင်းများ အချိန်မီဖွင့်လှစ်နိုင်ရေး၊ မိုးမကျမီအမိုးအကာအောက် ရောက်ရှိနိုင်ရေး၊ ပျက်စီးမှုများ ပြန်လည်ရှင်းလင်းရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်လျက်ရှိပြီး စစ်ကိုင်းမြို့ပေါ် ရှိ ငလျင်ဘေးသင့်ကျောင်းများအနက် အထကခွဲ (ရန်နိုင်)၊ အထကခွဲ(ရွာထောင်)၊ အလကခွဲ ဒီဇယ်စက်ခေါင်းပြင်စက်ရုံ၊ အလကခွဲ(ပါရမီ)နှင့် အလကခွဲ(ဇေယျာ) စသည့် စာသင်ကျောင်းငါးကျောင်းအတွက် အာဆီယံ The AHA Centre မှ ယာယီကျောင်းဆောင်များကို ကိုယ်တိုင်လာရောက်လှူဒါန်းပေးမှုအပေါ် နိုင်ငံတော်ကိုယ်စား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ယင်းနောက် အာဆီယံ The AHA Centre ၏ အမှုဆောင်ညွှန်ကြားရေးမှူး Mr.Lee Yam Ming က ကွန်တိန်နာကျောင်းဆောင် (Prefabricated Schools)များ ထောက်ပံ့ပေးအပ်ရခြင်းကို ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများထံ ကွန်တိန်နာကျောင်းဆောင် (Prefabricated Schools)များ လွှဲပြောင်းပေးအပ်ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့က ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ တိုင်းဒေသကြီးပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသက်လေးဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ အဆိုပါ အာဆီယံ The AHA Centre မှ ထောက်ပံ့လှူဒါန်းသည့် အလျားပေ ၁၂၀၊ အနံ ပေ ၃၀ နှစ်ဆောင်၊ အလျားပေ ၉၀၊ အနံပေ ၃၀ တစ်ဆောင်နှင့် အလျားပေ ၆၀၊ အနံ ပေ ၃၀ နှစ်ဆောင် ကွန်တိန်နာကျောင်းဆောင် ငါးဆောင်ကို ထောက်ပံ့လှူဒါန်းခြင်းဖြစ်သည်။

မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပိုင်နှင့် တာဝန်ရှိသူများသည် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုကြမည့် စစ်ကိုင်းမြို့ပေါ်ရှိ ကျောင်းသား ကျောင်းသူများအား စစ်ကိုင်းပညာရေးတက္ကသိုလ်အတွင်းရှိ သတ်မှတ်စာသင်ဆောင်များတွင် စခန်းသွင်း သင်ကြားပေးနေမှုများကို လိုက်လံကြည့်ရှုသည်။

ထို့နောက် စစ်ကိုင်းမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိရာ ငလျင်ဘေးဒဏ်ကြောင့် နေအိမ်များထိခိုက်ပျက်စီးခဲ့သည့် စစ်ကိုင်းမြို့ပေါ်ရှိ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများအား ယာယီနေအိမ်အဆောက်အအုံများ တည်ဆောက်ပေးထားမှုကို သွားရောက်ကြည့်ရှုပြီး အဆိုပါကျောင်းဝင်းအတွင်း ယာယီကျောင်းဆောင် အဆောက်အအုံများ တည်ဆောက်နေမှုများကို လိုက်လံကြည့်ရှုကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးသည်။

ယင်းနောက် ငလျင်ဘေးဒဏ်ကြောင့် အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့သည့် စစ်ကိုင်းမြို့ မြို့ပြနှင့် အိမ်ရာဦးစီးဌာန ဝန်ထမ်းအိမ်ရာအတွင်းနေထိုင်ကြသည့် ဌာနဆိုင်ရာအသီးသီးမှ ဝန်ထမ်းများ ယာယီနေထိုင်နိုင်ရန်အတွက် ကွန်တိန်နာလူနေအိမ် အဆောက်အအုံများ တည်ဆောက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ငလျင်ဘေးဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် စစ်ကိုင်းမြို့ ရွှေဟသ်ာတိုက်သစ် ဘုန်းတော်ကြီးကျောင်းတိုက်အတွင်းရှိ သာသနိကအဆောက်အအုံများကို တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့များက ရှင်းလင်းပေးနေမှု၊ အဆိုပါ ဘုန်းတော်ကြီးကျောင်းတိုက်ဘေးလမ်း မြေသားမြှင့်တင်နေမှုနှင့် လမ်းချဲ့နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(စစ်ကိုင်း) A.G.T.I ဒီပလိုမာသင်တန်း အမှတ်စဉ်(၁၈) သင်တန်းဆင်းပွဲနှင့် အလုပ်ခန့်အပ်လွှာပေးအပ်ပွဲ အခမ်းအနားတက်ရောက်

နေပြည်တော် မေ ၂၆

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် အုန်းတောကျေးရွာရှိ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (စစ်ကိုင်း) A.G.T.I ဒီပလိုမာသင်တန်း အမှတ်စဉ်(၁၈) သင်တန်းဆင်းပွဲနှင့် အလုပ်ခန့်အပ်လွှာပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါ ဒီဂရီကောလိပ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးများ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ၊ နယ်စပ်ရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ အလုပ်တာဝန်ခန့်အပ်မည့် ဝန်ကြီးဌာန ခြောက်ခုမှ ကိုယ်စားလှယ်များ၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(စစ်ကိုင်း) ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီး၊ ညွှန်ကြားရေးမှူးများ၊ ပါမောက္ခ/ဌာနမှူးများ၊ ဆရာ ဆရာမများ၊ သင်တန်းဆင်း ကျောင်းသား ကျောင်းသူများနှင့် ၎င်းတို့၏ မိသားစုဝင်များ တက်ရောက်ခဲ့ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(စစ်ကိုင်း)ကို စတင်ဖွင့်လှစ်သည့်အချိန်မှ ယနေ့အထိ ဝိဇ္ဇာဘွဲ့ ၅၆၀၊ သိပ္ပံဘွဲ့ ၉၈၁ ဦး၊ B.Tech ဘွဲ့ ၁၃၉ ဦး၊ အင်ဂျင်နီယာ ဒီပလိုမာ ၈၅၈ ဦး စုစုပေါင်း ၂၅၃၈ ဦးတို့ကို ပြုစုပျိုးထောင် မွေးထုတ်ပေးနိုင်ခဲ့ပြီး ၎င်းတို့အနက် သက်ဆိုင်ရာဝန်ကြီးဌာနများမှ အားပေးထောက်ပံ့



လေ့ကျင့်သင်ကြားပေးမှု၊ ကျောင်းသား ကျောင်းသူများ၏ စဉ်ဆက်မပြတ် ကြိုးစားအားထုတ်လေ့လာမှုများကြောင့် ယခုအခါ မဟာဝိဇ္ဇာဘွဲ့ ၁၁၁ ဦး၊ မဟာသိပ္ပံဘွဲ့ ၂၁၆ ဦး၊ Ph.D ဘွဲ့ ၃၂ ဦး၊ B.E ဘွဲ့ ၆၂၅ ဦး၊ M.E ဘွဲ့ ၃၄ ဦး၊ B.Tech ဘွဲ့ ၂၀၇ ဦး ရရှိပြီး ဆက်လက်လေ့လာသင်ယူဆဲ ကျောင်းသား ကျောင်းသူများလည်းရှိနေကြောင်း။

သင်တန်းဆင်း မောင်တို့ မယ်တို့အနေဖြင့် နိုင်ငံ့ဝန်ထမ်းများအဖြစ် နယ်စပ်ဒေသအသီးသီးတွင် တာဝန်ထမ်းဆောင်ကြရာ၌ မူလလုပ်ငန်းတာဝန်များအပြင် ဒေသခံတိုင်းရင်းသားများ၏ စာပေ၊ ရိုးရာ၊ ဓလေ့ထုံးစံ အမွေအနှစ်များကို လေးစားလိုက်နာကာ အစဉ်မြတ်နိုးစွာဖြင့် ဝိုင်းဝန်းထိန်းသိမ်း ကာကွယ်စောင့်ရှောက်သွားကြရန်၊ နိုင်ငံတော်နှင့် ပြည်သူတို့၏ အားကိုးအားထားပြုရမည့် နိုင်ငံ့ဝန်ထမ်းကောင်းများ ဖြစ်စေရေး အမြန်လုံးသွင်း ကြိုးစားကျင့်ကြံ ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက အင်ဂျင်နီယာဘာသာရပ် ထူးချွန်ဆုရရှိသူ ကျောင်းသား ကျောင်းသူများအား ထူးချွန်ဆုပေးအပ်ချီးမြှင့်ပြီး ဝန်ကြီးဌာန ခြောက်ခုမှ ကိုယ်စားလှယ်များက သင်တန်းဆင်း ကျောင်းသား ကျောင်းသူ ၉၃ ဦးတို့ကို အလုပ်ခန့်အပ်လွှာများ ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဧည့်သည်တော်များ၊ ဆရာ ဆရာမများ၊ သင်တန်းဆင်း ကျောင်းသား ကျောင်းသူများနှင့် ၎င်းတို့၏ မိသားစုဝင်များကို ခင်မင်ရင်းနှီးစွာ နှုတ်ဆက်ကြပြီး ထူးချွန်ဆုရ ကျောင်းသားနှင့် ၎င်းတို့၏မိဘများအား တွေ့ဆုံ ဂုဏ်ပြုအားပေးစကားပြောကြားကာ သင်တန်းဆင်း ကျောင်းသား ကျောင်းသူများနှင့်အတူ စုပေါင်း မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဒီဂရီကောလိပ် အစည်းအဝေးခန်းမ၌ ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီး၊ ပါမောက္ခ/ဌာနမှူးများနှင့် တွေ့ဆုံ၍ ကျောင်းအုပ်ကြီးက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ခွင့်ပြုငွေဖြင့် ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်းဆိုင်ရာများ တင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဒီဂရီကောလိပ်အတွင်းရှိ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုပြခန်း၊ ကျောင်းသား ကျောင်းသူ အိပ်ဆောင်များ၊ စားရိပ်သာများ၊ လေးထပ်အင်ဂျင်နီယာအလုပ်ရုံတွင် ကျောင်းသား ကျောင်းသူများ၏ လက်တွေ့ဆောင်ရွက်နေမှုများ၊ ငါးခူမွေးမြူရေး ဆောင်ရွက်ထားရှိမှုအခြေအနေနှင့် အားကစားကွင်း အဆင့်မြှင့်တင်ခြင်း ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်တို့သည် သင်တန်းဆင်း ကျောင်းသား ကျောင်းသူများအား ဘွဲ့နှင်းသဘင်ခန်းမ၌ ဂုဏ်ပြုညစာ စားပွဲဖြင့် တည်ခင်းဧည့်ခံပြီး ကျောင်းသား ကျောင်းသူများ၏ ဖျော်ဖြေရေး အစီအစဉ်များကို ကြည့်ရှုအားပေး၍ ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုဆုငွေများ ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# အိန္ဒိယနိုင်ငံက လှူဒါန်းသည့် ဘိလပ်မြေ တန်ချိန် ၂၂၅ တန်(၅၀ ကီလိုရှိ အိတ် ၄၅၀၀)အား လွှဲပြောင်းလက်ခံ

ရန်ကုန် မေ ၂၆

မြန်မာနိုင်ငံတွင် ဖြစ်ပွားခဲ့သည့် မန္တလေး မြေငလျင်ကြီးကြောင့် ပြန်လည်ထူထောင်ရေးကိစ္စများအတွက် အိန္ဒိယနိုင်ငံက လှူဒါန်းသည့် ဘိလပ်မြေ တန်ချိန် ၂၂၅ တန်(၅၀ ကီလိုရှိ အိတ် ၄၅၀၀) ကို မြန်မာ့တပ်မတော်(ရေ)မှ တင်ဆောင်လာသည့် UMS Myik Kyi Nar သင်္ဘောသည် မေ ၂၃ ရက် နံနက် ၁၀ နာရီက သီလဝါ (MITT)ဆိပ်ကမ်းသို့ ရောက်ရှိခဲ့သည်။

ထိုသို့ ရောက်ရှိလာသည့် ဘိလပ်မြေ တန်ချိန် ၂၂၅ တန် (၅၀ ကီလိုရှိ အိတ် ၄၅၀၀)အား ယနေ့ညနေပိုင်းက လွှဲပြောင်းလက်ခံခြင်း အခမ်းအနားကို သီလဝါဆိပ်ကမ်း၌ ကျင်းပရာ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယ သံအမတ်ကြီး H.E. Mr. Abhay Thakur က ဘိလပ်မြေအိတ်များ လှူဒါန်းပေးအပ်ရခြင်းနှင့် ပတ်သက်၍ရှင်းလင်းပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီး




ဝန်ကြီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ တာဝန်ရှိသူများ၊ သန်လျင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျောက်တန်းမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယ သံအမတ်ကြီး H.E. Mr. Abhay Thakur ထံမှ လွှဲပြောင်းလက်ခံခဲ့သည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ကုန်တင်ကားများပေါ်တင်ဆောင်၍ ငလျင်ဘေးသင့်ဒေသများသို့ ပို့ဆောင်ခဲ့ကြောင်း သိရသည်။ **ဇွဲထက်ကို(ပြန်/ဆက်)**

# အားနည်းချက်နဲ့ အခွင့်အလမ်းရှာ ခံယူအသုံးချလို့ အနာဂတ်တွေလှဖို့ရာ

ဒေါက်တာမြတ်မိုး

**အားနည်းချက်ကနေ အားသာချက်၊ စိန်ခေါ်မှုမှသည် အခွင့်အလမ်း၊ ဘယ်လိုခွဲခြမ်းစိတ်ဖြာပြီး ဘယ်လိုခံယူချက်ထားသင့်ပါသလဲ။ နိုင်ငံ့ဝန်ထမ်းလည်းဖြစ်တယ်။ လူငယ်တစ်ဦးအနေနဲ့ မိမိကိုယ်မိမိ ခံယူတတ်ပုံလေးတစ်ခု သဘောကျလို့ အတုယူစေချင်လို့ ဒီဆောင်းပါးလေးကို ရေးဖြစ်လိုက်ပါတယ်။**

**ယာယီမရသေးတဲ့ အရာတစ်ခုအတွက် အကုသိုလ်သောကမဖြစ်အောင် ထိန်းချုပ်နိုင်မှုက သူများအပေါ် မနာလိုမုန်းထားဖြစ်မှာကိုလည်း ပပျောက်စေပါတယ်။ ကံရဲ့အကြောင်းတရားကို နှလုံးသွင်းလိုက်နိုင်ရင် အောင်မြင်သူတွေအပေါ်မှာ မုဒိတာပွားနိုင်သွားပါတယ်။ ထိုအခါ အရှုံးထဲကအမြတ်က စိတ်ကကြည်လင်သွားပြီး မိမိအားနည်းချက်၊ အားသာချက်တွေကိုပါ ထင်ထင်ရှားရှားမြင်ရတဲ့အထိ အကျိုးရှိသွားခြင်းပါပဲ။ အားနည်းချက်နဲ့ အခွင့်အလမ်းကောင်းကို ကိုယ်ကိုယ်တိုင်ရှာဖွေနိုင်ခြင်းက အားသာချက်ကို ဖန်တီးရာရောက်ပြီး တွေ့ကြုံရမယ့် စိန်ခေါ်မှုတွေကိုလည်း ရင်ဆိုင်ကျော်လွှားနိုင်**

အပြိုင်အဆိုင်ခေတ်ကြီးမှာ ပြိုင်ဆိုင်သူအချင်းချင်းကြား ဘယ်လိုနှလုံးသွင်းရမလဲ၊ ရလာတဲ့ရလဒ်အပေါ်မှာ ဘယ်လိုအကောင်းမြင်သင့်သလဲ စတာတွေဟာ တကယ့်ကို အတုယူသင့်၊ ဆင်ခြင်သင့်တဲ့အရာတွေဖြစ်နေလို့ပါပဲ။ ပြိုင်ရင် နိုင်ချင်ကြတာ သဘာဝ။ နိုင်ချင်ပေမယ့် ရှုံးရင် လက်မခံချင်တာလည်း သဘာဝတရားတစ်ခု။ အောင်မြင်သူအပေါ် မနာလိုဝန်တိုမှုဖြစ်တတ်တာလည်း ပုထုဇဉ်တွေရဲ့ သဘောသဘာဝ။ ကိုယ့်လိုလားချက်မဖြစ်ခဲ့ရင် အပြစ်ရှာတတ်ခြင်းကလည်း တွေ့နေကျအစဉ်အလာတစ်ခုဆိုတော့ ကိုယ်ဖြစ်ချင်သလို ဖြစ်မလာသေးတဲ့ ပြိုင်ဆိုင်မှုတစ်ခုကနေ အချို့သူတွေက ဘဝကြီးတစ်ခုလို တင်စားပေမယ့် မေ့မထားသင့်ဘဲ ပိုအရေးကြီးတဲ့အချက်က မိမိအနာဂတ်ဘဝလမ်းကြောင်း သာယာဖြောင့်ဖြူးရေးမှာ အခွင့်အလမ်းကောင်းများစွာရှိနေသေးတယ်၊ အားနည်းချက်ကနေ အားသာချက်တွေ များစွာဖန်တီးနိုင်တယ်ဆိုတာပါပဲ။ အဓိကအကျဆုံးက လတ်တလောအခြေအနေတွေကနေ မိမိအားနည်းချက်နဲ့ အခွင့်အလမ်း ရှာဖွေတတ်ဖို့နဲ့ တရားသဘောပါတဲ့ နှလုံးသွင်းပုံကနေ ခံယူနေတတ်ဖို့ဖြစ်ပါတယ်။

### တရားနှင့်ယှဉ်၍ နှလုံးသွင်းပုံ

လေးနှစ်၊ ငါးနှစ် တစ်ခါ ပေါ်လာတတ်တဲ့ ရာထူးတိုးမြှင့်ရေးစာမေးပွဲတွေဟာ နိုင်ငံ့ဝန်ထမ်းတွေရဲ့ ဘဝအတွက် မလွတ်တမ်းဖမ်းဆုပ်ရမယ့် အခွင့်အလမ်းတွေဖြစ်ပါတယ်။ ဒီလိုစာမေးပွဲတွေမှာ ဖြေဆိုအောင်မြင်နိုင်ဖို့၊ အောင်မြင်ရုံနဲ့မပြီး ဝန်ထမ်းသက်၊ ရာထူးသက်၊ အကဲဖြတ်ဆန်းစစ်မှု၊ လူတွေ့နှုတ်ဖြေရမှတ်တွေအပေါ်မူတည်ပြီး မိမိရာထူးတိုးပါဖို့ နေ့မအား၊ ညမအား အသည်းအသန်ကြိုးစားလေ့ကျင့်ကြရပါတယ်။

ဒါပေမဲ့ ခုနက ဖော်ပြပါဝန်ထမ်းဟာ ပြင်းပြင်းထန်ထန် ကြိုးစားလေ့ကျင့်ခဲ့ပေမယ့် သူဖြစ်ချင်သလိုမဖြစ်ခဲ့ဘူး။ ဆိုပါတော့.. သူလိုချင်တာမရခဲ့ဘူး။ ရာထူးနေရာက နည်းနည်း၊ အလွန့်အလွန် တော်လွန်း ထက်လွန်းသူတွေကြားမှာ သူ့အတွက် အခွင့်အလမ်းထက် မျှော်လင့်မထားတဲ့ စိန်ခေါ်မှုတွေက ထိုဝန်ထမ်းအပေါ်မှာ အနိုင်ယူသွားခဲ့တယ်လို့ယူဆရမယ်။ ထိုဝန်ထမ်းရဲ့ အထက်ကနေ အမြဲကြီးကြပ် ကြပ်မတ်ပြီး တရားနဲ့ယှဉ် သွန်သင်ဆုံးမနေသူဖြစ်တဲ့အလျောက် သူ့ရဲ့ရလဒ်အပေါ်မှာ သူကိုယ်တိုင် ခံယူပုံခံယူနည်းတွေက ဆရာတစ်ယောက်အတွက်တော့ အားရပီတိဖြစ်ခဲ့ရပါတယ်။

သူကိုယ်တိုင်ကလည်း ဝန်ထမ်းဖြစ်ပေမယ့် အချိန်တိုင်းမှာ ဗုဒ္ဓရဲ့ဓမ္မတရားတွေနဲ့သာ နာယူလုပ်ကိုင်သူဖြစ်ပါတယ်။ ပြောချင်တာက တရားနဲ့ယှဉ်ပြီး သိမြင်ခံယူမှုဟာ လက်တွေ့နယ်ပယ်လောကခံကိုရင်ဆိုင်ရာမှာ ဘယ်လောက်အထိ ငြိမ်းချမ်းပြီး အကောင်းမြင်စိတ်ထားနိုင်တယ်ဆိုတာ လက်တွေ့ပြနေခြင်းကို ဆိုလိုခြင်းဖြစ်ပါတယ်။

### အားနည်းချက်၊ အားသာချက်ကနေ ခံယူတတ်ပုံ

အောင်မြင်ပေမယ့် မရခဲ့သူအတွက် ကွပ်ကဲသူဆရာတစ်ယောက်အနေနဲ့ မိမိမှာ တာဝန်ရှိတယ်လို့ ခံယူ၊ အားနာပြီး မပျော်နိုင်ဖြစ်ခဲ့ပေမယ့် ထိုဝန်ထမ်းရဲ့ ခံယူချက်ကပဲ ကျွန်တော်တို့အားလုံးအတွက် သင်ခန်းစာယူ အတုယူစရာ အားဆေးတစ်ခွက်ဖြစ်စေခဲ့ပါတယ်။ သူ့ရဲ့ရလဒ်အပေါ်မှာ သူ့အနေနဲ့ အကောင်းဆုံး လက်ခံနိုင်ခဲ့တာတွေ့ရတယ်။ ရလဒ်အားလုံးအပေါ်မှာ စိတ်ကို စင်စင်ကြယ်ကြယ်ထားပြီး ဂုဏ်ယူသင့်တဲ့အရာတွေအတွက် ဂုဏ်ယူတယ်လို့ဆိုပါတယ်။

တိုတောင်းတဲ့ အချိန်ကာလအတွင်းမှာ အလွန်များပြားတဲ့ အင်္ဂလိပ်စာအပါအဝင် ဘာသာရပ်အစုံ၊ စာပေဗဟုသုတမျိုးစုံကို တစ်ချိန်တည်း တစ်ပြိုင်တည်း လေ့လာကျက်မှတ်လိုက်ရတဲ့အခါမှာ ဟိုယခင်လတွေ၊ နှစ်တွေကတည်းက အချိန်ယူပြီး လေ့လာကျက်မှတ်နိုင်မှုမရှိခဲ့ခြင်း၊ ကျက်မှတ်ဖို့ အချိန်မလုံလောက်ခြင်း စတဲ့ အခွင့်အလမ်းကောင်းတွေမရှိခဲ့ခြင်းတွေက သူ့အတွက် အားနည်းချက်ဖြစ်ခဲ့ရကြောင်း၊ ဒါပေမဲ့ စာမေးပွဲကြီးနီးတဲ့အချိန် ဒီလို ကျက်မှတ်လိုက်ရမှ မိမိရဲ့အားနည်းချက်တွေ၊ လိုအပ်ချက်တွေကို သိရှိလာရကြောင်း၊ ငါတို့မှာ ကျက်မှတ်လေ့လာရမှာတွေက အများကြီးရှိနေပါလား၊ အချိန်ယူလေ့လာဖို့ လိုနေပါသေးလား၊ ငါတို့ မသိတာ၊ မတတ်တာတွေလည်း များစွာရှိနေသေးပါလားဆိုတာ ဆင်ခြင်မိကြောင်း၊ ဒါကြောင့် ကိုယ်တိုင် အားနည်းနေတဲ့အပိုင်းတွေကို ဆက်လက်လေ့လာသွားရမှာဖြစ်ကြောင်း၊ အထူးသဖြင့် အင်္ဂလိပ်စာဘာသာရပ်ကို အချိန်ပေး လေ့လာကျက်မှတ်ဖို့လိုနေကြောင်း စတဲ့ မိမိရဲ့အားနည်းချက်ကို ဓမ္မဓိဋ္ဌာန်ကျကျ ဖော်ထုတ်နိုင်ခဲ့တာတွေ့ရတယ်။ တစ်နည်းအားဖြင့် အရှုံးထဲက အမြတ်ထုတ်ပုံ၊ မိမိအားသာချက်ကို သာသာထိုးထိုးတွေးပြီး နစ်မျောမနေ၊ အားနည်းချက်ကို မရမက ရှာဖွေဖော်ထုတ်၊ ကိုယ့်ကိုယ်ကိုယ်သာ အပြစ်ရှာ၊ မှန်မှန်ကန်ကန် ခံယူနိုင်ပုံလေးကို မြင်နိုင်ဖို့ဖြစ်ပါတယ်။

ဒီနေရာမှာ ရည်မှန်းချက်တစ်ခုထားရင် မိမိရဲ့ အားသာချက် (Strength) နဲ့ အားနည်းချက် (Weakness)ကို ဖော်ထုတ်နိုင်ဖို့ အရေးကြီးပုံကို တင်ပြလိုပါတယ်။ တစ်ဆက်တည်း စိန်ခေါ်မှု (Challenges/Threats) ကနေ အခွင့်အလမ်း (Opportunities) ကို ဘယ်လိုရှာမလဲ ဖော်ပြလိုပါတယ်။ အတိုကောက်အနေနဲ့တော့ SWOT ပါ၊ အထူးသဖြင့် လူငယ်တွေအနေနဲ့ ဘဝမှာအောင်မြင်ချင်ရင်၊ မျှော်လင့်ခြင်းပန်းတိုင်ရှိနေရင် မိမိမှာ W (အားနည်းချက်) ဘာရှိလဲ၊ S (အားသာချက်)က ဘာတွေလဲ၊ S နဲ့ W က မိမိအတွင်းအစ္ဈတ္တက လာပါတယ်။ မိမိရဲ့ကြိုးစားအားထုတ်မှုအပေါ်မှာ မူတည်တဲ့အတွက် မိမိကိုယ်တိုင် အားထည့်မှုရတယ်။

ဥပမာ– လူတိုင်း၊ ဝန်ထမ်းတိုင်း တတ်မြောက်ထားရမယ့်ပညာရပ် ဘာသာရပ် ကျွမ်းကျင်မှုတွေ၊ အင်္ဂလိပ်စာ၊ ကွန်ပျူတာ၊ အိုင်တီနည်းပညာ၊ အုပ်ချုပ်မှုဆိုင်ရာ၊ ဥပဒေ၊ နည်းဥပဒေ၊ ခေါင်းဆောင်မှုဆိုင်ရာ၊ ဆက်သွယ်ဆက်ဆံမှုဆိုင်ရာ၊ ဒါ့အပြင် အထွေထွေဗဟုသုတ၊ မြန်မာစာ စတာစတာတွေဖြစ်ပါတယ်။ ကြိုးစားနိုင်ရင် အားသာချက်တွေများလာမယ်။ မကြိုးစား၊ မပြုပြင်နိုင်ရင် အားနည်းချက်တွေ ဆက်ရှိမယ်။ ဆိုလိုတာက လူတိုင်းဟာ အားသာချက်တွေကို တိုးမြှင့်တည်ဆောက်ပြီး အားနည်းချက်တွေကို လျှော့ချနေရမှာ ဖြစ်ပါတယ်။ ဘယ်လိုအားထုတ်ရပါမလဲ၊ အချို့သောကျွမ်းကျင်မှု ဗဟုသုတအရာတွေကို လ၊ နှစ် အချိန်ယူပြီး အားထုတ်လေ့ကျင့်ထားမှ ရပါတယ်။ နေ့စဉ် အချိန်အနည်းငယ်ပေးကာ ကြိုတင်ပြင်ဆင်ထားရမှာဖြစ်ပြီး နီးမှ ကပ်လုပ်လို့မရတာတွေရှိတယ်ဆိုတာ သိထားဖို့ပါပဲ။

### ခွဲခြမ်းစိတ်ဖြာသုံးသပ်နေရန်

အားနည်းချက်၊ အားသာချက်က မိမိကိုယ်တိုင်ကြိုးစားမှုရဲ့ အသီးအပွင့်ဖြစ်ပေမယ့် အခွင့်အလမ်း (O) နဲ့ စိန်ခေါ်မှု (T) တို့ကတော့ မမျှော်လင့်ထား၊ မျှော်လင့်လို့မရ ပြင်ပကလာပြီး အစိုးလည်းမရတတ်တဲ့ အကြောင်းတရားတွေဖြစ်ပါတယ်။ ဥပမာ သဘာဝဘေး၊ ရောဂါကပ်၊ မိမိကို အားပေးကူညီထောက်ပံ့မှု၊ လေ့လာသင်ကြားခွင့်၊ အလုပ်တာဝန်ပမာဏ၊ စာမေးပွဲမှာဆိုရင် မိမိထင်မထား ကျက်မထားမိတဲ့ မေးခွန်းအမျိုးအစား၊ ကျန်းမာရေး၊ လူမှုရေး၊ နောက်ထပ်မျှော်လင့်မထားတဲ့ မိမိကြောင့်မဟုတ်ဘဲ သူများပယောဂကြောင့်ဖြစ်ရတဲ့ ဘာမဆိုဖြစ်သွားနိုင်တဲ့အခြေအနေတွေ စတာတွေပဲဖြစ်ပါတယ်။

အနှစ်ချုပ်ရင်တော့ အားနည်းချက်၊ အားသာချက်၊ အခွင့်အလမ်းနဲ့ စိန်ခေါ်မှုတွေကို ခွဲခြမ်းစိတ်ဖြာသုံးသပ်ဆုံးဖြတ်နိုင်စွမ်းရှိရမယ်လို့ တင်ပြလိုခြင်းပါ။ တစ်နည်း SWOT Analysis လုပ်နိုင်စွမ်းရှိရမယ်လို့ ဆိုလိုခြင်းဖြစ်ပြီး ယနေ့ခေတ် ယနေ့အခြေအနေတွေအရလည်း အရေးပါတဲ့အရည်အသွေးတစ်ခု ဖြစ်နေလို့ပါ။ ကိုယ်က ဘယ်အရာမှာ အားသာသလဲ၊ အထူးသဖြင့် ဘယ်နေရာမှာ အားနည်းချက်ရှိသလဲ။ အတော်များများမှာ မကောင်းတာတစ်ခုက ရှိရင်လည်း မရှိသယောင်၊ မမြင်ချင်ယောင်ဆောင်၊ ဖုံးဖုံးဖိဖိနဲ့ မသိကြတာများလှတယ်။ စီမံချက်နဲ့သွားရတဲ့ ဘာပဲလုပ်လုပ် လူငယ်တွေအနေနဲ့ မိမိရည်မှန်းချက်အတွက် အစီအစဉ်တွေရေးဆွဲရာမှာ အားနည်းချက်၊ အားသာချက်၊ အခွင့်အလမ်း၊ စိန်ခေါ်မှုတွေကို တစ်ချက်ချင်းဖော်ထုတ်၊ ဖြစ်နိုင်ရင် စာရွက်ပေါ်မှာချရေးပြီး လေ့ကျင့်ရပါတယ်။ အသေးအဖွဲလေးကအစ အလေ့အကျင့် လုပ်ကြည့်စေလိုပါတယ်။

### ကံ၊ ဉာဏ်၊ ဝီရိယကို မမေ့ပါနှင့်

လူတိုင်းမှာ ရည်မှန်းချက်ဆိုတာ ရှိရပါတယ်။ အထူးသဖြင့် နိုင်ငံ့ဝန်ထမ်းတွေမှာ မိမိရုံးဌာနအတွက်၊ မိမိဘဝအတွက်၊ မိသားစုအတွက်ဆိုပြီး တစ်ချိန်တည်း တစ်ပြိုင်တည်း ထားရှိရမယ့် ရည်မှန်းချက်တွေရှိကြလိမ့်မယ်လို့ ယူဆတယ်။ ဒါကြောင့်ပဲ ဝန်ထမ်းတွေဆိုတာ အမြဲကြိုးစားနေကြရခြင်းဖြစ်ပါတယ်။ အပြိုင်အဆိုင်များတဲ့ခေတ်ကြီး၊ အပြောင်းအလဲမြန်တဲ့အခြေအနေတွေအောက်မှာ မကြိုးစားလို့မရပါဘူး။ ဘာမှမမြဲမတည်မြဲတဲ့ တရားသဘောတွေကြောင့်လည်း ကိုယ့်ဘက်က အချိန်ယူလေ့လာသင်ယူ ပြင်ဆင်ထားရမယ့်အရာတွေရှိနိုင်တယ်။ ဒါကြောင့် ပြောချင်တာက အရာရာ ကံ၊ ဉာဏ်၊ ဝီရိယဆိုတာကို မမေ့ဖို့လိုပါတယ်။

ဝီရိယချည်း အားကိုးနေလို့လည်းမရဘူး။ ကိုယ်အားစိုက်လိုက်တဲ့အရာမှန်သမျှ အရာထင်ပြီး ပညာဉာဏ်နဲ့မြင်နေဖို့လည်း လိုပါတယ်။ ဆိုလိုတာက ဖတ်မှတ်လေ့လာ အားထုတ်သမျှ ထိရောက်အကျိုးရှိ၊ အသိဉာဏ်တိုးပွားနေဖို့ ဖြစ်ပါတယ်။ ဝီရိယနဲ့အားထုတ်၊ ဉာဏ်ရှိရုံနဲ့လည်း ပြီးပြည့်စုံပြီလား၊ မဟုတ်ပါ။ စာမျက်နှာ ၉ သို့ ◆

**အားနည်းချက်၊ အားသာချက်၊ အခွင့်အလမ်းနဲ့ စိန်ခေါ်မှုတွေကို ခွဲခြမ်းစိတ်ဖြာသုံးသပ်ဆုံးဖြတ်နိုင်စွမ်းရှိရမယ်လို့ တင်ပြလိုခြင်းပါ။ တစ်နည်း SWOT Analysis လုပ်နိုင်စွမ်းရှိရမယ်လို့ ဆိုလိုခြင်းဖြစ်ပြီး ယနေ့ခေတ် ယနေ့အခြေအနေတွေအရလည်း အရေးပါတဲ့အရည်အသွေးတစ်ခု ဖြစ်နေလို့ပါ။ ကိုယ်က ဘယ်အရာမှာ အားသာသလဲ၊ အထူးသဖြင့် ဘယ်နေရာမှာ အားနည်းချက်ရှိသလဲ။ အတော်များများမှာ မကောင်းတာတစ်ခုက ရှိရင်လည်း မရှိသယောင်၊ မမြင်ချင်ယောင်ဆောင်၊ ဖုံးဖုံးဖိဖိနဲ့ မသိကြတာများလှတယ်။ စီမံချက်နဲ့သွားရတဲ့ ဘာပဲလုပ်လုပ် လူငယ်တွေအနေနဲ့ မိမိရည်မှန်းချက်အတွက် အစီအစဉ်တွေရေးဆွဲရာမှာ အားနည်းချက်၊ အားသာချက်၊ အခွင့်အလမ်း၊ စိန်ခေါ်မှုတွေကို တစ်ချက်ချင်းဖော်ထုတ်၊ ဖြစ်နိုင်ရင် စာရွက်ပေါ်မှာချရေးပြီး လေ့ကျင့်ရပါတယ်။ အသေးအဖွဲလေးကအစ အလေ့အကျင့် လုပ်ကြည့်စေလိုပါတယ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ခွဲဘု ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းအပ်နှံရေးအခမ်းအနား တက်ရောက်ဖွင့်လှစ် မုတ်သုံဦး MSME ထုတ်ကုန်ပြပွဲ/ပြိုင်ပွဲနှင့် ဈေးရောင်းပွဲတော် ပိတ်ပွဲအခမ်းအနားနှင့် ဆုချီးမြှင့်ပွဲသို့ တက်ရောက်ချီးမြှင့်

မြစ်ကြီးနား မေ ၂၆

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒေါ်ခွဲဘုသည် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၇ နာရီခွဲတွင် မြစ်ကြီးနားမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ကျင်းပသည့် ကချင်ပြည်နယ် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားသို့ တက်ရောက်သည်။

ဦးစွာ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဘင်ခရာ/ ပန်းဖွားအဖွဲ့များက မြန်မာ့ကျောင်းသီချင်းဖြင့် ဖျော်ဖြေတင်ဆက်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုအဖွဲ့နာယက ပြည်နယ်ဝန်ကြီးချုပ်၏ဇနီးနှင့် ပြည်နယ်ပညာရေးမှူးတို့က ကချင်ပြည်နယ် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် မြစ်ကြီးနားမြို့ပေါ် အခြေခံပညာအထက်တန်းကျောင်းများမှ ကျောင်းသူ ၂၀၀ တို့က ကဗျာလွတ်အကဖြင့် ကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြပြီး ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသားမိဘများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကာ ကျောင်းအပ်လက်ခံဆောင်ရွက်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို အဆိုပါကျောင်း အေးမြသီတာခန်းမ၌ ဆက်လက်ကျင်းပရာ ကျောင်းသား ကျောင်းသူများက မြန်မာ့ကျောင်းတေးသီချင်း၊ ဆီမီးခွက်အကတို့ဖြင့် သီဆို/ကပြ ဖျော်ဖြေဖွင့်လှစ်ပေးကြပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က အမှာစကားပြောကြား၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ၎င်းတို့၏ဇနီးများ၊ ပြည်နယ်ဥပဒေချုပ်တို့က ကျောင်းသား ကျောင်းသူများအား အတန်းစဉ်အလိုက် အခမဲ့ပုံနှိပ်စာအုပ်၊ ဗလာစာအုပ်၊ စာရေးကိရိယာနှင့် ကျောင်းဝတ်စုံများကို ထောက်ပံ့ပေးအပ်ကြသည်။




ထို့နောက် အခြေခံပညာအလယ်တန်းကျောင်း ကျောင်းသား ကျောင်းသူများက ကျောင်းတက်မယ်တေးသီချင်း သရုပ်ဖော်ဖြင့်လည်းကောင်း၊ ဇာတိမာန်သီချင်းဖြင့်လည်းကောင်း သီဆိုဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြပြီး ခန်းမအတွင်းပြသထားသည့် သင်ထောက်ကူပစ္စည်းများနှင့် ပညာရေးစွမ်းရည်ပြခန်းငယ်များ၊ ဓာတ်ပုံပြခန်းများကို ကြည့်ရှုစစ်ဆေးကြသည်။

မေ ၂၅ ရက် ညနေပိုင်းက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်သည် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့်အတူ မြစ်ကြီးနားမြို့ စီတာပူမနောကွင်းအတွင်း ကျင်းပသည့် မုတ်သုံဦး MSME ထုတ်ကုန်ပြပွဲ/ ပြိုင်ပွဲနှင့် ဈေးရောင်းပွဲတော် ပိတ်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဈေးရောင်းပွဲတော်အတွင်း ဖွင့်လှစ်ရောင်းချလျက်ရှိသည့် ဒေသထွက်စိုက်ပျိုးရေး၊ မွေးမြူရေးထုတ်ကုန်ပစ္စည်းပြခန်း၊ ဒေသထွက်စားသောက်ကုန်များ၊ သမဝါယမနှင့် စားသုံးသူရေးရာ၊ သစ်သားပန်းပုနှင့် လက်မှုထုတ်ကုန်များ၊ လူသုံးကုန်နှင့် အဝတ်အထည်များ၊ ပယင်း၊ ကျောက်မျက်နှင့် ကျောက်စိမ်းလက်ဝတ်ရတနာပြခန်းများ ပြသရောင်းချနိုင်မှု အခြေအနေများကို မေးမြန်းဆွေးနွေးကြကာ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ပညာရေးဝန်ထမ်းများအား လက်ဆောင်ပစ္စည်းများ ဝယ်ယူပေးအပ်ကြသည်။

ယင်းနောက် အဆိုပါကွင်းအတွင်း ဧည့်ကြိုခန်းမဆောင်၌ မုတ်သုံဦး MSME ထုတ်ကုန်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပရာ MSME ထုတ်ကုန်ပြိုင်ပွဲကျင်းပရေး ကော်မတီဥက္ကဋ္ဌ မြစ်ကြီးနားတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာဇင်မာလတ်က ပြိုင်ပွဲဝင်လုပ်ငန်းရှင် ၁၁ ဦးအား ဆုချီးမြှင့်နိုင်ရေး စိစစ်ရွေးချယ်ဆောင်ရွက်ခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဆုများကိုပေးအပ်ချီးမြှင့်ရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲ/ ပြိုင်ပွဲတွင် OROP ထုတ်ကုန်ဆု၊ အငယ်စားနှင့် အသေးစားထုတ်ကုန်အထူးဆုရရှိခဲ့သော ကဆန်ထီ၊ အိလေးနှင့် ပူတာအို ဒေသထွက်ကုန်လုပ်ငန်းများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများကိုလည်းကောင်း၊ ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက မုတ်သုံဦး MSME ထုတ်ကုန်ပြိုင်ပွဲတွင် စားသောက်ကုန်ကဏ္ဍနှင့် လူသုံးကုန်၊ ပယင်းနှင့် ကျောက်မျက်အချောထည်ကဏ္ဍတို့တွင် သက်ဆိုင်ရာအမျိုးအစားအလိုက် ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆုရရှိသော MSME လုပ်ငန်းရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေများကိုလည်းကောင်း ချီးမြှင့်ပေးအပ်ခဲ့ကြ ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

## မွေးမြူရေးဇုန်(ကျိုင်းတုံ) လျာထားမြေနေရာအား ကွင်းဆင်းစစ်ဆေး

ကျိုင်းတုံ မေ ၂၆

ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်သည် တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် စိုးလှိုင်၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့်အတူ ယနေ့နံနက်ပိုင်းက ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရန် မွေးမြူရေးဇုန် (ကျိုင်းတုံ) လျာထားမြေနေရာသို့ ကွင်းဆင်းကြည့်ရှု စစ်ဆေးသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်သည် မွေးမြူရေးဇုန်(ကျိုင်းတုံ) လျာထားမြေနေရာများဖြစ်သည့် မိုင်းလားကျေးရွာအုပ်စု ပန်ဆံကျွာအနီးနှင့် ကတ်ဖကျေးရွာအုပ်စု နောင်ငင်းရွာအနီးသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ မွေးမြူရေးဇုန်တွင်မွေးမြူမည့် တိရစ္ဆာန်အမျိုးအစားအလိုက် မြေဧရိယာနှင့် အခြားလိုအပ်ချက်များကို ကျိုင်းတုံခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ထို့နောက် ကျိုင်းတုံမြို့ ရမ်းလောကျေးရွာအုပ်စု ဝမ်ဟတ်ကျေးရွာတွင် မိရိုးဖလာဒေသထွက် အုတ်ကြွပ်အမိုးပြားနှင့် ဆီမီးခွက်များဆောင်ရွက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုပြီး ပြည်နယ်ဝန်ကြီးချုပ်က စီးပွားဖြစ်အဆင့်မြှင့်တင် ရောင်းချနိုင်ရန်အတွက်လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

မောင်မောင်သန်း(တောင်ကြီး)



◆ စာမျက်နှာ ၈ မှ

ကံလည်းအရေးကြီးပါသေးတယ်။ ကံသာအမိ၊ ကံသည်သာ အားကိုးရာဆိုပေမယ့် အားလုံးကံကိုချည်း ပုံချနေဖို့လည်းမဟုတ်ပြန်ဘူး။

ကိုယ်တွေးသမျှ၊ ပြောသမျှ၊ လုပ်သမျှ ကုသိုလ်၊ အကုသိုလ်ကံဆိုပြီး ကံအကျိုးပေးတာမို့ မိမိမှာ ကောင်းကံတွေဖြစ်ပြီး မကောင်းကံတွေ လျော့သွားဖို့၊ ကိုယ်တွေးတာ၊ ပြောတာ၊ လုပ်တာတွေမှာ ကောင်းနေဖို့၊ ကုသိုလ်ဖြစ်နေဖို့ ကိုယ်ကိုယ်တိုင်ကပဲ ကြိုးစားနေရမှာဖြစ်ပါတယ်။ အထက်က ဝန်ထမ်းလိုပါပဲ။ အနာဂတ်မှာ အမှားနည်းအောင်နဲ့ ကောင်းတာတွေပိုများအောင် ကိုယ့်လုပ်ရပ်ကို ပြန်လည်ဆန်းစစ်နေဖို့ပါပဲ။ ဒါကလည်း ဝီရိယနဲ့ ပညာဉာဏ်ကို အားကိုးရမယ်။ ကံမကောင်းရင် ဘုရား၊ တရား၊ သံဃာ အာရုံအမြဲပြု။ မမြဲဘူးဆိုတဲ့ အသိနဲ့ ကုသိုလ်အကျိုးပေး၊ အကုသိုလ်အကျိုးပေး၊ ကိုယ်စိုက်သမျှ ကိုယ်စားရတယ်ဆိုတဲ့ ကံအသိတရားတွေနဲ့တင် ပညာဖြစ်နေပါပြီ။ အဓိကအချက်က ကျွန်တော်တို့ဝန်ထမ်းတွေ၊ လူငယ်တွေအားလုံး ကံကိုလည်းအားကိုး၊ ဉာဏ်ကိုလည်း အားကိုး၊ ဝီရိယလည်း အားထားကြဖို့ ဆိုလိုရင်းပါပဲ။

အားလုံးကို ပြန်ချုပ်ရရင်တော့ ကြုံတွေ့ရတဲ့ ကိစ္စရပ်အပေါ်မှာ ခံယူတတ်ဖို့နဲ့ နှလုံးသွင်းမှန်ဖို့ အရေးကြီးပါတယ်။ အတွေ့အကြုံကနေ အားနည်းချက်ကို ဖော်ထုတ်တတ်ဖို့နဲ့ အနာဂတ်စိန်ခေါ်မှုတွေအပေါ် တွက်ချက်ပြင်ဆင်နိုင်ဖို့၊ မိမိအားသာချက်ကို အကောင်းဆုံး အသုံးချတတ်ဖို့နဲ့ ရည်ရွယ်ချက်ကို အထောက်အကူပြုနိုင်မယ့် အခွင့်အလမ်းကောင်းမှန်သမျှ ဖမ်းယူဆုပ်ကိုင်တတ်ဖို့ လိုအပ်တယ်လို့မြင်ပါတယ်။ လိုချင်တာကိုမရခဲ့ရင် ကျရှုံးမှုကြီးလို့မမြင်ဘဲ ကိုယ့်ရဲ့လုပ်ဆောင်ချက်အပေါ်မှာ ကျေနပ်နိုင်ဖို့နဲ့ ဝမ်းနည်း၊ စိတ်ဓာတ်ကျခြင်းမဖြစ်ဖို့လည်း လိုအပ်ပါတယ်။

ယာယီမရသေးတဲ့ အရာတစ်ခုအတွက် အကုသိုလ်သောကမဖြစ်အောင် ထိန်းချုပ်နိုင်မှုက သူများအပေါ် မနာလိုမုန်းထားဖြစ်မှာကိုလည်း ပပျောက်စေပါတယ်။ ကံရဲ့အကြောင်းတရားကို နှလုံးသွင်းလိုက်နိုင်ရင် အောင်မြင်သူတွေအပေါ်မှာ မုဒိတာပွားနိုင်သွားပါတယ်။ ထိုအခါ အရှုံးထဲက အမြတ်က စိတ်ကကြည်လင်သွားပြီး မိမိအားနည်းချက်၊ အားသာချက်တွေကိုပါ ထင်ထင်ရှားရှားမြင်ရတဲ့အထိ အကျိုးရှိသွားခြင်းပါပဲ။ အားနည်းချက်နဲ့ အခွင့်အလမ်းကောင်းကို ကိုယ်ကိုယ်တိုင်ရှာဖွေနိုင်ခြင်းက အားသာချက်ကို ဖန်တီးရာရောက်ပြီး တွေ့ကြုံရမယ့် စိန်ခေါ်မှုတွေကိုလည်း ရင်ဆိုင်ကျော်လွှားနိုင်ပါတယ်။

ဒီနေရာမှာ သတိထားရမှာက အများမြင်နေတဲ့ မိမိအားနည်းချက်ကို ကိုယ့်ကိုယ်ကိုယ်တော့မမြင်ဘဲ သူများကို လက်ညှိုးမထိုးမိဖို့ပါပဲ။ အထက်မှာဖော်ပြခဲ့တဲ့ဝန်ထမ်းလို အားလုံးဟာ နိုင်ငံ့တာဝန်၊ မိသားစု၊ လူမှုရေးတာဝန်တွေကြား ဖိစီးမှုအနည်းနဲ့အများ ရှိတတ်ကြပါတယ်။ ဘယ်လိုဖိအားဖြစ်ဖြစ် အဆိုးကြုံကြုံ၊ အကောင်းကြုံကြုံ ကျွန်တော်တို့အားလုံး မိမိစိတ်ကို မိမိထိန်းချုပ်စီမံနိုင်ပြီး နှလုံးသွင်းမှန်စွာနဲ့ ခံယူတတ်ဖို့သာ လိုအပ်ချက်ဖြစ်ပါတယ်။

ထိုမှတစ်ဆင့် အကောင်းမြင်တတ်လာမယ်၊ လုပ်သမျှလည်း အပြုသဘောဆောင်နေမယ်ဆိုရင်တော့ သေချာပါတယ်။ ပိုပြီးကောင်းတဲ့အနာဂတ်တစ်ခု မိမိကိုယ်တိုင် ဖန်တီးနိုင်နေပြီလို့သာ ဆိုရမှာဖြစ်ပါတော့တယ်။ အကယ်လို့သာ စာမေးပွဲဆိုတာ တစ်ရက်တည်း၊ တစ်မနက်တည်း၊ နာရီပိုင်း၊ အချိန်ပိုင်းမျှ စစ်ဆေးခြင်းမဟုတ်၊ မိမိတာဝန်ထမ်းဆောင်နေသမျှကာလတစ်လျှောက်လုံး စာမေးပွဲအစစ်ခံနေရတယ်လို့သာ ခံယူတတ်ခဲ့မယ်ဆိုရင်..... ။ ။




# စက်မှုကျွမ်းကျင် တစ်နှစ်သင်တန်း အမှတ်စဉ်(၁၃) သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် မေ ၂၆**

စက်မှုကျွမ်းကျင် တစ်နှစ်သင်တန်း အမှတ်စဉ်(၁၃)သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး အမှတ်(၂)စက်မှုသင်တန်းကျောင်း(မန္တလေး)၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက Virtual စနစ်ဖြင့် တက်ရောက်ကြပြီး မန္တလေးတိုင်းဒေသကြီးစီးပွားရေးရာ ဝန်ကြီး ဦးသိန်းဌေး၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်နှင့် တာဝန်ရှိသူများ၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းနှင့် မန္တလေး စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ သင်တန်းကျောင်း အဆင့်မြှင့်တင်ခြင်း စီမံကိန်းလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့သည့် ကျုံးမိန်ကုမ္ပဏီမှ တာဝန်ရှိသူများ၊ စက်မှုဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများ၊ သင်တန်းနည်းပြ ဆရာ ဆရာမများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မောင်တို့မယ်တို့ ယခုတက်ရောက်မည့် အပတ်စဉ်သည် သင်တန်းကျောင်း အဆင့်မြှင့်တင်ပြီးနောက် ပထမဆုံးဖွင့်လှစ်သည့် အပတ်စဉ်ဖြစ်သည့်အတွက် စက်ပစ္စည်းကိရိယာများသည်လည်း ခေတ်မီသော စက်ပစ္စည်းအသစ်များဖြစ်ပြီး သင်ကြားပို့ချပေးမည့် ဆရာ ဆရာမများသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် သင်တန်းတက်ရောက်ထားပြီး အတွေ့အကြုံရင့်ကျက်သည့် ဆရာ ဆရာမများဖြစ်ကြောင်း၊ သင်တန်းတက်ရောက်မည့် မောင်တို့မယ်တို့အနေဖြင့် နိုင်ငံတော်၏ စေတနာကိုနားလည်ပြီး သင်တန်းကို အောင်မြင်ပြီးဆုံးအောင် တက်ရောက်ကြရန်နှင့် သင်ကြားပေးမည့် စာတွေ့၊ လက်တွေ့သင်ခန်းစာများကို စိတ်ဝင်တစားအစွမ်းကုန်ကြိုးစားလေ့လာကြရန်၊ ယနေ့ကမ္ဘာ့စက်မှုနည်းပညာများသည် အလွန်ဖွံ့ဖြိုးတိုးတက်လျက်ရှိသဖြင့် အမီလိုက်နိုင်ရန် ကိုယ်သိရှိလိုက်သည့် ပညာရပ်ကိုအခြေခံပြီး တီထွင်ကြံဆနိုင်မှု၊ လေ့လာဆန်းသစ်မှု၊ စဉ်ဆက်မပြတ်သင်ယူလေ့လာမှုများကိုပြုလုပ်ရန်၊ သင်တန်းသားများအနေဖြင့် သင်တန်းကျောင်းမှ ချမှတ်ထားသော စည်းကမ်းများကို စနစ်တကျ လေးစားလိုက်နာကြရန်၊ သင်တန်းကာလအတွင်း သင်ကြားပို့ချပေးသော ပညာရပ်များကို တတ်မြောက်ကျွမ်းကျင်ရန်နှင့် စည်းကမ်းကောင်းမွန်ပြီး အရည်အချင်းပြည့်ဝသော စက်မှုကျွမ်းကျင်လုပ်သားကောင်းများ ဖြစ်အောင် ကြိုးစားအားထုတ် လေ့ကျင့်သွားကြရန် ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးစီးပွားရေးရာ ဝန်ကြီးက သင်တန်းဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

အမှတ်(၂) စက်မှုသင်တန်းကျောင်း (မန္တလေး)ကို စက်မှုဝန်ကြီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Institute of Project Planning & Research Engineering International (IPPR)တို့ နှစ်နိုင်ငံစီးပွားရေးနှင့် နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်အရ ၂၀၀၅ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး စက်မှုကျွမ်းကျင်တစ်နှစ် သင်တန်းအမှတ်စဉ် (၁)မှ (၁၂)အထိ သင်တန်းသား သင်တန်းသူ ၁၇၃၆ ဦးကို စက်မှုကျွမ်းကျင်သူများအဖြစ် လေ့ကျင့်ပျိုးထောင်ပေးခဲ့ပြီးဖြစ်ကြောင်းနှင့် သင်တန်းအမှတ်စဉ်(၁၃)ကို ၂၀၂၅ ခုနှစ် မေ ၂၆ ရက်မှ ၂၀၂၆ ခုနှစ် ဧပြီ ၁၀ ရက်အထိ တစ်နှစ်ကြာဖွင့်လှစ်၍ ဘာသာရပ်ခြောက်ခုကို စာတွေ့၊ လက်တွေ့ လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း ယာယီနေရပ်စွန့်ခွာစခန်းများတွင် ရွှေ့လျားဆေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်ပေးနေမှု ကြည့်ရှုအားပေး

**စစ်တွေ မေ ၂၆**

ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်းသည် ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့၊ အမျိုးသမီးရေးရာအဖွဲ့နှင့် ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ ယာယီနေရပ်စွန့်ခွာစခန်းများတွင် ရွှေ့လျားကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးသည်။



ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီးနှင့် တာဝန်ရှိသူများသည် ယာယီနေရပ်စွန့်ခွာ စခန်းရှိ ကိုယ်ဝန်ဆောင် မိခင်များအား ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကြည်လွင် ဦးဆောင်သော ကျန်းမာရေးဝန်ထမ်းများက မိခင်နှင့် ကလေးကျန်းမာရေးအတွက် အသိပညာပေး ဟောပြောဆွေးနွေးနေမှုနှင့် ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက်နှစ်နှစ်အောက် ကလေးငယ်များအား ကာကွယ်ဆေးထိုးနှံပေးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ထိုသို့ ကြည့်ရှုစဉ် ပြည်နယ်ဝန်ကြီးချုပ်က ယာယီနေရပ်စွန့်ခွာစခန်းရှိ ကလေးငယ်များ ကျောင်းဖွင့်ချိန်တွင် အေးချမ်းစွာ တက်ရောက်ပညာသင်ကြားနိုင်ရေးအတွက် လိုအပ်သည်များကို မှာကြားပြီး ပြည်နယ်ဝန်ကြီးချုပ်၏ ဇနီးနှင့် အဖွဲ့ဝင်များက ကိုယ်ဝန်ဆောင်မိခင်များနှင့် ကလေးငယ်များအတွက် အာဟာရဖြည့်စွက်စာများနှင့် စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ ကျောင်းသားကျောင်းသူလေးများ အတွက် သင်ထောက်ကူ ပစ္စည်းများကိုလည်းကောင်း ပေးအပ်ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျန်းမာရေးစောင့်ရှောက်မှုခံယူရန် ရောက်ရှိလာကြသော သီလရှင်များ၊ သက်ကြီးအဘိုးအဘွားများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ယာယီနေရပ်စွန့်ခွာစခန်းရှိ ကလေးငယ်များအား အာဟာရဖြည့်စွက်စာများ ကျွေးမွေးနေမှုနှင့် ယာယီနေရပ်စွန့်ခွာစခန်းရှိရေကန်၌ သောက်သုံးရေသိုလှောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**
**ဓာတ်ပုံ - ဝင်းမင်းစိုး**

# နိုင်ငံရေးပါတီ တည်ထောင်ခွင့် လျှောက်ထားခြင်းများကို စိစစ်ခွင့်ပြုပေးလျက်ရှိ

**နေပြည်တော် မေ ၂၆**

နိုင်ငံရေးပါတီ တည်ထောင်လိုသူများက ယင်းတို့တည်ထောင်လိုသော ပါတီအမည်ကိုဖော်ပြ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လျှောက်ထားလျက်ရှိကြရာ ယနေ့အထိ ပါတီတည်ထောင်ခွင့် လျှောက်ထားလာသည့်အဖွဲ့ ၂၇ ဖွဲ့ရှိပြီး၊ ယင်းသို့လျှောက်ထားသည့် အဖွဲ့များအနက် **ချင်းပြည်သစ်ကွန်ဂရက်ပါတီ**သည် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်ကြောင်း စိစစ်တွေ့ရှိရသဖြင့် ကော်မရှင်က ယနေ့တွင် နိုင်ငံရေးပါတီ တည်ထောင်ခွင့် လျှောက်ထားချက်ကိုခွင့်ပြုလိုက်ကြောင်း သိရှိရသည်။

ပါတီတည်ထောင်ခွင့်ရရှိသော **ချင်းပြည်သစ်ကွန်ဂရက်ပါတီ**သည် ခွင့်ပြုချက်ရရှိသည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေ ၇ နှင့်အညီ ကော်မရှင်သို့ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ပေးပါရန် လျှောက်ထားရမည်ဖြစ်သည်။ ယနေ့အထိ တည်ထောင်ခွင့်ပြုပြီး နိုင်ငံရေးပါတီ ၁၆ ပါတီ ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဓာတ်ခွဲနမူနာစုစုပေါင်း ၂၇၅၄ ခု စစ်ဆေးပြီးစီး ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ခြောက်ဦး တွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ အပတ်စဉ် သတင်းထုတ်ပြန်ချက်(၂၆-၅-၂၀၂၅)ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ (၁၈-၅-၂၀၂၅) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၅-၅-၂၀၂၅) ရက်နေ့၊ ည (၈:၀၀) နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂,၇၅၄) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၆) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၂၂) ရာခိုင်နှုန်းဖြစ်ပါသည်။ အစီရင်ခံကာလအတွင်း ပြင်းထန်လူနာ၊ အထူးကြပ်မတ်ကုသမှုပေးရသော လူနာနှင့် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးလူနာ မရှိပါ။

လတ်တလောတွင် မိမိတို့နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွား/သေဆုံးမှုနှင့်စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာအခြေအနေ မရှိသော်လည်း ရောဂါများဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန် အတွက် တစ်ကိုယ်ရေ ကာကွယ်ရေးနည်းလမ်းများဖြစ်သည့် လက်ကို ရေနှင့်ဆပ်ပြာ သို့မဟုတ် ရေမလို လက်သန့်စင်ဆေးရည် (Hand sanitizer)ဖြင့် မကြာခဏ စနစ်တကျ ဆေးကြောခြင်း၊ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများဖြစ်သော ဖျားခြင်း၊ နှာစေးခြင်း၊ နှာချေခြင်း၊ ချောင်းဆိုးခြင်း၊ လည်ပင်းနာခြင်းစသည့် လက္ခဏာများရှိသူများအနေဖြင့် လူထူထပ်သောနေရာများသို့ သွားခြင်းမှရှောင်ကြဉ်ခြင်းနှင့် မဖြစ်မနေ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) အား စနစ်တကျ ဝတ်ဆင်ခြင်းတို့ကို လိုက်နာဆောင်ရွက်ရန် လိုအပ်ပါသည်။

ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့် အသက်အရွယ်ကြီးသူများ (အသက် ၆၀ နှစ်နှင့်အထက်)၊ ဆီးချိုရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊ ကိုယ်ဝန်ဆောင်မိခင်များ (ကိုယ်ဝန်ဆောင်ကာလ ၃ လနှင့်အထက်)ကိုကိုဗစ်-၁၉ရောဂါထပ်ဆောင်းကာကွယ်ဆေးအား ဦးစားပေးအစီအစဉ်ဖြင့် ထိုးနှံသွားမည်ဖြစ်ပါ၍ ကာကွယ်ဆေးထိုးနှံကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အသေးစိတ်သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန(Myanmar CDC)
ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း အခြေခံပညာကျောင်းများတွင် ကျောင်းအပ်နှံနေမှုများ ကြည့်ရှုအားပေး



ရန်ကုန် မေ ၂၆

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများသည် ယနေ့နံနက်ပိုင်းက ဒဂုံမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊ ဗိုလ်တထောင်မြို့နယ် အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်းတို့တွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းအပ်နှံနေမှုများကို ကြည့်ရှုအားပေးသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများသည် ၂၀၂၅- ၂၀၂၆ ပညာသင်နှစ် ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ ဗိုလ်တထောင်မြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းတို့တွင် ကျောင်းအပ်နှံနေမှုများကို ကြည့်ရှုအားပေးရာ ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာချိုချိုမြတ်အောင်နှင့် ကျောင်းအုပ်ဆရာမကြီးများက ကျောင်းအပ်နှံရေးနှင့် ပတ်သက်သည်များကို ရှင်းလင်းတင်ပြပြီး ကျောင်းအပ်နှံနိုင်ရေး လာရောက်ကြသည့် ကျောင်းသား ကျောင်းသူများနှင့် မိဘအုပ်ထိန်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများသည် အခြေခံပညာကျောင်းများတွင် သန့်ရှင်းရေးဆောင်ရွက်နေမှုများ၊ E-Library နှင့် ကျောင်းစာကြည့်တိုက်များကို ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများက လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြကာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်ရန်၊ မကြာမီကာလအတွင်း ကျောင်းများဖွင့်လှစ်မည်ဖြစ်သောကြောင့် သွေးလွန်တုပ်ကွေးကြိုတင်ကာကွယ်ရေးနှင့် ခြင်များပေါက်ပွားမှုမရှိစေရေးအတွက် အမှိုက်များ၊ မြက်များ၊ ချုံနွယ်များ စနစ်တကျ ရှင်းလင်းဆောင်ရွက်ရန်၊ စာသင်ခန်းများအတွင်း သန့်ရှင်းရေးနှင့် စာသင်ခုံများ ကြံ့ခိုင်မှုရှိစေရေး ဆောင်ရွက်ကြရန်၊ ကျောင်းစာကြည့်တိုက်များတွင် စာအုပ်များ ဖြည့်ဆည်းရေးတို့ကို မှာကြားသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းများတွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ကို မေ ၂၂ ရက်မှစတင်၍ ဇွန် ၁ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်ပြီး ကျောင်းအပ်နှံရာတွင် ကျောင်းသား ကျောင်းသူများအတွက် အခမဲ့ ပုံနှိပ်များ၊ ဗလာစာအုပ်၊ ဘောပင်၊ ခဲတံနှင့် ကျောင်းဝတ်စုံများ ပေးအပ်လျက်ရှိကြောင်း သိရသည်။

ဖွဲ့ထက်ကို(ပြန်/ဆက်)



## ရန်ကင်းမြို့နယ်၌ အခြေခံအင်္ဂလိပ်စာ သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် မေ ၂၆

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် လူထုအခြေပြုဗဟိုဌာနစာကြည့်တိုက်တွင် ယနေ့မွန်းလွဲပိုင်းက အခြေခံအင်္ဂလိပ်စာ Grammer (အခမဲ့)သင်တန်း ဖွင့်ပွဲအခမ်းအနားကို ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် ရန်ကင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်လှလှထွေးက သင်တန်းဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး သင်တန်းနည်းပြဆရာ ဦးမြင့်မောင်က သင်ကြားပေးမည့်အကြောင်းအရာများကို ရှင်းလင်းပြောကြားခြင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့မှ တာဝန်ရှိသူများကလည်း သင်တန်းတက်ရောက်ကြမည့် ကလေးငယ်များကို ချီးမွမ်းအားပေးစကားပြောကြားပြီး သင်တန်းကို ဆက်လက်သင်ကြားပေးခဲ့ကြောင်း သိရသည်။

အဆိုပါ အခြေခံအင်္ဂလိပ်စာ Grammer (အခမဲ့) သင်တန်းကို မေ ၂၆ ရက်မှစတင်၍ မွန်းလွဲ ၁ နာရီမှ ၃ နာရီအထိ ၁၄ ရက်ကြာ သင်ကြားပေးသွားမည်ဖြစ်ပြီး သင်တန်းသား သင်တန်းသူ စုစုပေါင်း ၃၅ ဦးခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

လှလှထွေး(ပြန်/ဆက်)

## ဟင်္သာတမြို့နယ်၌ ကျောင်းအပ်နှံရေး အခမ်းအနား ကျင်းပ



ဟင်္သာတ မေ ၂၆

ဧရာဝတီတိုင်း ဒေသကြီး ဟင်္သာတမြို့ တာငါးဆယ်တောင်ရပ်ကွက်ရှိ အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း ပြည်ထောင်စုခန်းမ၌ ယနေ့နံနက် ၉ နာရီက ၂၀၂၅-၂၀၂၆ ပညာသင်နှစ် မြို့နယ်အဆင့် ကျောင်းအပ်နှံရေးနေ့အခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် အထက(၃) ကျောင်းသား ကျောင်းသူများက "မြန်မာ့ကျောင်း" သီချင်းဖြင့် သီဆိုဖွင့်လှစ်ခဲ့ကြပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလှိုင်ထွန်းက အမှာစကားပြောကြားသည်။ ယင်းနောက် ခရိုင်ပညာရေးမှူး ဆရာကြီး ဦးတိုးဝင်းက ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်း ပြောကြားခဲ့သည်။ ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဦးလှိုင်ထွန်းနှင့် တာဝန်ရှိသူများက ပညာရေးဌာနမှ ထောက်ပံ့ပေးအပ်သော ကျောင်းသုံးပြဋ္ဌာန်းပုံနှိပ်စာအုပ်၊ ဗလာစာအုပ်၊ ဘောပင်၊ ခဲတံ၊ ကျောင်းဝတ်စုံများကို ကျောင်းအသီးသီးမှ တာဝန်ရှိသူများထံသို့ ပေးအပ်ခြင်း၊ ကျောင်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံပညာကျောင်းများမှ လှူဒါန်းငွေများ ပေးအပ်ခြင်းတို့ ဆောင်ရွက်ခဲ့သည်။

ဟင်္သာတမြို့နယ်တွင် အခြေခံ ထက်၊ လယ်၊ မူ ကျောင်းသား ကျောင်းသူ ၆၀၀၃၃ ဦးရှိပြီး ယနေ့အထိ ကျောင်းအပ်နှံပြီးသူမှာ ၄၇၆၂၄ ဦး ရှိပြီဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ဖျာပုံမြို့နယ်အတွင်းရှိ အထပ်မြင့်အဆောက်အအုံများ မီးလောင်၊ မီးလန့်မှုမဖြစ်စေရေး အသိပညာပေး

ဖျာပုံ မေ ၂၆

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင်မီးသတ်ဦးစီးဌာန ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်မင်းဦး ဦးဆောင်မှုဖြင့် မြို့နယ်



အတွင်းရှိ အထပ်မြင့် လူနေအိမ်အဆောက်အအုံများတွင် မီးလောင်မှု၊ မီးလန့်မှုမဖြစ်ပွားစေရေး မီးဘေးလုံခြုံရေးနှင့် ကြိုတင်ကာကွယ်ရေးအတွက် ယနေ့မွန်းလွဲပိုင်းက ခရိုင်မီးသတ်ဦးစီးမှူးနှင့် မြို့နယ်မီးသတ်ဦးစီးမှူး၊ သန္ဓေ/ အရန်မီးသတ်တပ်ဖွဲ့ဝင်များက လိုက်နာရမည့်အချက်များနှင့် ရှောင်ကြဉ်ရမည့်အချက်များ အသိပညာပေးခြင်း ဆောင်ရွက်ခဲ့သည်။

ထို့ပြင် ဖျာပုံခရိုင်မီးသတ်ဦးစီးမှူး ဦးဇော်မင်းဦးနှင့် မြို့နယ်မီးသတ်ဦးစီးမှူး၊ မီးသတ်တပ်ဖွဲ့ဝင်တို့က ဖျာပုံမြို့နယ်အတွင်းရှိအထပ်မြင့်လူနေအိမ်အဆောက်အအုံများတွင် လျှပ်စစ်သွယ်တန်းသုံးစွဲမှု အခြေအနေများ၊ မီးသုံးစွဲမှုအခြေအနေများ၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးပစ္စည်းများ ထားသိုသုံးစွဲမှုအခြေအနေများ စစ်ဆေးကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

ရောဦးသာ

## ချောင်းသာနယ်မြေမီးသတ်စခန်းရှိ ဒေါင့်ဖန်းမီးငြိမ်းသတ်ယာဉ် အကြီးစားပြင်ဆင်စရိတ်အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

ချောင်းသာ မေ ၂၆

ဧရာဝတီတိုင်းဒေသကြီး ချောင်းသာမြို့ ချောင်းသာနယ်မြေမီးသတ်စခန်းရှိ ဒေါင့်ဖန်းမီးငြိမ်းသတ်ယာဉ် အကြီးစားပြင်ဆင်စရိတ်အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲ အခမ်းအနားကို မေ ၂၄ ရက် နံနက်ပိုင်းက ချောင်းသာမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာအခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံး ဒုတိယညွှန်ကြားရေးမှူး ဦးကိုကိုဦးက ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ရခြင်းရည်ရွယ်ချက်နှင့် အကြီးစားပြင်ဆင်စရိတ် အလှူရှင်များအတွက် ကျေးဇူးတင်စကားပြောကြားပြီး ဒေါင့်ဖန်းမီးငြိမ်းသတ်ယာဉ် အကြီးစားပြင်ဆင်ရန် ကူညီဆောင်ရွက်ပေးသော ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် ပြင်ဆင်စရိတ်အလှူရှင်များအတွက် ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ရာ ဌာနဆိုင်ရာများနှင့် အလှူရှင်များက လက်ခံရယူခဲ့ကြသည်။

ထို့နောက် ချောင်းသာမြို့ ဟိုတယ်ဇုန်ကော်မတီဝင်များနှင့် တွေ့ဆုံ၍ မီးဘေးလုံခြုံရေးဆိုင်ရာ ညွှန်ကြားချက်များ ရှင်းလင်းပြောကြားပြီး ကော်မတီဝင်များ၏ သိရှိလိုသည့်ဆွေးနွေးမေးမြန်းမှုများနှင့် လိုအပ်သည်များကို ဧရာဝတီတိုင်းဒေသကြီးမီးသတ်ဦးစီးမှူးရုံး ဒုတိယ



ညွှန်ကြားရေးမှူးက ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ချောင်းသာ(ပြန်/ဆက်)

# လျှင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

နေပြည်တော် မေ ၂၆

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့် တာဝန်ရှိသူများ မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ ချမ်းသာကြီးမြတ်စွာဘုရားသို့သွားရောက်၍ တပ်မတော်သားစစ်သည်များက အပျက်အစီးများ ဖယ်ရှားရှင်းလင်းဆောင်ရွက်နေမှု ကြည့်ရှုအားပေးစဉ်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့အတွင်းရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော ဘုရားစေတီပုထိုးများတွင် ကျွမ်းကျင်ပညာရှင်များက စေတီတော်များ တိမ်းစောင်းခြင်း ရှိ၊ မရှိ၊ မြေအောက်သို့ နိမ့်ကျွံခြင်း ရှိ၊ မရှိ၊ စေတီတော်အက်ကွဲကြောင်းများ တိုင်းတာခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများနှင့် စုပေါင်းရှင်းလင်းဖယ်ရှားနေမှုများကိုလည်းကောင်း၊ ဝါးချက်ကျေးရွာ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ကျောင်းဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနိုင်ရေး၊ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေး၊ ကျောင်းသား ကျောင်းသူများ ကျောင်းအပ်လက်ခံထားရှိမှု အခြေအနေများနှင့် ယာယီကျောင်းဆောင်သစ် ဆောက်လုပ်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် မွန်းလွဲပိုင်းတွင် စစ်ကိုင်းပညာရေးတက္ကသိုလ်၌ Grade-12 စာမေးပွဲ ပြန်လည်ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများ အနီးကပ်စခန်းသွင်း လေ့ကျင့်သင်ကြားနေမှုများနှင့် ကျောင်းသား ကျောင်းသူများ နေထိုင်သည့် အိပ်ဆောင်များကိုလည်းကောင်း၊ စစ်ကိုင်းမြို့ သောတပန်ရပ်ကွက်ရှိ ရွှေဟင်္သာကျောင်းတိုက်တွင် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော သာသနိကအဆောက်အအုံများကို အဖွဲ့အစည်းအသီးသီးက စုပေါင်းရှင်းလင်းဖယ်ရှားခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကိုလည်းကောင်း၊ နန်းဦးမြို့သစ်အတွင်း ငလျင်ဘေးဒဏ်သင့် ဝန်ထမ်းမိသားစုများ မိုးမကျမီ အမြန်ဆုံးပြောင်းရွှေ့နေထိုင်နိုင်ရေးအတွက် Modular House များနှင့် ယာယီလူနေအဆောက်အအုံ ဆောက်လုပ်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း၊ ပိုးတန်းရပ်ကွက်ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ငလျင်ဘေးဒဏ်သင့်ပြည်သူများ စောင့်ရှောက်ရေးစခန်းအတွင်းရှိ ဒေသခံပြည်သူများကို အားပေးစကားပြောကြားပြီး ယာယီကျောင်းဆောင်သစ် ဆောက်လုပ်ပြီးစီးမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့ အောင်မြေသာစံမြို့နယ် သီရိမာလာအနောက်ရပ်ရှိ ချမ်းသာကြီးမြတ်စွာဘုရားနှင့် အောင်မြေသာစံမြို့နယ် အောင်မြေသာစံရပ်ကွက်ရှိ အနောက်တိုက်တော်အုဋ္ဌကျောင်းသို့ သွားရောက်၍ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် အပျက်အစီးများကို အဖွဲ့အစည်းအသီးသီး ပူးပေါင်း၍ အပျက်အစီးများ ဖယ်ရှားရှင်းလင်းဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် စက်ယန္တရားကြီးများအသုံးပြု၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုအားပေးပြီး ကျောင်းထိုင်ဆရာတော်ကြီးများအား အလှူငွေနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။

ထို့နောက် အောင်မြေသာစံမြို့နယ် အနိုပ်တော်ရပ်ကွက်ရှိ ဉာဏဝတီ သီလရှင်စာသင်တိုက်တကောင်းတိုက်သို့လည်းကောင်း၊ အမရပူရမြို့နယ် ဆင်စွယ်ပွတ်ကျေးရွာရှိ လောကမုနိမြတ်စွာဘုရားသို့လည်းကောင်း သွားရောက်၍ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော ဘုရားစေတီပုထိုးများကို အဖွဲ့အစည်းအသီးသီးမှ ဖယ်ရှားရှင်းလင်းပြီးစီးမှု အခြေအနေများကိုလည်းကောင်း၊ မဟာအောင်မြေမြို့နယ်ရှိ မန္တလေးတက္ကသိုလ်သို့ သွားရောက်၍ တက္ကသိုလ်ပင်မဆောင်ရှိငလျင်ဒဏ်ကြောင့် မီးလောင်ပြိုကျပျက်စီးသွားသော အပျက်အစီးများကို တပ်မတော်သားများက ဖယ်ရှားရှင်းလင်းဆောင်ရွက်နေမှု အခြေအနေတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်သည် ကျောက်ဆည်ခရိုင် မြစ်သားမြို့ မြို့နယ်ခန်းမ၌ ဒေသခံပြည်သူများအား **“ငလျင်ဒဏ်ခံနိုင်သည့် အဆောက်အအုံများ ဆောက်လုပ်နိုင်ရေး အသိပညာပေးဟောပြောပွဲ”** သို့ တက်ရောက်ကာ အဆောက်အအုံများ ပြန်လည်တည်ဆောက်နိုင်ရေးအတွက် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံပြည်သူများအား အသိပညာပေးဆွေးနွေးခဲ့ပြီး တက်ရောက်လာကြသည့် ဒေသခံပြည်သူတစ်ဦးချင်းစီက သိရှိလိုသည့်အချက်များအား တာဝန်ရှိသူများက ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ်ခန်းမဝင်းအတွင်းရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာဌာနခွဲ(ယာယီ)ရုံးနှင့် မြစ်သားမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးဝင်းအတွင်းရှိ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ယာယီ)ရုံးများအတွက် Modular Container House များ ဆောက်လုပ်ပြီးစီးမှု အခြေအနေများနှင့် ရုံးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် အခြေခံပညာအထက်တန်းကျောင်း(မြစ်သား)နှင့် မြစ်သားမြို့နယ် ဘူတာရပ်ကွက် အမက(ဘူတာ)ကျောင်းဝင်းအတွင်းရှိ ယာယီကျောင်းဆောင်သစ်များ ဆောက်လုပ်နေမှု အခြေအနေတို့ကို သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ပြီး ကျောင်းသား ကျောင်းသူများ ကောင်းမွန်စွာ ပညာသင်ကြားနိုင်စေရေးအတွက် ကျောင်းဖွင့်ချိန်အမီ တည်ဆောက်နိုင်စေရန် တာဝန်ရှိသူများအား မှာကြားခဲ့သည်။

ယင်းနောက် ဘူတာရပ်ကွက်၊ ရေဝန်း-မြင်းခြံကားလမ်းဘေးနှင့် ပြည်ပန်းကျေးရွာအုပ်စု ရန်ကုန်-မန္တလေး လမ်းမကြီးဘေးရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော အန္တရာယ်ရှိ နေအိမ်အဆောက်အအုံတို့ကို စက်ယန္တရားများဖြင့် ရှင်းလင်းဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။ ကျောက်ဆည်ခရိုင်အတွင်း ငလျင်ဒဏ်သင့်အဆောက်အအုံများကို SOP စနစ်ဖြင့်ဘုတ်အဖွဲ့များ ဖွဲ့စည်းစစ်ဆေးခဲ့ရာ ယနေ့အချိန်အထိ အဆောက်အအုံ ၈၅၅၇ လုံးကို စစ်ဆေးဆောင်ရွက်ခဲ့ပြီး ပြန်လည်ပြုပြင်နေထိုင်နိုင်မည့် အဆောက်အအုံ အလုံး ၈၀၁၀၊ ဦးစားပေးဖြိုဖျက်ရှင်းလင်းရမည့် အန္တရာယ်ရှိအဆောက်အအုံ ၅၄၇ လုံးကို ရှင်းလင်းဆောင်ရွက်ပေးခဲ့ပြီး ဆောင်ရွက်ရန်ကျန် အဆောက်အအုံများ မရှိကြောင်း သိရသည်။

**သတင်းစဉ်**

# လူမှုဝန်ထမ်းဦးစီးဌာနမှဖွင့်လှစ်ထားသော အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းများမှ ပထမအကြိမ် ကျောင်းအခြေပြုသင်တန်းဖွင့်လှစ်

နေပြည်တော် မေ ၂၆

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရွှေဘိုနှင့် ထားဝယ်မြို့တို့တွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းများအား ဖွင့်လှစ်ထားရှိပြီး အပ်ချုပ်သင်တန်းများ (မိန်းမဝတ်၊ ကလေးဝတ်၊ ကျားရှပ်၊ တိုက်ပုံ၊ ကုတ်အင်္ကျီ)၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း၊ အစားအစာချက်ပြုတ်နည်းသင်တန်းနှင့် ပန်းအလှပြင်သင်တန်းများကို အပတ်စဉ်တစ်ခုလျှင် သီတင်းပတ် ခြောက်ပတ်ဖြင့် သင်ကြားပေးလျက်ရှိသည်။ ဘဏ္ဍာရေးနှစ်တစ်နှစ်လျှင် သင်တန်းအပတ်စဉ် ရှစ်ခုကို နိုင်ငံပိုင်သတင်းစာများတွင် ကြော်ငြာ၍ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။ ထို့ပြင် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်ကျောင်းများတွင်(စနေ၊ တနင်္ဂနွေ) နေ့အထူးသင်တန်းများကိုလည်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။



အဆိုပါ အိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်ကျောင်းများတွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ပထမအကြိမ် ကျောင်းအခြေပြုသင်တန်းကို မေ ၂ ရက်မှ ဇွန် ၆ ရက်အထိ ဖွင့်လှစ်လျက်ရှိပြီး အိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်ကျောင်း ၁၀ ကျောင်းတွင် သင်တန်းသား ၁၃ ဦး၊ သင်တန်းသူ ၂၇၈ ဦး စုစုပေါင်း သင်တန်းသား သင်တန်းသူ ၂၉၁ ဦး တက်ရောက်လျက်ရှိကာ မိသားစုဝင်ငွေတိုး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် သင်ကြားပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

❂ MNL ယူ-၂၁ မှ

ပထမဆုံးနိုင်ပွဲရယူနိုင်ခဲ့ခြင်းဖြစ်ပြီး ၈၅ မိနစ်တွင် နေတိုးက သွင်းယူခဲ့သည်။

ပဒုမ္မာကွင်း၌ ကျင်းပသည့်ပွဲတွင် Junior Lions အသင်းက ရခိုင်ယူနိုက်တက်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ Junior Lions အသင်းသည် ဒုတိယပိုင်းသွင်းဂိုးများဖြင့် အနိုင်ယူပြီး လေးပွဲမြောက် နိုင်ပွဲရရှိခဲ့သည်။ Junior Lions အသင်းအတွက် အနိုင်ဂိုးများကို ၇၄ မိနစ်တွင် သူရမင်းသန့်၊ ၈၄ မိနစ်တွင် ပင်နယ်တီမှတစ်ဆင့် သော်ဇင်ကိုတို့က သွင်းယူခဲ့သည်။

တောင်ဒဂုံကွင်း၌ ကျင်းပသည့်ပွဲတွင် ဒဂုံစတားယူနိုက်တက်အသင်းက ရောဝတီယူနိုက်တက်အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ယူခဲ့သည်။ ဒဂုံစတားယူနိုက်တက်အသင်းသည် ရန်ကုန်အသင်း ရှုံးပွဲကြုံတွေ့မှုကို အပြည့်အဝအသုံးချကာ ထိပ်ဆုံးနေရာ ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ ဒဂုံစတားယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးကို ၄၅ မိနစ်တွင် ဖိုးသောကြာ၊ ၄၈၊ ၆၅ မိနစ်တွင် မျိုးသီဟထွန်းတို့က သွင်းယူခဲ့သည်။

ပွဲစဉ်(၅)အပြီးတွင် ဒဂုံစတားယူနိုက်တက်အသင်းက ရမှတ် ၁၅ မှတ်ဖြင့် ထိပ်ဆုံးတွင် ဦးဆောင်နေပြီး ရန်ကုန်ယူနိုက်တက်၊ Junior Lions နှင့် အား/ကာသိပ္ပံအသင်းတို့က ၁၂ မှတ်စီ၊ လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းက ၁၁ မှတ်၊ ရာမညယူနိုက်တက်အသင်းက ခုနစ်မှတ်၊ သစ္စာအားမာန်အသင်းနှင့် ရတနာပုံအသင်းတို့က ခြောက်မှတ်စီ၊ ရောဝတီယူနိုက်တက်နှင့် ရခိုင်ယူနိုက်တက်အသင်းတို့က ငါးမှတ်စီ၊ Falcon အသင်းက လေးမှတ်၊ ဟံသာဝတီယူနိုက်တက်အသင်းက သုံးမှတ်၊ Dagon Port အသင်းက တစ်မှတ်ရထားပြီး မဟာယူနိုက်တက်အသင်းမှာမူ အမှတ်မရသေးပေ။

**သတင်း - ကိုညီလေး၊ ဓာတ်ပုံ - MNL**

## အီရန်-အမေရိကန်နျူကလီးယားဆွေးနွေးပွဲမှ ရလဒ်ကောင်းများရရှိမည်ဟု မျှော်လင့်ကြောင်း ထရမ့်ပြောကြား



**ဝါရှင်တန် မေ ၂၆**

အီရန်- အမေရိကန် နျူကလီးယား ဆွေးနွေးပွဲမှ ရလဒ်ကောင်းများ ရရှိမည်ဟု မျှော်လင့်ကြောင်း အမေရိကန် သမ္မတ ထရမ့်က ပြောကြားသည်။

**ဆွေးနွေးပွဲကျင်းပ**

မေ ၂၃ ရက်တွင် အီရန်နှင့် အမေရိကန် အကြား အီတလီနိုင်ငံ ရောမတွင် ငါးကြိမ်မြောက် နျူကလီးယားအရေးဆွေးနွေးပွဲ ကျင်းပခဲ့ပြီးနောက် ထရမ့်က အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။ ယင်းဆွေးနွေးမှုအတွင်း တိုးတက်မှုများ ရရှိခဲ့ကြောင်း အရှေ့အလယ်ပိုင်းဒေသဆိုင်ရာ အမေရိကန်ကိုယ်စားလှယ် စတိဗ်ဝတ်ကော့နှင့် အီရန်နိုင်ငံခြားရေးဝန်ကြီး အေဗတ်အေရာချီတို့က ပြောကြားသည်။ ဆွေးနွေးမှုများအတွင်း တိုးတက်မှုများ ရရှိခဲ့သည်ဟု မိမိသိရှိခဲ့ကြောင်းနှင့် ရှေ့အနာဂတ်ကာလတွင် ဖြစ်လာမည့် အကြောင်းအရာများကို ဆက်လက်စောင့်ကြည့်ရမည်ဟု ထရမ့်က ပြောကြားသည်။ အီရန်နျူကလီးယားအရေးနှင့် ပတ်သက်၍ သံတမန်နည်းလမ်းဖြင့် ဖြေရှင်းရန် ထရမ့်က ဆောင်ရွက်နေသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – စိုးသူရ**

## အစ္စရေးတပ်မတော်က ဂါဇာဒေသ၏ ၇၀ ရာခိုင်နှုန်းကျော်ကို သိမ်းပိုက်ထား



**ဂျေရုဆလင် မေ ၂၆**

အစ္စရေး တပ်မတော်သည် လက်ရှိအချိန်တွင် ဂါဇာဒေသ၏ ၇၀ ရာခိုင်နှုန်းကျော်ကို သိမ်းပိုက်ထားကာ ဒေသခံများအား ဒေသတွင်းမှ အင်အားသုံး၍ နှင်ထုတ်မှုများ ဆောင်ရွက်နေကြောင်း ဂါဇာဒေသ တာဝန်ရှိသူများက ပြောကြားသည်။

ယင်းဆောင်ရွက်ချက်သည် နိုင်ငံတကာဥပဒေကို ချိုးဖောက်ရာရောက်ကြောင်း တာဝန်ရှိသူများက မှတ်ချက်ပြုပြောကြားသည်။

လက်ရှိအချိန်တွင် အစ္စရေးတပ်မတော်က ဂါဇာဒေသတွင် မြေပြင်ထိုးစစ်များ အဆက်မပြတ် ဆောင်ရွက်နေသည်။ အစ္စရေးတပ်မတော်က ယမန်နေ့တွင် လေကြောင်း တိုက်ခိုက်မှုများ အဆက်မပြတ် ဆောင်ရွက်ခဲ့ရာ ယနေ့အထိ တစ်ရက်တာကာလအတွင်း ဒေသခံ ၃၈ ဦး ထပ်မံသေဆုံးပြီး စုစုပေါင်းသေဆုံးသူအရေအတွက် ၅၃၉၃၉ ဦး ရှိလာကြောင်း သိရသည်။ နိုင်ငံတကာဥပဒေအရ အရပ်သားများအား အင်အားသုံး၍ ရွှေ့ပြောင်းခြင်းကို တားမြစ်ထားသဖြင့် အစ္စရေး၏ ဆောင်ရွက်ချက်သည် နိုင်ငံတကာ ဥပဒေကို ချိုးဖောက်ရာရောက်ကြောင်း ဂါဇာဒေသ တာဝန်ရှိသူများက ပြောကြားသည်။

ပြီးခဲ့သည့် သီတင်းပတ်အတွင်းက လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးပစ္စည်းများ တင်ဆောင်လာသည့် ထရပ်ကား ၃၈၈ စီးကို ဂါဇာဒေသသို့ ဝင်ရောက်ခွင့်ပြုခဲ့ကြောင်း အစ္စရေးတပ်မတော်က ပြောကြားသည်။ သို့သော်လည်း လက်ရှိအချိန်တွင် ဂါဇာဒေသ၌ အငတ်ဘေးဆိုက်ရောက်နိုင်သည့် အခြေအနေရှိနေသဖြင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးပစ္စည်းများကိုအများအပြား ထပ်မံ ဝင်ရောက်ခွင့်ပြုသင့်ကြောင်း ကုလသမဂ္ဂက ပြောကြားသည်။ အစ္စရေးသည် အမေရိကန်၏ အကူအညီဖြင့် မိမိတို့ကို တိုက်ခိုက်နေကြောင်း ဂါဇာဒေသခံများက ပြောကြားသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – စိုးသူရ**

## အီသီယိုးပီးယားနိုင်ငံတွင် ပထမဆုံးမျောက်ကျောက် ရောဂါကူးစက်ခံရသူ တွေ့ရှိ

**အဒစ်အဘာဘာ မေ ၂၆**

အီသီယိုးပီးယားနိုင်ငံတွင် ပထမဆုံး မျောက်ကျောက်ရောဂါကူးစက်ခံရသူကို တွေ့ရှိခဲ့ကြောင်း ကျန်းမာရေးတာဝန်ရှိသူများက ယမန်နေ့တွင် ပြောကြားသည်။

ကင်ညာနိုင်ငံနှင့် နယ်စပ်အနီးမိုရေလီမြို့ရှိ အသက် ၂၁ ရက်သားအရွယ် ကလေးတွင် မျောက်ကျောက်ရောဂါကူးစက်ခံရသည်ကို တွေ့ရှိရကြောင်း အီသီယိုးပီးယား ကျန်းမာရေးဝန်ကြီးဌာနနှင့် ပြည်သူ့ကျန်းမာရေး အင်စတီကျုတို့က ထုတ်ပြန်သည့်ကြေညာချက်တွင် ဖော်ပြထားသည်။

**သီးခြားနေထိုင်ခွင့်ပြုထား**

ယင်းကလေး၏ မိခင်ဖြစ်သူတွင်လည်း ရောဂါကူးစက်ခံရကြောင်း တွေ့ရှိရသဖြင့် သီးခြားနေထိုင်ခွင့်ပြုထားရကြောင်းနှင့် ရောဂါဝေဒနာပြင်းထန်စွာ ခံစားရခြင်းမရှိကြောင်း သိရသည်။

နိုင်ငံအတွင်း မျောက်ကျောက်ရောဂါ ကူးစက်ပြန့်ပွားမှုမှ ကာကွယ်ရန်အတွက် တာဝန်ရှိသူများက လိုအပ်သည့် အစီအမံများကို ချမှတ်ဆောင်ရွက်နေသည်။ အာဖရိကဒေသနိုင်ငံ ၂၅ နိုင်ငံအတွင်း မျောက်ကျောက်ရောဂါစတင်ကူးစက်ချိန် ယမန်နှစ်မှစတင်၍ လက်ရှိအချိန်အထိ ရောဂါကူးစက်ခံရသူအရေအတွက် ၁၃၀၀၀၀ ကျော်ကို တွေ့ရှိခဲ့သည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**

## ပါကစ္စတန်နိုင်ငံတွင် အမျိုးသား ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးရေးလှုပ်ရှားမှု ဆောင်ရွက်



**အစ္စလာမ္မာဘတ် မေ ၂၆**

ပါကစ္စတန်နိုင်ငံ၏ ၂၀၂၅ ခုနှစ် တတိယအကြိမ်မြောက် အမျိုးသား ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးရေးလှုပ်ရှားမှုကို ယမန်နေ့က ကျန်းမာရေးဝန်ကြီးဌာနတွင် ကျင်းပခဲ့သည်။

နိုင်ငံအတွင်းရှိ အသက် ငါးနှစ်အောက် ကလေး ၄၅ သန်းကျော်ကို ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးမည်ဖြစ်ကြောင်း သိရသည်။ ပိုလီယိုရောဂါကာကွယ်ရေးသည် အမျိုးသားရေးတာဝန်ဖြစ်ကြောင်းနှင့် နိုင်ငံအတွင်း ၎င်းရောဂါတိုက်ဖျက်ရေးအတွက် လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်နေကာ ယခုနှစ်ကုန်တွင် နိုင်ငံအတွင်း ပိုလီယိုရောဂါ ကင်းစင်အောင် ဆောင်ရွက်မည်ဖြစ်ကြောင်း ပိုလီယိုရောဂါတိုက်ဖျက်ရေးဆိုင်ရာ တာဝန်ရှိသူ အေရီရှာ ရာဇာဖာရွတ်က ပြောကြားသည်။ နိုင်ငံအတွင်း ဆောင်ရွက်နေသည့် အမျိုးသား ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးရေးလှုပ်ရှားမှုများသည် ပိုလီယိုရောဂါတိုက်ဖျက်ရေးဆိုင်ရာ အောင်မြင်မှုများဖြစ်ကာ ရောဂါဖြစ်ပွားမှုကို လျှော့ချနိုင်ခဲ့ကြောင်း ၎င်းကပြောကြားသည်။ နိုင်ငံအတွင်းရှိ ခရိုင် ၆၈ ခု၌ ရောဂါပိုးတွေ့ရှိနေရပြီး ၎င်းရောဂါပိုးတွေ့ရှိမှုသည် နိုင်ငံသားများအတွက် ကျန်းမာရေးဆိုင်ရာ စိန်ခေါ်မှုအဖြစ် တည်ရှိနေကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ**

## ဖီဂျီနိုင်ငံတွင် သန္တာကျောက်တန်း ထိန်းသိမ်းကာကွယ်ရေး ဆောင်ရွက်



**ဆူဗာ မေ ၂၆**

ဖီဂျီနိုင်ငံသည် နိုင်ငံအတွင်းရှိ သန္တာကျောက်တန်းများကို ထိန်းသိမ်းကာကွယ်ရန်နှင့် သန္တာကျောက်တန်း တည်ရှိရာဒေသများတွင် နေထိုင်သူဒေသခံများကို အကူအညီပေးမည့် အမျိုးသားရေးလုပ်ငန်းအစီအမံကို စီစဉ်ဆောင်ရွက်နေကြောင်း သိရသည်။

၎င်းအစီအမံအား လက်တွေ့ဆောင်ရွက်ရန်အတွက် ဖီဂျီနိုင်ငံ သဘာဝပတ်ဝန်းကျင်နှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာတာဝန်ရှိသူများသည် ဆူဗာတွင် အစည်းအဝေးကျင်းပခဲ့ကြောင်း သိရသည်။

၎င်းအစည်းအဝေးတွင် သန္တာကျောက်တန်းများကို ထိန်းသိမ်းကာကွယ်ရန်အတွက် လက်တွေ့ကျသည့် အစီအစဉ်များကို ဆွေးနွေးခဲ့သည်။

၎င်းအစီအမံကို ဆောင်ရွက်ရခြင်းမှာ အဏ္ဏဝါဂေဟစနစ်ကို ထိန်းသိမ်းရန်၊ စားရေရိက္ခာဖူလုံမှုရှိစေရန်နှင့် သန္တာကျောက်တန်း တည်ရှိရာဒေသများရှိ ဒေသခံများကို အကူအညီပေးရန်အတွက်ဖြစ်ကြောင်း သိရသည်။

၎င်းအစီအစဉ်ကို ပြည်ပနိုင်ငံများတွင် ကျင်းပသည့် ဆွေးနွေးပွဲများတွင် အမြင်ချင်းဖလှယ် ဆွေးနွေးမည်ဟု သိရသည်။

**ကိုးကား–ဆင်ဟွာ**
**ဘာသာပြန်–စိုးသူရ**

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ယာဉ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် မေ ၂၆

တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

မေ ၂၂ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပုဇွန်တောင်မြို့နယ်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြောက်ဥက္ကလာပမြို့နယ်၊ မှော်ဘီမြို့နယ်နှင့် ဒလမြို့နယ်တို့၌ လိုင်စင်မဲ့ယာဉ် ခြောက်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မေ ၂၃ ရက်တွင် ပဲခူးခရိုင်နှင့် တောင်ငူခရိုင်အတွင်း၌ တရားမဝင် ကျွန်းသစ် ၁ ဒသမ ၆၅၀ တန်၊ သစ်မာ ၅ ဒသမ ၁၆၂ တန်၊ အခြားသစ် သုည ဒသမ ၇၉၂ တန် (ခန့်မှန်းတန်ဖိုးငွေ ၅၀၇၀၄၀၂ ကျပ်)ကို သစ်တောဥပဒေအရလည်းကောင်း၊ မေ ၂၅ ရက်တွင် ညောင်ခါးရှည် X-Ray စက်အနီး၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ သွားရောက်မည့် ယာဉ်သုံးစီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် လူသုံးကုန်ပစ္စည်း နှစ်မျိုး၊ လုပ်ငန်းသုံးပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၁၆၅၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Mitsubishi Fuso Truck နှစ်စီး၊ Hino Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၀၀၀၀၀၀၀) ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေ ၁၈၅၂၃၅၄၀၂ ကျပ်ကို သိမ်းဆည်းအရေးယူ ဆောင်ရွက်လျက်ရှိသည်။




ပဲခူးတိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှု။

ယင်းအပြင် မေ ၂၄ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြစ်ငယ်စစ်ဆေးရေးဂိတ်၌ ရန်ကုန်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ခြောက်မျိုး၊ စားသောက်ကုန်ပစ္စည်း ငါးမျိုး၊ လူသုံးကုန်ပစ္စည်း သုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၈၉၆၁၅၅၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၃၉၆၁၅၅၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအတူ တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကော့သောင်းမြို့ အေးရိပ်ငြိမ်ရပ်ကွက် ရန်ကြီးအောင်လမ်းရှိ ဂိုဒေါင်တစ်လုံးအတွင်းမှ တရားဝင် စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် လူသုံးကုန်ပစ္စည်း လေးမျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၉၈၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဟင်္သာတမြို့နယ်၊ မအူပင်မြို့နယ်နှင့် မြောင်းမြမြို့နယ်တို့၌ လိုင်စင်မဲ့ဆိုင်ကယ် သုံးစီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၅၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မေ ၂၅ ရက်တွင် ရခိုင်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်တွေခရိုင် ပေါက်တောမြို့နယ် အငူမော်ကျေးရွာအနီး၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း နှစ်မျိုး စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၅၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

မေ ၂၂ ရက်၊ ၂၃ ရက်၊ ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၂ မှု (ခန့်မှန်းတန်ဖိုးငွေ ၄၆၈၀၄၆၉၅၂ ကျပ်) ကို သိမ်းဆည်းရမိခဲ့သည်။ တရားမဝင် တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ထိခိုက်နစ်နာမှုနှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအား ကျဆင်းခြင်းတို့ဖြစ်ပေါ်စေပြီး နိုင်ငံတော်အတွက် အခွန်ဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေပါသည်။ သို့ဖြစ်ပါ၍ တရားမဝင် ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက်ပိုမို တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

## လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်

နေပြည်တော် မေ ၂၆

ယနေ့ညနေ ၄ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတို့၌ မေ ၂၇ ရက်တွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။ မိုး/ဇလ

## ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ် ထုတ်လွှင့်မည်

နေပြည်တော် မေ ၂၆

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ “ပြည်သူ့ကြားကပြည်သူ့စကား” အစီအစဉ်မှ **“နိုင်ငံတကာ ထောက်ခံမှုရရှိဖို့အတွက် သတင်းလိမ်လည်ဖို့ ကြိုးစားလာတဲ့ NUG၊ PDF”** ခေါင်းစဉ်ဖြင့် မေ ၂၈ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

အလားတူ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် “ပြည်သူ့ကျိန်စာတန်ပြန်ခံနေရတဲ့ PDF များ” ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉ ၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

သတင်းစဉ်

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၇-၅-၂၀၂၅ အင်္ဂါနေ့

**MRTV HD**

- ၀၆:၀၀ မင်းကွန်းဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော်(မေတ္တာသုတ်၊ ခန္ဓသုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၄၅ နေခြည်မှာရွှေရည်လောင်း
- ၀၉:၁၀ ထူးခြားစုံလင် အာရှပစိဖိတ် အစီအစဉ်
- ၀၉:၄၀ Sports Diary
- ၁၀:၃၅ မြန်မာ့ပုလဲရတနာတို့၏မွေးရပ်မြေ ပုလဲကျွန်းဆီ
- ၁၂:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ **‘ပုသားနောက်တွယ်’** (အပိုင်း-၄)
- ၁၃:၃၀ MRTV National News
- ၁၄:၅၅ မျိုးဝက်တင့်စေ ဆိုကရေးတီးအမွေ
- ၁၅:၃၀ Weekly MNL Review
- ၁၆:၃၅ လျှော်ဘေးအလွန်မြန်မာ့စီးပွားရေး ပြန်လည်ကုစားခြင်းနှင့်ပြန်လည် ထူထောင်ခြင်းသုံးသပ်ဆွေးနွေးပွဲ အကြိုစကားဝိုင်း(အပိုင်း-၂)
- ၁၇:၁၀ ကမ္ဘာတစ်လွှားအနုပညာသတင်းများ
- ၁၇:၃၅ Clean and Green ဖော်ဆောင်ဖို့ ပူးပေါင်းပါဝင်ဆောင်ရွက်စို့
- ၁၈:၃၅ ပြည်ချစ်သားမွန်တေးသဝဏ်
- ၁၈:၄၅ သံစဉ်ချိုမြမြန်မာတေးအလှ
- ၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ **‘တော်ဝင်တဲ့’** (အပိုင်း-၁၃)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ ပြည်ချစ်သားမွန်တေးသဝဏ်
- ၂၁:၁၀ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
- ၂၁:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ **‘လှုစွမ်းကောင်းများခေတ်’** (အပိုင်း-၂၇)
- ၂၂:၁၅ ရုပ်မြင်သံကြားဇာတ်လမ်း

**mitv**

- 07:01 Evergreen Classic: Than Thayar Kayee Thel
- 07:08 Ananda Temple
- 07:48 Kay Tu Mar Lar 'The Decision"
- 08:31 Sarus Crane in Myanmar
- 08:42 A Glimpse of Taungoo & its Delicacies
- 09:01 Ramayana Classic Talk & Discussion (Episode-3)
- 09:21 Hand In Hand To Prevent and Fight Drug Abuse
- 09:47 Firefly Recycle Art; Paper (Re Edit)
- 10:26 Lifestyle & Entertainment P(Weekly Updates)

**Me**

- ၀၆:၀၀ အဖွင့်၊ ဓမ္မပူဇာတေးသီချင်းများ
- ၀၆:၂၅ တိုင်းရင်းသားတေးသီချင်း၊အက(ကရင်)
- ၀၆:၅၀ မြန်မာသံစဉ်တေးများ
- ၀၇:၁၅ မြန်မာဇာတ်လမ်းတွဲ **‘အငေ့တန်ဖိုး’** (အပိုင်း-၅)
- ၀၇:၄၅ စတီရီယိုတေးများ
- ၀၈:၁၅ K POP Music Gallery (အပိုင်း-၁၈)
- ၀၈:၃၀ ဟိုတုန်းကရေဒီယိုဇာတ်လမ်းများ **‘စိန်လွန်တူးသမားနှင့်စိန်နှလုံးသားပိုင်ရှင်’**
- ၀၉:၁၅ ကာတွန်း **‘ဖိုးကောင်ကြီးဥယျာဉ်ခွန့်တားခန်း’** (အပိုင်း-၉)
- ၁၀:၀၀ မြန်မာရုပ်ရှင် (ဆေးရောင်စုံ) **‘ငြိုးဟန်ဖွဲ့စိမ်းရက်လေသလား’**

**MRTV NRC**

- **ကယား (၀၆:၀၀ မှ ၀၈:၀၀)** စိမ်းစိုသာယာတို့စိုက်ခင်းကရွှေဘဏ္ဍာ
- **ဝကောကရင် (၀၈:၀၀ မှ ၀၉:၀၀)** မာလကာသီးမှ ပေးသောသင်ခန်းစာ
- **အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀)** ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ (အပိုင်း-၇)
- **အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀)** မုန့်ပိုင်းတောင့်လုပ်စားကြရအောင်
- **ချင်း (လိုင်ဇိုး) (၁၁:၀၀ မှ ၁၂:၀၀)** ဟင်းသီးဟင်းရွက် အဝေါ်အဝေါ်များ (အပိုင်း-၁)
- **ချင်း (ချိုး) (၁၂:၀၀ မှ ၁၃:၀၀)** အမဲအူထန်းနှစ်ချက်
- **မွန် (၁၃:၀၀ မှ ၁၅:၀၀)** မွန်ယဉ်ကျေးမှုပြတိုက်
- **ရခိုင် (၁၅:၀၀ မှ ၁၇:၀၀)** ရခိုင်ဘာသာစကားပြောကြရအောင် (အပိုင်း-၄)
- **ရှမ်း (၁၇:၀၀ မှ ၁၉:၀၀)** ပဒုမ္မာကြာသက်န်း
- **ဝ (၁၉:၀၀ မှ ၂၁:၀၀)** ကျိုင်းတုံမြို့ရဲ့အထင်ကရနေရာများသို့ (အပိုင်း-၁)
- **ကချင် (၂၁:၀၀ မှ ၂၃:၀၀)** ပလပ်စတစ်အန္တရာယ် သတိပြုဖွယ်

**MRTV NEWS**

- ၀၆:၀၀ အဖွင့်၊တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၀၉:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၀၉:၄၅ Save Our Planet Program
- ၁၀:၄၅ အသိပညာနှင့်အမှန်တရား
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၄:၀၀ MRTV National News
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
- ၁၇:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၂၀:၀၀ ပြည်တွင်းသတင်း(LIVE)
- ၂၀:၃၀ နိုင်ငံတကာသတင်း(LIVE)

**MRTV PARLIAMENT**

- ၀၉:၀၀ အဖွင့်၊အလံ
- ၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေ ကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ **‘ထိုင်းနိုင်ငံ’**
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **‘သူတစ်ပါးအယောင်ဆောင်ခြင်း’**
- ၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေ ကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ **‘ဗီယက်နမ်နိုင်ငံ’**
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း **‘အာဖရိကနိုင်ငံ’** (အပိုင်း-၂)
- ၁၁:၃၀ ရှေ့သို့ချီမည်ပန်းတိုင်ဆီ (အပိုင်း-၇၂)

**MRTV FARMERS' HD**

- ၀၆:၀၀ အဖွင့်၊နိုင်ငံတော်သီချင်း
- ၀၆:၁၅ စားရေရိက္ခာဖူလုံဖို့ ပိုမိုကြိုးစားထုတ်လုပ်စို့
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၁၈:၂၀ Agriculture in India
- ၁၈:၄၅ Refreshing Taste of Mushrooms with Red Cap and White Stem
- ၂၀:၀၀ ရှယ်လီကေသာ(ဇာတ်လမ်း)
- ၂၂:၀၀ Haunted Mansion (နိုင်ငံခြားဇာတ်လမ်း)

**MRTV SPORTS HD**

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက် လမ်းပြကြယ်
- ၀၆:၄၅ Sports Diary
- ၁၂:၀၀ FIFA MFF U-19 Youth League (Week-3)(Winnter Soccer Vs Futsal Chit Thu)
- ၁၇:၀၀ အားကစားသတင်း

Scan Here

MRTV MRTV MRTV Radio MRTV Radio

Education Channel ကို

# ဘီးလင်းမြို့နယ် ဘီးလင်း-နတ်ကြီးသွား ကားလမ်းမကြီးပေါ်ရှိ ပေ ၈၀ သံကူကွန်ကရစ်တံတား အမှတ်(၃/၁၇) အား KNLA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများ မိုင်းထောင်ဖောက်ခွဲဖျက်ဆီး

**နေပြည်တော် မေ ၂၆**

လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ အနေဖြင့် ဒေသအတွင်း လမ်းပန်းဆက်သွယ်ရေးနှင့် ကုန်စည်စီးဆင်းမှုများ ရပ်တန့်စေရေး နိုင်ငံတစ်ဝန်းရှိ ပြည်သူများ စိတ်အေးချမ်းသာစွာ ခရီးသွားလာနေမှုများကို မလိုလား၍ လမ်း၊ တံတားများအား မိုင်းထောင် ဖောက်ခွဲခြင်းနှင့် အကြမ်းဖက်လုပ်ရပ် အမျိုးမျိုးကို ပုံစံအမျိုးမျိုးဖြင့် လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ KNLA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ယနေ့ နံနက်ပိုင်းတွင် မွန်ပြည်နယ် ဘီးလင်းမြို့နယ် တည်ပင်ကျေးရွာ၏ အနောက်ဘက် မီတာ ၃၀၀ ခန့်အကွာ ဘီးလင်း-နတ်ကြီးသွား ကားလမ်းမကြီးပေါ်ရှိ မိုင်တိုင်အမှတ်၊ ၁၆/၂ နှင့် ၃ အကြား အရှည် ပေ ၈၀၊ အကျယ် ၂၄ ပေရှိ သံကူကွန်ကရစ်အမျိုးအစား တံတားအမှတ်(၃/၁၇)အား မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးခဲ့ကြသည်။ မိုင်းပေါက်ကွဲမှုဒဏ်ကြောင့် အဆိုပါ သံကူကွန်ကရစ်တံတားမှာ တောင်ဘက်ကမ်းကပ်ခုံမှ ပြိုကျပျက်စီးခဲ့ပြီး လူနှင့် မော်တော်ယာဉ်များ ဖြတ်သန်းသွားလာနိုင်မှု မရှိကြောင်းနှင့် ပျက်စီးသွားသည့် တံတားအား တာဝန်ရှိသူများက ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို အမြန်ဆုံး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ မိုင်းထောင်ဖောက်ခွဲမှုကြောင့် မော်တော်ယာဉ်များ၊ ဆေးရုံကားများ၊ ကျောင်းကားများ၊ ဈေးကားများသွားလာနိုင်မှု မရှိသဖြင့် ပြည်သူလူထုက ၎င်းတို့၏ လုပ်ရပ်အပေါ် လွန်စွာရွံမုန်းလျက်ရှိကြောင်းသိရပြီး မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးခဲ့သည့် အကြမ်းဖက်သမားများကို လိုအပ်သည့် တုံ့ပြန်မှုများ ပြုလုပ်နိုင်ရေးနှင့် နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံရေးလုပ်ငန်းစဉ်များ တိုးမြှင့်ဆောင်ရွက်လျက် ရှိကြောင်း သိရသည်။

**သတင်းစဉ်**




ဘီးလင်းမြို့နယ် ဘီးလင်း-နတ်ကြီးသွားကားလမ်း တံတားအမှတ်(၃/၁၇) သံကူကွန်ကရစ်တံတားအား KNLA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် နေရာပြပုံ။



ဘီးလင်းမြို့နယ် ဘီးလင်း-နတ်ကြီးသွားကားလမ်း တံတားအမှတ်(၃/၁၇) သံကူကွန်ကရစ် တံတားအား KNLA အဖွဲ့နှင့်PDF အမည်ခံအကြမ်းဖက်သမားများ မိုင်းထောင် ဖောက်ခွဲဖျက်ဆီးခဲ့သည့် တံတားပျက်စီးမှု မှတ်တမ်းဓာတ်ပုံ။







# အွန်လိုင်းလိမ်လည်မှု (Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားငါးဦးအား မြန်မာ-ထိုင်းအမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံလွှဲပြောင်းပေးအပ်

**နေပြည်တော် မေ ၂၆**

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ်မဲ့ထော်သလေး(KK Park)နှင့် ကျောက်ခတ်နယ်မြေများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် ကာဇက်စတန်နိုင်ငံသားနှစ်ဦး၊ တောင်အာဖရိကနိုင်ငံသားသုံးဦး စုစုပေါင်း ငါးဦးတို့အား မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။

ပြည်နှင့်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက ယနေ့ နံနက်ပိုင်းတွင် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များနှင့် တွေ့ဆုံ၍ ပြည်ပနိုင်ငံသားများအား ပြည်နှင်လွှဲပြောင်းပေးရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နေမှု၊ စာရင်းဇယား၊ အချက်အလက်များပြည့်စုံမှန်ကန်မှုရှိရေး ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။




ထို့နောက် ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကို ဆက်လက်ကျင်းပရာ ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ကာဇက်စတန်သံမှတနိုင်ငံသံရုံးမှ Counsellor Mr. Zhenis Mambetaliyev နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ တောင်အာဖရိကသမ္မတနိုင်ငံသံရုံးမှ First Secretary Mr.Hendrik Albertus Fourie နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်း လက်ခံရေးဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

ဇန်နဝါရီ ၃၀ ရက်မှ မေ ၂၆ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၁၀၂ ဦး စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၈၆၂၅ ဦးအား ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၄၇၇ ဦးအား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး သောက်သုံးရေ ဖူလုံစွာရရှိရေး၊ စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းစစ်ဆေး

နေပြည်တော် မေ ၂၆

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် ယနေ့နံနက်ပိုင်းတွင် ချောင်းမကြီး ရေလှောင်တမံသို့ သွားရောက်ကာ ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သော မြေသားတမံအား စက်ယန္တရားများဖြင့် ပြန်လည်ပြုပြင်နေမှု၊ ရေဖိအားလျှော့တွင်းများ တူးဖော်နေမှုနှင့် ရေစစ်ကျောက်ရိုး ထပ်ပိုးခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ဥတ္တရသီရိမြို့နယ် သီရိရတနာလမ်း၊ မန္တလေးလမ်း၊ ကျိုင်းတုံလမ်းနှင့် ရာဇသင်္ဂဟအိမ်ရာ(၂)တို့တွင် ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သော ပင်မရေပိုက်လိုင်းများနှင့် ရေပေးဝေရေးပိုက်လိုင်းများ ပြန်လည်ပြုပြင်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပုဗ္ဗသီရိမြို့နယ် ဘဲကုန်းကျေးရွာ အုပ်စု ကွင်းအမှတ်(၁၆၂၃)တွင်ပြုလုပ်သည့် အလားအလာကောင်းသော ပဲတီစိမ်းမျိုးလိုင်းများ၏ဖြစ်ထွန်းမှုအား တောင်သူများနှင့်အတူ အကဲဖြတ်ရွေးချယ်လေ့လာခြင်းကွင်းပြပွဲသို့သွားရောက်ပြီး တောင်သူများနှင့်တွေ့ဆုံကာ တောင်သူများ၏ ဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ပဲတီစိမ်း၊ နှမ်းနှင့် နေကြာမျိုး စမ်းသပ်စိုက်ကွက်များကို လည်းကောင်း၊ ပင်လောင်းလမ်းဘေးတွင် ဆိုလာရေတင်စနစ်ခြောက်လက်မ စက်ရေတွင်းများ တူးဖော်ထားရှိမှု၊ စိုက်ပျိုးရေရရှိရန် ဆောင်ရွက်ထားရှိမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် နေပြည်တော်ကောင်စီ ဇမ္ဗူသီရိခန်းမ၌ ကျင်းပသည့် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်စွာ ပြန်လည်ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ စာမေးပွဲပြန်လည်ဖြေဆိုသည့်အချိန်တွင် ကျောင်းသား ကျောင်းသူများ သွားလာမှုအဆင်ပြေစေရေး၊ ကျောင်းပတ်ဝန်းကျင်လုံခြုံရေးနှင့် လျှပ်စစ်မီးမပြတ်တောက်စေရေး၊ စခန်းသွင်းလေ့ကျင့်သင်ကြားနေစဉ်နှင့် စာမေးပွဲပြန်လည်ကျင်းပစဉ်ကာလအတွင်း အုပ်ချုပ်ရေးပိုင်းတာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ရပ်မိရပ်ဖများမှ လိုအပ်ချက်များကို ဝိုင်းဝန်းကူညီဖြည့်ဆည်း ကြပ်မတ်ဆောင်ရွက်သွားရန်နှင့် ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝဆောင်ရွက်ပေးရန်လိုကြောင်း မှာကြားသည်။

သတင်းစဉ်



# ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ပုသိမ်ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းများနှင့် တွေ့ဆုံပွဲတက်ရောက်

ပုသိမ် မေ ၂၆

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် ယနေ့ညနေပိုင်းတွင် ပုသိမ်မြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ပြုလုပ်သော ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံပွဲ အခမ်းအနား တက်ရောက်သည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လူဦးရေစာရင်းများကောက်ယူရာတွင် ပြည့်စုံမှန်ကန်စေရေး အလေးထားဆောင်ရွက်ရန်၊ နယ်မြေဒေသ မအေးချမ်းမှုများကြောင့် လာရောက်နေထိုင်ကြသော ယာယီနေရပ်စွန့်ခွာပြည်သူများအား စာရင်းများကျန်ရှိမှု မရှိစေရေး စနစ်တကျထပ်မံစစ်ဆေးရန်၊ စာသင်ကျောင်းများတွင် ကျောင်းသား ကျောင်းသူများ သွေးလွန်တုပ်ကွေးရောဂါ မဖြစ်ပွားစေရန် ချုံနွယ်များ၊ သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းရန်၊ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးနှင့် စိမ်းလန်းစိုပြည်ရေး သစ်ပင်၊ ပန်းပင်များ စိုက်ပျိုးရန်နှင့် ရေအိုး၊ ရေတွင်း၊ ရေကန်များကို ကျန်းမာရေးဝန်ထမ်းများနှင့်ပူးပေါင်း၍ ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများဆောင်ရွက်ကာ ကျန်းမာရေးအသိပညာပေးလုပ်ငန်းများဆောင်ရွက်ရန် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရန်နှင့် ပြည်သူများစည်းကမ်းမဲ့ယာဉ်မောင်းနှင်မှုများ၊ ရပ်နားမှုများမရှိစေရေး တာဝန်ရှိသူများ ကြပ်မတ်ဆောင်ရွက်ရန်၊ ပုသိမ်မြို့ရှိ ကန်သုံးဆင့်ပန်းခြံကိုလည်း အဆင့်မြှင့်တင်ပေးလျက်ရှိရာ ပြည်သူများကစည်းကမ်းတကျ လည်ပတ်နိုင်ရေး၊ အမှိုက်များစနစ်တကျစွန့်ပစ်ရေး ဆောင်ရွက်ရန်၊ အခြေခံစားသောက်ကုန် ဈေးနှုန်းများတည်ငြိမ်ရေး တာဝန်ရှိသူများက အလေးထားဆောင်ရွက်ရန်၊ သီးနှံများပန်းတိုင်အထွက်နှုန်း ရောက်ရှိစေရေးပူးပေါင်းဆောင်ရွက်ကြရန်၊ ကျောင်းနေအရွယ် ကလေးငယ်များ ရာနှုန်းပြည့်ကျောင်းတက်ရောက်စေရေးနှင့် လူဦးရေစာရင်း မှန်ကန်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးနှင့် လိုအပ်သည်များအား တင်ပြသွားရန် အမှာစကားပြောကြားခဲ့ပြီး တက်ရောက်လာကြသူများ၏ တင်ပြချက်များအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်ကလိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပုသိမ်စက်မှုဇုန်သို့သွားရောက်၍ အမှိုက်မီးရှို့စက် စမ်းသပ်တပ်ဆင်အသုံးပြုနေမှုနှင့် ခြောက်တန်းသွား လက်ဆွဲကောက်စိုက်စက် တပ်ဆင်ထုတ်လုပ်နိုင်ရေး အစိတ်အပိုင်းများ ပြင်ဆင်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး သတ်မှတ်ကာလအတွင်း အပြီးတပ်ဆင်ဖြန့်ဝေပေးနိုင်ရေး မှာကြားခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)



## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၇-၅-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၈၇၀ | ၂၉၈၅ | ၂၉၅၀ | ၂၈၈၅ | ၂၉၉၀ | ၃၀၀၅ | ၃၀၂၀ | ၂၉၄၀ | ၄၅၀၅ | ၃၂၃၅ | ၂၉၅၅ | ၂၉၆၀ | ၃၀၃၀ | ၂၉၉၅ | ၃၀၁၅ | ၃၂၇၀ |
| 95 Ron | ၂၉၂၅ | ၃၀၄၀ | ၃၀၀၅ | ၂၉၄၀ | ၃၀၄၅ | ၃၀၆၀ | ၃၀၈၀ | ၂၉၉၅ | ၄၅၆၀ | ၃၂၉၀ | ၃၀၁၅ | ၃၀၁၅ | ၃၀၈၅ | ၃၀၅၀ | ၃၀၇၀ | ၃၃၇၀ |
| HSD (500 ppm) | ၂၄၄၀ | ၂၅၅၅ | ၂၅၂၀ | ၂၄၅၅ | ၂၅၆၀ | ၂၅၇၅ | ၂၅၉၅ | ၂၅၁၀ | - | ၂၈၀၅ | ၂၅၃၀ | ၂၅၃၀ | ၂၆၀၀ | ၂၅၆၅ | ၂၅၈၅ | ၂၈၄၅ |
| HSD (50 ppm) | ၃၀၀၅ | ၃၁၃၀ | ၃၀၉၅ | ၃၀၃၀ | ၃၁၃၅ | ၃၁၅၀ | ၃၁၆၅ | ၃၀၈၅ | ၄၈၃၀ | ၃၃၈၀ | ၃၁၀၅ | ၃၁၀၅ | ၃၁၇၅ | ၃၁၄၀ | ၃၁၆၀ | ၃၄၂၀ |
| HSD (10 ppm) | ၃၀၀၅ | ၃၁၃၀ | ၃၀၉၅ | ၃၀၃၀ | ၃၁၃၅ | ၃၁၅၀ | ၃၁၆၅ | ၃၀၈၅ | - | ၃၃၈၀ | ၃၁၀၅ | ၃၁၀၅ | ၃၁၇၅ | ၃၁၄၀ | ၃၁၆၀ | ၃၄၂၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၇၀၄ | ၂၇၉၁ |
| 95 Ron | ၂၇၅၉ | ၂၈၄၇ |
| HSD (500 ppm) | ၂၂၈၈ | ၂၃၆၄ |
| HSD (50 ppm) | ၂၈၄၅ | ၂၉၃၂ |
| HSD (10 ppm) | ၂၈၄၅ | ၂၉၃၂ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## မုတ်သုံလေ အားကောင်းရာမှ အားအလွန်ကောင်းနေခြင်းကြောင့် နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် မေ ၂၆

ယနေ့မြန်မာစံတော်ချိန် လေးနာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေထုမငြိမ်မသက်မှုများ ဖြစ်ပေါ်လာနိုင်ခြင်းကြောင့်လည်းကောင်း၊ မုတ်သုံလေ အားကောင်းရာမှ အားအလွန်ကောင်းနေခြင်းကြောင့်လည်းကောင်း၊ အပူပြန်တက်တိမ်များဖြစ်ထွန်းမှု အားကောင်းခြင်းကြောင့်လည်းကောင်း ယနေ့ညနေမှ ၂-၆-၂၀၂၅ ရက်နေ့အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

# Let's Write in English daily, young ones.
# လူငယ်တွေ ... အင်္ဂလိပ်လို နေ့စဉ်ရေးကြရအောင် ...

## သန့်ရှင်းတဲ့အိမ်

ကျွန်တော်က မိဘတွေနဲ့ အတူနေတာခင်ဗျာ။ ကျောင်းပိတ်ရက်ရှည်ကြီးတွေမှာဆို အိမ်မှုကိစ္စလေးတွေမှာ ကူလုပ်ပေးဖြစ်တယ်။ စနေ၊ တနင်္ဂနွေတွေမှာဆို ကျွန်တော်တို့မိသားစု အိမ်ကို အတူတူ သန့်ရှင်းရေးလုပ်ကြတယ်။

ကျွန်တော်တို့ရဲ့အိမ်ကို သန့်ရှင်းသပ်ရပ်အောင်ထားဖို့ ဘာကြောင့် ဒီလောက်အရေးကြီးတာလဲ။

သန့်ရှင်းရေးလုပ်တာက ဖုန်မှုန့်တွေ၊ ရောဂါပိုးမွှားတွေနဲ့ ဓာတ်မတည့်မှုဖြစ်စေတဲ့အရာတွေကို ဖယ်ရှားပေးနိုင်လို့ လေကို ပိုကောင်းစေပြီး ကျွန်တော်တို့ကို ကျန်းမာစေတယ်။

သန့်ရှင်းသပ်ရပ်တဲ့အိမ်က ကျွန်တော်တို့ကို စိတ်အေးချမ်းစေနိုင်တယ်။ သေသေသပ်သပ်ရှိတဲ့နေရာမှာ အပန်းဖြေရတာ ပိုလန်းဆန်းတယ်။

ကျွန်တော်တို့ရဲ့အိမ် သန့်ရှင်းနေရင် အာရုံစိုက်ရတာပိုလွယ်ပြီး ကိစ္စရပ်တွေကို ပြီးမြောက်အောင် လုပ်ဆောင်နိုင်တယ်။ လိုအပ်တာတွေကိုလည်း မြန်မြန်ဆန်ဆန် ရှာတွေ့နိုင်တယ်။

သန့်ရှင်းတဲ့အိပ်ခန်းက ကျွန်တော်တို့ကို ပိုပြီး အိပ်ပျော်စေနိုင်တယ်။ သပ်ရပ်တဲ့အခန်းက စိတ်အေးလက်အေးနဲ့ အိပ်ဖို့ အဆင်သင့်ဖြစ်စေတယ်။

သန့်ရှင်းရေးလုပ်တာက ကျွန်တော်တို့ကို ပျော်ရွှင်စေနိုင်တယ်။ သန့်ရှင်းတဲ့နေရာဟာ နေထိုင်လို့ကောင်းတယ်လို့ခံစားရပြီး ကျွန်တော်တို့ကို စိတ်ချမ်းသာစေနိုင်တယ်။

အိမ်ကို သန့်ရှင်းအောင်ထားတာက မတော်တဆမှုတွေကို ကာကွယ်ပေးတယ်။ ပစ္စည်းတွေ သေသေသပ်သပ်ရှိရင် ကျွန်တော်တို့ ရှုပ်ပွနေတဲ့အရာတွေပေါ်မှာ ခြေချော်လဲမှာမဟုတ်ဘူး။

ပုံမှန် သန့်ရှင်းရေးလုပ်တာက အင်းဆက်ပိုးမွှားတွေနဲ့ ကြွက်တွေ ကျွန်တော်တို့အိမ်ထဲဝင်လာတာကို တားဆီးပေးနိုင်တယ်။

သန့်ရှင်းရေးပြီးတဲ့အခါ ကျွန်တော်တို့ရဲ့လုပ်အားကို ဂုဏ်ယူပြီး ကျွန်တော်တို့ကျေနပ်နိုင်တယ်။ သန့်ရှင်းရေးလုပ်တာက ကျွန်တော်တို့ရဲ့ ပစ္စည်းတွေကို စနစ်တကျစီစဉ်နိုင်ဖို့ ကူညီပေးလို့ လိုအပ်တာတွေကို အလွယ်တကူရှာတွေ့နိုင်ပြီး ကျွန်တော်တို့ရဲ့နေရာကိုလည်း ပိုပြီး အသုံးဝင်အောင်လုပ်နိုင်တယ်။

သန့်ရှင်းတဲ့အိမ်က လာလည်တဲ့သူတွေကို ကြိုဆိုသလို ခံစားရစေပြီး ကျွန်တော်တို့ရဲ့ မိသားစုဝင်တွေအပေါ်မှာလည်း ကောင်းမွန်တဲ့ အထင်အမြင်ကို ချန်ထားနိုင်တယ်။

အိမ်သန့်ရှင်းရေးလုပ်တာက ပသာဒကြည့်ကောင်းရုံတင်မဟုတ်ဘဲ ကျွန်တော်တို့ကို စိတ်ချမ်းသာစေပြီး ကျန်းမာရေးလည်းကောင်းစေတယ်ခင်ဗျာ။

### လက်တွေ့ရေးသားခြင်း

* ကျွန်တော်တို့ရဲ့အိမ်ကို သန့်ရှင်းသပ်ရပ်အောင်ထားဖို့ ဘာကြောင့် ဒီလောက် အရေးကြီးတာလဲ။



**စိုင်းအောင်မြင့် (ရှမ်းအိုးစည်-တာချီလိတ်)**

Why is it so important to keep our house clean and tidy?

* အိမ်သန့်ရှင်းရေးလုပ်ခြင်းရဲ့ အကျိုးကျေးဇူးတွေ
  The benefits of doing house cleaning
* ဖုန်မှုန့်၊ ရောဂါပိုးမွှား၊ ဓာတ်မတည့်မှုဖြစ်စေသော အရာများ ဖယ်ရှားပေးနိုင်၍ လေဝင်လေထွက်ကောင်းပြီး ကျန်းမာစေ
  Because cleaning removes dust, germs, allergens, making air better and keeping us healthy
* သန့်ရှင်းသပ်ရပ်သောအိမ်က စိတ်အေးချမ်းစေပြီး သေသပ်သော နေရာ၌ အပန်းဖြေရခြင်းက ပိုလန်းဆန်းစေ
  A clean and tidy house makes us feel peaceful; relaxing in a neat place is more refreshing
* အိမ်သန့်ရှင်းပါက အာရုံစူးစိုက်ရလွယ်ကူပြီး လုပ်ငန်းများ ပြီးမြောက်နိုင်ကာ လိုအပ်သည်များ မြန်မြန်တွေ့နိုင်
  If our house is clean, focusing is easier, tasks can be accomplished, and we can find things quickly
* သန့်ရှင်းသောအိပ်ခန်းက ပိုအိပ်ပျော်စေပြီး သပ်ရပ်သောအခန်းက စိတ်အေးလက်အေးအိပ်ရန် အဆင်သင့်ဖြစ်စေ
  A clean bedroom helps us sleep better; a tidy room makes us ready to sleep peacefully
* သန့်ရှင်းရေးလုပ်ခြင်းက ပျော်ရွှင်စေပြီး သန့်ရှင်းသောနေရာ၌ နေထိုင်ရကောင်း၍ စိတ်ချမ်းသာစေ
  Cleaning can make us happy; a clean place feels good to live in and makes us feel happy
* အိမ်သန့်ရှင်းခြင်းက မတော်တဆမှုကာကွယ်ပေးပြီး ပစ္စည်းများ သေသပ်ပါက ခြေချော်လဲမည်မဟုတ်
  Keeping the house clean prevents accidents; if things are neat, we won't slip and fall
* ပုံမှန်သန့်ရှင်းရေးက အင်းဆက်ပိုးမွှားနှင့် ကြွက်များ အိမ်ထဲဝင်ခြင်းကို တားဆီးပေးနိုင်
  Regular cleaning can prevent insects and rats from entering our house
* သန့်ရှင်းရေးလုပ်ပြီးပါက လုပ်အားအတွက် ဂုဏ်ယူကျေနပ်နိုင်
  After cleaning, we are proud of our work and can feel satisfied
* သန့်ရှင်းရေးလုပ်ခြင်းက ပစ္စည်းများ စနစ်တကျစီစဉ်နိုင်ရန် ကူညီ၍ လိုအပ်တာ လွယ်ကူစွာတွေ့နိုင်ပြီး နေရာပိုအသုံးဝင်
  Cleaning helps us organize things systematically, making it easy to find what we need and making our space more useful
* သန့်ရှင်းသောအိမ်က လာသူများအတွက် ကြိုဆိုမှုခံစားရပြီး မိသားစုဝင်များအပေါ် ကောင်းသောအထင်အမြင် ချန်ထားနိုင်
  A clean house makes visitors feel welcome and leaves a good impression on family members
* အိမ်သန့်ရှင်းရေးသည် ပသာဒ ကြည့်ကောင်းရုံသာမက မိသားစုကို စိတ်ချမ်းသာစေပြီး ကျန်းမာရေးလည်းကောင်းစေ
  Doing house cleaning is not just for looking good, but it also makes us happy and healthy

**IN SUMMARY**

**လိုတိုရှင်း ရေးသားချက်**

Cleaning together during school breaks fosters a healthier environment by removing allergens and germs, reduces stress in a tidy space, elevates mood, and positively impacts overall family well–being.

## စကားလုံးအနေအထားအမှားများ

**လှသမိန်**

(၁၃-၅-၂၀၂၅ ရက်နေ့မှအဆက်)

စ

**၁။ ရန်လိုသော ဆရာ၏ ခွေးသည် ကလေးကိုကိုက်သည်။**

ဆရာသည် ရန်လိုတတ်သော လူတစ်ယောက်ဖြစ်ကြောင်း နားလည်ရသည်။

**၂။ ဆရာ၏ ရန်လိုသောခွေးသည် ကလေးကို ကိုက်သည်။**

ဆရာသည် ရန်လိုသူမဟုတ်၊ ခွေးသည်သာ ရန်လိုတတ်သော ခွေးဖြစ်ကြောင်းကို ပြသည်။

ဆ

**၁။ ကျောင်းသားသည် စာကြည့်တိုက်သို့ အပြေးအလွှားလာ၍ သတင်းစာဖတ်သည်။**

လာသည့်အခါသာလျှင် အပြေးအလွှားလာ၍ သတင်းစာကို အများနည်းတူဖတ်သည်ဟု နားလည်ရသည်။

**၂။ ကျောင်းသားသည် စာကြည့်တိုက်သို့လာ၍ အပြေးအလွှား သတင်းစာဖတ်သည်။**

လာစဉ်က အများနည်းတူပင်လာ၍ သတင်းစာကို ဖတ်သည့်အခါတွင်သာ အပြေးအလွှားဖတ်သည်ဟု နားလည်ရသည်။

ဇ

**၁။ မျောက်သည် ငှက်ပျောသီးကို အခွံနွှာ၍ စားသည်။**

အခွံကိုနွှာ၍ ငှက်ပျောသီးအသားကိုစားကြောင်း နားလည်စေသည်။

**၂။ မျောက်သည် ငှက်ပျောသီးခွံကို နွှာ၍စားသည်။**

ငှက်ပျောသီးကို မစားဘဲ အခွံများကိုသာ နွှာ၍စားနေသည်ဟု အဓိပ္ပာယ်ရောက်သည်။

ဈ

**၁။ မိန်းကလေးသည် ကောက်ညှင်းပေါင်းကို မောင်းထောင်းပြီးနောက် စားသည်။**

မိန်းကလေးသည် ကောက်ညှင်းပေါင်းကို မောင်းဆုံထဲသို့ထည့်၍ ထောင်းပြီးမှစားသည်ဟု ယူဆစရာရှိသည်။

**၂။ မိန်းကလေးသည် မောင်းထောင်းပြီးနောက် ကောက်ညှင်းပေါင်းကို စားသည်။**

မိန်းကလေးသည် မောင်းထောင်းသောအလုပ်ပြီးစီးမှ ကောက်ညှင်းပေါင်းကိုစားသည်ဟု နားလည်ရသည်။

ည

**၁။ ရဲသားသည် ကျင်လည်စွာ ခိုးသူကို ဖမ်းသည်။**

သူခိုးမှာ ကျင်လည်စွာ ခိုးတတ်သူဖြစ်သည်ဟု နားလည်ရသည်။

**၂။ ရဲသားသည် ခိုးသူကို ကျင်လည်စွာဖမ်းသည်။**

ရဲသားသည် အလွန်ကျင်လည်၍ ခိုးသူကို အရအမိ ဖမ်းနိုင်စွမ်းသည်ဟု အဓိပ္ပာယ်ရသည်။

ဋ

**၁။ သူ၏တဲကလေးမှာ မလုံမလဲဖြစ်သလို မိုးကာထားသည်။**

တဲက မလုံမလဲဖြစ်ဘိသကဲ့သို့ အမိုးကိုလည်း လိုက်ဖက်အောင် ကောင်းစွာမမိုးဘဲ ထားသည်ဟု ဆိုရာရောက်သည်။

**၂။ သူ၏တဲကလေးမှာ ဖြစ်သလိုမလုံမလဲ မိုးကာထားသည်။**

ဆင်းရဲသဖြင့် အမိုးကို ဖြစ်တတ်သလိုသာပင် မိုးကာထားရသည့်အတွက် မလုံမလဲနှင့်ပင် ထားရသည်ဟု ဆိုလိုသည်။

### ပုဒ်ဖြတ်အမှားများ

မြန်မာစာရေးရာတွင် ပုဒ်ဖြတ်သည် အရေးကြီးသည်။ ဝါကျဆုံးလျှင် နှစ်ချောင်းပုဒ်(။) ခေါ် ပုဒ်ဖြတ်၊ ဝါကျပဒခေါ် ကြိယာပါသော်လည်း စကားမဆုံးသော ဝါကျအစိတ်အပိုင်းများနှင့် များပြားသော နာမ်များ၊ ကြိယာများကို ပေါင်းဆက်ရေးသားချက်များတွင် တစ်ချောင်းပုဒ်(၊) ခေါ် ပုဒ်ရပ်နှင့် စကားလုံးမဆက်မစပ် ခွဲခြားရမည့်နေရာတွင် နေရာလွတ် အက္ခရာတစ်လုံးစာ ( )ခြားလုပ်၍ ရေးလေ့ရှိသည်။

ထိုသို့ ပုဒ်ဖြတ်များမမှန်ကန်ဘဲ မပူးကပ်သင့်သည့် စကားလုံးများကို ပူးကပ်ခြင်း၊ ခွဲခြားခြင်းတို့ကို အလွဲလွဲအမှားမှားပြုမိသဖြင့် ဆိုလိုရာမရောက်ဘဲ အဓိပ္ပာယ်အလွဲလွဲအချော်ချော် ဖြစ်ရတတ်ပေသည်။ အောက်တွင် ပုဒ်ဖြတ်လွဲမှား၍ အဓိပ္ပာယ်ခြားနားပုံတို့ကို သိသာရန် ပုံစံများ ဖော်ပြထားသည်။

က

**၁။ အသီး သီးသောသစ်ပင်များသည် ပွင့်ကြသည်။**

အသီးသည် အပွင့်ပွင့်ပြီးသည်မှဖြစ်သည်။ သီးလေ့ရှိသော အပင်မျိုးသည် ပွင့်သည်ဟုဆိုလိုသည်။

**၂။ အသီးသီးသော သစ်ပင်များသည် ပွင့်ကြသည်။**

အမျိုးအစားများစွာသော အသက၊ အသက ပိုင်းခြားအပ်သော သစ်ပင်အစုတို့သည် အစုံအညီပွင့်ကြကုန်သည်ဟု ဆိုလိုသည်။

(ဆက်လက်ဖော်ပြပါမည်)

ဆရာကြီး လှသမိန်၏ "မှားတတ်သော မြန်မာစာအရေးအသား (အမှန်ရေးနည်း)" စာအုပ်မှ ကူးယူ ဖော်ပြပါသည်။

# မွန်ပြည်နယ်ဝန်ကြီးချုပ် မော်လမြိုင်မြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်ပြားပြုလုပ်ပေးခြင်းနှင့် e-ID စနစ်ဖြင့် Biographic/ Biometric ကွင်းဆင်းကောက်ယူနေမှု ကြည့်ရှုအားပေး

**မော်လမြိုင် မေ ၂၆**

မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းသည် ပြည်နယ်ဝန်ကြီးများ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်နယ်ဦးစီးမှူး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက မွန်ပြည်နယ် မော်လမြိုင်မြို့နယ် အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်း ယင်းမာခန်းမ၌ ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားပြုလုပ်ပေးခြင်းနှင့် e-ID စနစ်ဖြင့် Biographic/ Biometric ကောက်ယူနိုင်ရေး ကွင်းဆင်းဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးပြီး ပန်းခင်းစီမံချက် အဆင့်(၃)ဖြင့် ဒေသခံပြည်သူများအတွက် ဆောင်ရွက်ပြီးသည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ဒေသခံပြည်သူများထံပေးအပ်ကာ ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားသည်။

အဆို ပန်းခင်းစီမံချက် အဆင့်(၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်ပေးခြင်းနှင့် e-ID စနစ်ဖြင့် Biographic/ Biometric ကွင်းဆင်းကောက်ယူခြင်းများ ဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ မော်လမြိုင်မြို့နယ်ရှိ နိုင်ငံသားစိစစ်ရေးကတ် ၁၃၀၄၊ Biographic/ Biometric Data(UID) ကောက်ယူသူ ၂၂၀ တို့ကို ပြုလုပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**



# ပဲခူးတိုင်းဒေသကြီး ပြည်မြို့၌ မြန်မာအီလက်ထရွန်နစ်မဲပေးစက် အသုံးပြုခြင်းဆိုင်ရာ နည်းပြသင်တန်းဖွင့်ပွဲ ကျင်းပ

**ပြည် မေ ၂၆**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမျိုးလှိုင်သည် ယနေ့နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) ပြည်မြို့ သီရိခေတ္တရာ မြို့တော်ခန်းမ၌ ကျင်းပသည့် မြန်မာအီလက်ထရွန်နစ်မဲပေးစက် (MEVM) အသုံးပြုခြင်းဆိုင်ရာ နည်းပြသင်တန်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။



**ပြောကြား**

ဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမျိုးလှိုင်က ပဲခူးတိုင်းဒေသကြီး (အနောက်)၌ ယခုဖွင့်လှစ်သည့် မြန်မာအီလက်ထရွန်နစ် မဲပေးစက် (MEVM) အသုံးပြုခြင်းဆိုင်ရာ နည်းပြသင်တန်းတွင် ဆရာဖြစ်သင်ကြားပေးမည် ဖြစ်သည့်အတွက် ကျွမ်းကျင်တတ်မြောက်သည်အထိ စိတ်ပါဝင်စားစွာ လေ့လာသင်ယူကြရန်နှင့် မြန်မာနိုင်ငံ၌ တီထွင်ထုတ်လုပ်ထားသည့် မြန်မာအီလက်ထရွန်နစ်မဲပေးစက် (Myanmar Electronic Voting Machine) များဖြင့် ရွေးကောက်ပွဲတွင် မဲဆန္ဒရှင်များ မဲပေးရမည်ဖြစ်၍ အချိန်ကုန်သက်သာခြင်းနှင့် မဲရလဒ်များကို လျင်မြန်စွာသိရှိနိုင်ခြင်း အကျိုးကျေးဇူးများကို ရရှိလာမည်ဖြစ်သည့်အပြင် ယခုသင်တန်းမှ တစ်ဆင့် မဲပေးစက်များကို ကျွမ်းကျင်စွာ ကိုင်တွယ်ထိန်းသိမ်း အသုံးပြုနိုင်ခြင်းအားဖြင့် မကြာမီကျင်းပတော့မည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကြီးတွင် မဲဆန္ဒရှင်ပြည်သူများနှင့် မဲရုံတာဝန်ရှိသူများ အနေဖြင့်လည်း ကိုယ်စီတာဝန်ကျေပွန်စွာဖြင့် ရွေးကောက်ပွဲကြီးကို အောင်မြင်စွာ ကျင်းပနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင် E-government ဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးညီညီလွင်က မြန်မာအီလက်ထရွန်နစ်မဲပေးစက် (MEVM)အကြောင်း ရှင်းလင်းတင်ပြပြီး ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်က တာဝန်ရှိသူများနှင့်အတူ သင်တန်းသား သင်တန်းသူများအား သင်တန်းပို့ချနေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

အဆိုပါသင်တန်းသို့ ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း)ခရိုင်နှင့် မြို့နယ် ၁၄ မြို့နယ်ရှိ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးများနှင့် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးများမှ အရာထမ်း၊ အမှုထမ်း သင်တန်းသားသင်တန်းသူ ၁၀၀ တက်ရောက်ပြီး သင်တန်းတွင် မြန်မာအီလက်ထရွန်နစ်မဲပေးစက်(MEVM) ဖွဲ့စည်းတည်ဆောက်ပုံနှင့် စက်တပ်ဆင်နည်း၊ စမ်းသပ်မဲပေးနည်း၊ ဖြုတ်ခွဲနည်း၊ ရွေးကောက်ပွဲနေ့တွင် မဲရုံ၌ မဲပေးစက် တပ်ဆင်ခင်းကျင်းနည်း၊ မဲရလဒ်ရေတွက်နည်း၊ နည်းဥပဒေပါအတိုင်း မဲရလဒ်စာရင်းပြုစုနည်း ၊ မဲပေးစက်ကို ပြန်လည်ထုပ်ပိုးသိမ်းဆည်းနည်းနှင့် မဲရုံခင်းကျင်းမှုပုံစံအတိုင်း စနစ်တကျ လက်တွေ့လေ့ကျင့်ဆောင်ရွက်နည်းပညာရပ်များကို မေ ၂၆ ရက်မှ ၂၈ ရက်အထိ သင်ကြားပို့ချမည် ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ဝေါမြို့နယ်၌ ပန်းခင်းစီမံချက် အဆင့်(၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေး

**ဝေါ မေ ၂၆**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝေါမြို့နယ်ဦးစီးမှူးရုံးက မြို့ပေါ်ရပ်ကွက်များအတွင်း နိုင်ငံသားစိစစ်ရေးကတ်ပြားမပြုလုပ်ရသေးသော ပြည်သူများအား ပန်းခင်းစီမံချက် အဆင့်(၃)ဖြင့် ယနေ့နံနက်ပိုင်းမှစတင်၍ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းဇော်ဦးက ဦးဆောင်ကာ ကွင်းဆင်းအဖွဲ့ လေးဖွဲ့ဖြင့် မြို့ပေါ်ရပ်ကွက်များအတွင်း နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိပြီး နောက်ရက်များတွင် ကျေးရွာများသို့ ဆက်လက်ကွင်းဆင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# လက်ပံတန်းမြို့၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေး

**လက်ပံတန်း မေ ၂၆**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးက ပန်းခင်းစီမံချက်(၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် e-ID ဆာဗာအတွင်းရှိ အသက်(၁၆)နှစ်အထက် နိုင်ငံသားစိစစ်ရေးကတ်ပြား လုံးဝမပြုလုပ်ရသေးသူများအားလက်ထောက်မြို့နယ်ဦးစီးမှူး ဦးဇော်သန်းကြီးကြပ်၍ ဒုတိယလဝကမှူး ဒေါ်သန်းညွန့်ခေါင်းဆောင်သောအဖွဲ့က ပျဉ်းကတိုးကုန်းကျေးရွာရှိ ပြည်သူ ၅၀ ကိုကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**




# တပ်ကုန်းမြို့နယ်၌ ကျေးလက်လမ်း၊ တံတားလုပ်ငန်းများဆောင်ရွက်နေမှု တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး

**တပ်ကုန်း မေ ၂၆**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စုနယ်မြေ နေပြည်တော်ဥတ္တရခရိုင် တပ်ကုန်းမြို့နယ်အတွင်း ရာဂီသဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးသွားသည့် လမ်း၊ တံတားများ ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းခွင်များသို့ ယမန်နေ့နံနက်ပိုင်းက တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့သည်။



ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန အင်ဂျင်နီယာချုပ် (မြို့ပြ) ဦးထွန်းဝေ၊ အင်ဂျင်နီယာချုပ် (မြို့ပြ) ဦးကျော်ကျော်ထွေး၊ ညွှန်ကြားရေးမှူး(မြို့ပြ) ဒေါ်အေးအေးဝင့်နှင့် တာဝန်ရှိသူများက ရာဂီ သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးသွားသော လမ်း၊ တံတားလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစေရေး၊ အချိန်မီပြီးစီးစေရေး အလေးထား ဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

**တင်စိုးလွင်**

# ပဲခူးတိုင်းဒေသကြီးအတွင်း တရားမဝင်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ မော်တော်ယာဉ်များအား ဖမ်းဆီးအရေးယူသွားမည်

ပဲခူး မေ ၂၆

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာအစည်းအဝေးခန်းမ၌ ယနေ့နံနက်ပိုင်းက ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း ဦးဆောင်၍ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာလုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၂/၂၀၂၅) ကျင်းပသည်။

**ပြောကြား**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်များအား ရှင်းလင်းပြောကြားသည်။ ယင်းနောက် ကျောင်းအပ်ရာသီစတင်နေပြီဖြစ်၍ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ စာတတ်မြောက်မှုရာခိုင်နှုန်းသည် တန်းစဉ်ကူးပြောင်းတက်ရောက်မှုနှင့် တိုက်ရိုက်အချိုးကျသဖြင့် တန်းစဉ်ကူးပြောင်းမှုရာခိုင်နှုန်းတိုးတက်စေရေးနှင့် ကျောင်းပြင်ပ ပညာသင်ကြားရေးစနစ်များ တိုးချဲ့ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ မိုးရာသီဖြစ်၍ စိုက်ပျိုးနိုင်သည့် လယ်ယာမြေများအားလုံး မြေလပ်မရှိ စိုက်ပျိုးသွားရန်နှင့် စိုက်ပျိုးသီးနှံအလိုက် ပန်းတိုင်အထွက်နှုန်းရရှိရေး ကြိုးစားဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ တိုင်းဒေသကြီးအတွင်း တရားမဝင်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များအား ဖမ်းဆီးအရေးယူသွားမည်ဖြစ်ကြောင်း ပြောကြားသည်။




ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးများက လုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ စီမံကိန်းရည်မှန်းချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့မှုများ၊ ပညာရေး၊ ကျန်းမာရေး၊ သာသနာရေးဆိုင်ရာကိစ္စရပ်များ လမ်း၊ တံတားနှင့် တည်ဆောက်ရေးဆိုင်ရာကိစ္စရပ်များကို တင်ပြဆွေးနွေးကြသည်။ ဆက်လက်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူးက နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီရုံးနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးတို့၏ ညွှန်ကြားချက်များကို ဖတ်ကြားရှင်းလင်းသည်။

ယင်းနောက် တက်ရောက်လာသည့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများက သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က တင်ပြချက်များနှင့်ပတ်သက်၍ လုပ်ငန်းဆောင်ရွက်မှု တစ်ခုချင်းအလိုက် အသေးစိတ်ဖြည့်စွက်လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# အင်းစိန်မြို့နယ်၌ စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီက စာအုပ်၊ စာစောင်နှင့် ပရိဘောဂပစ္စည်းများ ထပ်ဆင့်ပေးအပ်

ရန်ကုန် မေ ၂၆

ရန်ကုန် တိုင်းဒေသကြီး စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီက မြို့နယ်အတွင်းရှိ စာကြည့်တိုက်များသို့ ပေးအပ်သော စာအုပ်၊ စာစောင်များနှင့် ပရိဘောဂပစ္စည်းများ ထပ်ဆင့်ပေးအပ်ပွဲအခမ်းအနားကို မေ ၂၄ ရက်နံနက်ပိုင်းက အင်းစိန်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များ ကြီးကြပ်ရေး ကော်မတီဝင် ရန်ကုန်မြောက်ပိုင်းခရိုင် တာဝန်ခံ ဦးဘိုကြည် (ဒေါက်တာ ဗိုလ်သံမဏိ-တောင်တွင်းကြီး)၊ အင်းစိန်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးအုန်းရွှေနှင့် မြို့နယ် စာကြည့်တိုက်များ ကြီးကြပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးဝင်းမြင့် (မောင်မောင်ဝင်းမြင့်-မှုခင်း)တို့က အမှာစကားများ ပြောကြားကြသည်။ ကော်မတီအတွင်းရေးမှူး မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဒေါ်ခင်နှင်းကြည်က ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များ ကြီးကြပ်ရေး ကော်မတီက အင်းစိန်မြို့နယ် အတွင်းရှိ စာကြည့်တိုက် ၁၃ တိုက်သို့ ပေးအပ်သော စာအုပ်၊ စာစောင်များနှင့် ပရိဘောဂပစ္စည်းများ ထပ်ဆင့်ပေးအပ်ပွဲပြုလုပ်ရခြင်း အကြောင်းပြောကြားကာ မြို့နယ်အတွင်းရှိစာကြည့်တိုက်တစ်တိုက်လျှင် စာအုပ်၊ စာစောင် ၄၁ အုပ်၊ သံစာအုပ်စင် တစ်စင်နှင့် ပလတ်စတစ်ထိုင်ခုံ ရှစ်ခုံစီကို ပေးအပ်ရာ တက်ရောက်လာကြသော သက်ဆိုင်ရာ စာကြည့်တိုက်မှူးများက လက်ခံရယူခဲ့ကြောင်း သိရသည်။



**မြင့်ဦး**



# လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိ

နေပြည်တော် မေ ၂၆

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် SGE Myanmar EV Co., Ltd. က တင်သွင်းလာသော တရုတ်နိုင်ငံထုတ် DAYUN YUEHU S1 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# အုတ်တွင်းမြို့နယ်၌ မျိုးစပါးပေးအပ်ပွဲ ကျင်းပ

အုတ်တွင်း မေ ၂၆

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက မြို့နယ်အတွင်း တောင်သူများအား နည်းပညာပေးခြင်းနှင့် မျိုးစပါးပေးအပ်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သိရိရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စိုက်ပျိုးရေး/ မွေးမြူရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးအဏ္ဏဝါအောင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအောင်ဆန်းဦးက မိုးစပါးစိုက်ပျိုးမည့်တောင်သူများအား နည်းစနစ်မှန်ကန်ရေး မျိုး၊ မြေ၊ ရေ နည်းပညာများ၊ အောင်နိုင်တိုးစပါးနှင့်ပတ်သက်၍ နည်းပညာများ ဆွေးနွေးခြင်းနှင့် အထွက်တိုးရေးအတွက် နည်းစနစ်မှန်ကန်စေရေး ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ မိုးစပါးစိုက်ပျိုးမည့် ရပ်ကွက်/ ကျေးရွာအုပ်စု ငါးအုပ်စုမှတောင်သူများအား အောင်နိုင်တိုးမျိုးစပါးများကို မြို့နယ်စိုက်ပျိုးရေး/ မွေးမြူရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခင်ခင်မာ(ပြန်/ဆက်)**

# မိုးရာသီအကြို စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

ကွန်ဟိန်း မေ ၂၆

မြို့နယ်သစ်တောဦးစီးဌာနက ကြီးမှူး၍ သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး၊ ရာသီဥတုကောင်းမွန်မျှတစေရေးနှင့် သစ်တောသစ်ပင်များကို တန်ဖိုးထားတတ်စေရေးတို့အတွက် ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်ခရိုင် ကွန်ဟိန်းမြို့ စစ်ဗျူဟာ(အခြေချ) ကွန်ဟိန်းမြို့ရှောင်လမ်း၌ မေ ၂၅ ရက် နံနက်ပိုင်းက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအထောက်အကူပြု မိုးရာသီအကြို စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကျင်းပသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းနိုင်နှင့် အဖွဲ့ဝင်များ၊ စစ်ဗျူဟာ(ကွန်ဟိန်း)မှ အရာရှိနှင့် စစ်သည်မိသားစုများ၊ မြို့နယ်သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးရာဇာထွန်းနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်ဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ စုစုပေါင်း ၂၀၀ ခန့်က ကျွန်းပင် ၃၀၀ နှင့် ရေသင်းဝင် ၃၀၀ စုစုပေါင်း အပင် ၆၀၀ ကို တပျော်တပါး စုပေါင်းစိုက်ပျိုးကြကြောင်း သိရသည်။

**ခွန်ရဲထွေး**





# ထားဝယ်မြို့နယ် ရွှေဝါမြေစိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းသို့ ကွင်းဆင်းကြည့်ရှု

ထားဝယ် မေ ၂၆

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ် သမဝါယမဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေနှင့် မိုးစပါးစိုက်ပျိုးရေးစီမံကိန်း(မြစိမ်းရောင်)ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ရပ်ကွက်/ကျေးရွာလေးခုရှိ သမဝါယမအသင်းလေးသင်းမှ အသင်းသားတောင်သူ ၂၃ ဦးဖြင့် လယ်ဧက ၁၅၅၄ ဧကကို အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ရာ ရွှေဝါမြေစိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းရှိ အသင်းသားတောင်သူ ဒေါ်စန်းစန်းဝင်း၏ လယ်ယာမြေ၌ လယ်ယာမြေပြုပြင်နေမှုကို ထားဝယ်မြို့နယ် သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ ထားဝယ်မြို့နယ် သမဝါယမအသင်းစုမှ အမှုဆောင်များနှင့် ရွှေဝါမြေစိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းမှ အမှုဆောင်များ ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မြစ်သားမြို့နယ်၌ နှံစားပြောင်းသီးနှံများ အောင်မြင်စွာ ရိတ်သိမ်းပြီးစီး



**မန္တလေး မေ ၂၆**

မန္တလေးတိုင်း ဒေသကြီး မြစ်သားမြို့နယ် အတွင်းရှိ ကျေးရွာများတွင် လယ်ယာ စိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံစိုက်ပျိုးလျက် ရှိရာ နှံစားပြောင်းသီးနှံ စိုက်ဧက ၁၃၆၄ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ဧက အားလုံးအောင်မြင်စွာ ရိတ်သိမ်း ပြီးဖြစ်ကြောင်း ခရိုင်ကြေးတိုင် နှင့် မြေစာရင်းဦးစီးဌာန၏စာရင်း များအရ သိရသည်။

နှံစားပြောင်းကိုစိုက်ပျိုးပြီး လေး လကျော်ခန့်အကြာတွင် စတင် ရိတ်သိမ်းရကြောင်း၊ ထွက်တိုးနီ မျိုးများကို အများဆုံးစိုက်ပျိုး ကြပြီး တစ်ဧကလျှင် မျိုး လေးပြည် ခန့်ကုန်ကျ၍ ထွန်ကြောင်းဆွဲ အစေ့ချစနစ်ဖြင့် စိုက်ပျိုးကြ ကြောင်း၊ မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧက လျှင် စုစုပေါင်းငွေကျပ် ၂၅၀၀၀၀ ခန့် ကုန်ကျကြောင်း၊ တစ်ဧက လျှင် နှံစားပြောင်း ၃၅-၄၀ တင်း ခန့်ထွက်ရှိကြောင်း၊ ဈေးကွက် အနေဖြင့် တောင်သူများက ကျောက်ဆည်မြို့ပေါ်ရှိ ပွဲရုံများသို့ တိုက်ရိုက် တင်ပို့ရောင်းချပြီး ပွဲရုံများမှတစ်ဆင့် ရန်ကုန်နှင့် မန္တလေးမြို့များသို့ တင်ပို့ ရောင်းချကြကြောင်း၊ ယခုနှစ် တွင် နှံစားပြောင်းသီးနှံ ဈေးနှုန်း များ ကောင်းမွန်သောကြောင့် တောင်သူများအနေဖြင့် အကျိုး အမြတ်များ ပိုမိုရရှိကြောင်း သိရ သည်။

## ငရုတ်သီးနှံစိုက်ပျိုးမှုနှင့် ဈေးနှုန်းဈေးကွက်



**မန္တလေး မေ ၂၆**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်သည် ဆည်ရေ သောက်ဒေသဖြစ်ပြီး မြို့နယ်အတွင်းရှိ ကျေးရွာများတွင် လယ်ယာ စိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်လျက်ရှိရာ ငရုတ်သီးနှံကို ကျောက်ဆည် မြို့နယ်တွင် ၁၀၃ ဧက၊ စဉ့်ကိုင်မြို့နယ်တွင် ဧက ၇၆၀ စိုက်ပျိုးပြီး ဖြစ်ကြောင်း ခရိုင်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။

ငရုတ်သီးနှံကို နိုဝင်ဘာလနှင့် ဒီဇင်ဘာလများတွင် စိုက်ပျိုးပြီး လေးလခန့်အကြာတွင်စတင်ခူးဆွတ်နိုင်ကြောင်း၊ သာမို၊ ဒီမွန်၊ အက်စတာ၊ ၆၉၂၊ ကျားခေါင်း ငရုတ်မျိုးများကို စိုက်ပျိုးကြပြီး ၆၉၂ ငရုတ်မျိုးကို အများဆုံးစိုက်ပျိုးကြကြောင်း၊ မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်းငွေကျပ် ၁၅ သိန်းခန့် ကုန်ကျကြောင်း၊ အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ငရုတ်သီးခြောက်(အညှာပါ) ပိဿာချိန် ၄၀၀-၄၃၀ ခန့်ထွက်ရှိပြီး တောင်သူများက ကျောက်ဆည် မြို့ရှိ ပွဲရုံများမှတစ်ဆင့် ရန်ကုန်နှင့် မန္တလေးမြို့များသို့ တင်ပို့ရောင်းချ လျက်ရှိကြောင်း၊ ငရုတ်သီးနှံစိုက်ပျိုးခြင်းဖြင့် တောင်သူများအမြတ် ရရှိကြောင်း သိရသည်။



## ရုံးပတီသီးစိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်များစွာရရှိ

**မန္တလေး မေ ၂၆**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်အတွင်းရှိ ကျေးရွာ များတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကိုလုပ်ကိုင်ကြပြီး စပါး၊ ပဲ၊ နှမ်း၊ ပြောင်း၊ နေကြာစသည့် သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ ရုံးပတီသီးနှံကို တစ်နိုင်တစ်ပိုင်စိုက်ပျိုးရာမှ စီးပွားဖြစ် စိုက်ပျိုးလာကြကြောင်း သိရသည်။

ရုံးပတီသီးနှံသည် ရာသီမရွေးစိုက်ပျိုးနိုင်သည့် သီးနှံဖြစ်၍ စိုက်ပျိုးပြီး ၄၅ ရက်ခန့်အကြာတွင် စတင်ခူးဆွတ်နိုင်ကြောင်း၊ ပင်ပုမျိုး၊ ပင်လတ်မျိုးနှင့် ပင်မြင့်မျိုးများကို စိုက်ပျိုးကြပြီး ပင်မြင့်မျိုး (Finger One) ရုံးပတီမျိုးကို အများဆုံးစိုက်ပျိုးကြကြောင်း၊ ရုံးပတီသီး တစ်ဧက လျှင် မျိုးစေ့ ၁၂ ထုပ်ခန့် စိုက်ပျိုးရပြီး မျိုး၊ သွင်းအားစု၊ လုပ်သားခ အပါအဝင် စုစုပေါင်းငွေကျပ် ခြောက်သိန်းခန့်ကုန်ကျကြောင်း၊ ရုံးပတီသီး ကို တစ်ရက်ခြားတစ်ကြိမ် သက်တမ်းအားဖြင့် နှစ်လခန့်အထိ ခူးဆွတ်ရ ကြောင်း၊ တစ်ဧကလျှင် ရုံးပတီသီး ပိဿာချိန် ၁၀၀၀-၁၂၀၀ ခန့် ထွက်ရှိပြီး ပွဲစားများက စိုက်ခင်းသို့ လာရောက်ဝယ်ယူကြကြောင်း၊ ရုံးပတီသီးနှံ စိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်များစွာရရှိကြောင်း တောင်သူတစ်ဦးထံမှ သိရသည်။

**သတင်းရင်းမြစ် - စီးပွား/ကူးသန်း**

## ကျောက်ဆည်မြို့နယ်၌ ပဲတီစိမ်းများ အောင်မြင်ဖြစ်ထွန်း

**မန္တလေး မေ ၂၆**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည် မြို့နယ်သည် ဆည်ရေသောက်ဒေသဖြစ်ပြီး မြို့နယ်အတွင်းရှိ ကျေးရွာများတွင် လယ်ယာ စိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်လျက်ရှိရာ ပဲတီစိမ်း(မိုး)ကို ကျောက်ဆည်မြို့နယ်၌ ၃၂၉၆ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း ခရိုင် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ စာရင်း များအရ သိရသည်။

ပဲတီစိမ်း(မိုး)ကို မတ်လနှင့် ဧပြီလများ တွင် စိုက်ပျိုးကြပြီး ဇွန်လနှင့် ဇူလိုင်လများ တွင် စတင်ခူးဆွတ်ရကြောင်း၊ ကျောက်စိမ်းမျိုး နှင့် ရေဆင်း-၁၁ မျိုးများကို အများဆုံးစိုက်ပျိုး ကြပြီး တစ်ဧကလျှင်မျိုးစေ့ ၅-၆ ပြည်ခန့် ကုန်ကျကြောင်း၊ မျိုး၊ သွင်းအားစု၊ လုပ်သားခ အပါအဝင် တစ်ဧကလျှင် စုစုပေါင်းငွေကျပ် သုံးသိန်းခန့် ကုန်ကျကြောင်း၊ ယခင်နှစ်က တစ်ဧကလျှင် ပဲတီစိမ်း ၁၁-၁၂ တင်းခန့်ထွက် ရှိခဲ့ကြောင်း၊ ယခုအချိန်တွင် ပဲတီစိမ်းသီးနှံ စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိရာ အထွက်နှုန်းနှင့် ဈေးနှုန်းကောင်းမွန်ပါက အကျိုးအမြတ် ပိုမိုရရှိမည်ဖြစ်ကြောင်း ပဲတီစိမ်းစိုက် တောင်သူတစ်ဦးထံမှ သိရ သည်။



### ၂၆-၅-၂၀၂၅ ရက်နေ့ တိုင်းဒေသကြီးနှင့် ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါး ဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြုံကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၂၀၀ | | ၈၂၀၀ | ၂၅၀၀၀ | ၁၀၆၇၅ | ၂၅၀၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၁၂၀၀၀ | ၁၁၀၀၀ | ၈၀၀၀ | ၂၀၀၀ | ၁၂၀၀၀ | ၉၅၀၀ | ၁၅၀၀၀ | ၃၅၀၀ | ၈၀၀၀ | ၃၀၀၀၀ | ၅၀၀၀၀ | ၃၀၀၀၀ | ၃၅၀၀၀ | ၂၈၀၀၀ |
| ၂ | ကျိုင်းတုံ | ၅၂၀၀ | | ၇၅၀၀ | ၂၂၀၀၀ | - | ၁၇၀၀၀ | ၃၅၀၀ | ၁၂၀၀၀ | ၁၂၀၀၀ | ၁၅၀၀၀ | ၄၈၀၀ | ၂၇၀၀ | ၁၁၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၄၅၀၀ | ၇၀၀၀ | ၂၀၀၀၀ | ၃၈၀၀၀ | ၃၂၀၀၀ | | ၁၈၀၀၀ |
| ၃ | တောင်ကြီး | ၃၃၀၀ | ၃၄၀၀ | ၆၅၀၀ | ၁၉၀၀၀ | ၇၃၂၀ | ၁၆၅၀၀ | ၂၀၀၀ | ၇၀၀၀ | ၁၅၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၂၀၀၀ | ၁၁၀၀၀ | ၇၀၀၀ | ၅၅၀၀ | ၅၀၀၀ | ၅၅၀၀ | ၂၀၀၀၀ | ၃၂၀၀၀ | ၃၀၀၀၀ | ၃၅၀၀၀ | ၂၀၀၀၀ |
| ၄ | လွိုင်ကော် | ၄၅၀၀ | | ၈၂၀၀ | ၂၀၀၀၀ | ၇၂၀၀ | ၁၆၅၀၀ | ၁၈၀၀ | ၈၀၀၀ | | | ၄၅၀၀ | ၁၀၀၀ | ၁၀၅၀၀ | ၆၈၀၀ | ၅၀၀၀ | ၄၅၀၀ | ၅၇၀၀ | ၂၀၀၀၀ | ၃၅၀၀၀ | ၃၅၀၀၀ | ၃၅၀၀၀ | ၁၈၀၀၀ |
| ၅ | ဘားအံ | ၃၂၀၀ | | ၅၅၀၀ | ၂၀၀၀၀ | ၇၃၀၀ | ၁၂၀၀၀ | ၂၅၀၀ | ၁၂၀၀၀ | ၁၅၀၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၂၀၀၀ | ၁၀၀၀၀ | ၆၅၀၀ | ၉၀၀၀ | ၄၅၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၆၀၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၁၂၀၀၀ |
| ၆ | မော်လမြိုင် | ၃၀၀၀ | | ၅၂၀၀ | ၁၈၀၀၀ | ၇၂၆၀ | ၁၂၀၀၀ | ၂၀၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၆၅၀၀ | ၁၅၀၀ | ၁၂၀၀၀ | ၆၅၀၀ | ၁၀၀၀၀ | ၄၅၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၃၂၀၀၀ | ၂၀၀၀၀ | ၄၀၀၀၀ | ၁၂၀၀၀ |
| ၇ | ထားဝယ် | ၃၅၀၀ | | ၆၀၀၀ | ၂၀၀၀၀ | ၇၇၅၀ | ၁၃၀၀၀ | ၂၅၀၀ | ၁၂၀၀၀ | ၁၅၅၀၀ | | ၇၀၀၀ | ၇၀၀ | ၁၀၅၀၀ | ၇၀၀၀ | ၁၀၀၀၀ | ၅၀၀၀ | ၅၆၀၀ | ၂၀၀၀၀ | ၃၂၀၀၀ | ၂၂၀၀၀ | ၃၅၀၀၀ | |
| ၈ | မြိတ် | ၃၃၀၀ | | ၅၇၀၀ | ၂၀၀၀၀ | ၈၀၀၅ | ၁၅၅၀၀ | ၂၅၀၀ | ၁၀၀၀၀ | ၁၆၅၀၀ | | ၆၅၀၀ | ၁၅၀၀ | ၁၀၀၀၀ | ၈၅၀၀ | ၁၁၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၂၃၀၀၀ | ၃၄၀၀၀ | ၃၀၀၀၀ | ၄၀၀၀၀ | |
| ၉ | ရန်ကုန် | ၃၂၀၀ | | ၅၀၀၀ | ၂၀၅၀၀ | ၆၈၀၀ | ၁၂၀၀၀ | ၂၆၀၀ | ၁၄၀၀၀ | ၁၅၀၀၀ | ၁၄၀၀၀ | ၈၀၀၀ | ၂၀၀၀ | ၁၁၀၀၀ | ၆၅၀၀ | ၁၀၀၀၀ | ၅၀၀၀ | ၅၄၀၀ | ၂၃၀၀၀ | ၃၄၀၀၀ | ၃၀၀၀၀ | ၃၈၀၀၀ | ၁၁၀၀၀ |
| ၁၀ | ပုသိမ် | ၃၀၀၀ | | ၄၆၀၀ | ၂၃၀၀၀ | ၇၁၀၀ | ၈၅၀၀ | ၁၉၀၀ | ၁၀၀၀၀ | ၁၁၀၀၀ | ၇၀၀၀ | ၇၀၀၀ | ၇၅၀ | ၁၁၀၀၀ | ၆၂၀၀ | ၁၂၀၀၀ | ၃၃၀၀ | ၅၃၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | ၂၀၀၀၀ | ၂၉၀၀၀ | ၁၂၀၀၀ |
| ၁၁ | ဟားခါး | | | ၁၁၀၀၀ | ၃၁၀၀၀ | - | ၆၅၀၀၀ | ၈၅၀၀ | ၃၀၀၀၀ | | | ၇၀၀၀ | ၁၄၀၀ | | ၁၃၅၀၀ | | ၉၅၀၀ | ၉၀၀၀ | ၃၈၀၀၀ | ၃၀၀၀၀ | ၃၀၀၀၀ | | ၃၅၀၀၀ |
| ၁၂ | မုံရွာ | ၃၇၀၀ | | ၆၂၀၀ | ၁၈၀၀၀ | ၇၆၅၀ | ၁၀၀၀၀ | ၂၀၀၀ | ၈၀၀၀ | ၁၈၀၀၀ | ၁၂၀၀၀ | ၄၅၀၀ | ၂၂၀၀ | ၁၀၀၀၀ | ၇၇၀၀ | ၉၀၀၀ | ၆၀၀၀ | ၆၀၀၀ | ၂၃၀၀၀ | ၃၄၀၀၀ | ၃၀၀၀၀ | ၃၂၀၀၀ | ၁၂၀၀၀ |
| ၁၃ | မန္တလေး | ၃၅၀၀ | | ၆၅၀၀ | ၁၇၅၀၀ | ၇၅၀၀ | ၁၂၀၀၀ | ၁၅၀၀ | ၁၀၀၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၁၂၀၀ | ၉၂၀၀ | ၆၃၀၀ | ၁၅၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၂၂၀၀၀ | ၃၆၀၀၀ | ၃၄၀၀၀ | ၃၄၀၀၀ | ၁၈၀၀၀ |
| ၁၄ | ပခုက္ကူ | ၄၀၀၀ | | ၆၅၀၀ | ၁၇၅၀၀ | ၇၇၀၀ | ၁၂၀၀၀ | ၁၃၀၀ | ၁၁၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၄၅၀၀ | ၁၁၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၈၅၀၀ | ၄၅၀၀ | ၆၀၀၀ | ၂၄၀၀၀ | ၃၅၀၀၀ | ၃၃၀၀၀ | ၃၂၀၀၀ | ၁၃၀၀၀ |
| ၁၅ | မကွေး | ၃၄၀၀ | | ၆၂၀၀ | ၁၆၅၀၀ | ၇၂၈၀ | ၁၁၅၀၀ | ၁၅၀၀ | ၁၁၀၀၀ | ၁၆၀၀၀ | ၁၀၀၀၀ | ၄၅၀၀ | ၁၂၀၀ | ၈၈၀၀ | ၇၀၀၀ | ၄၀၀၀ | ၄၅၀၀ | ၅၅၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၉၀၀၀ | ၂၀၀၀၀ | ၁၄၀၀၀ |
| ၁၆ | ပြည် | ၃၀၀၀ | | ၅၁၀၀ | ၁၆၀၀၀ | ၇၃၀၀ | ၁၁၀၀၀ | ၁၈၀၀ | ၁၀၀၀၀ | ၁၅၀၀၀ | | ၅၀၀၀ | ၆၀၀ | | ၆၈၀၀ | ၉၀၀၀ | ၄၂၀၀ | ၅၀၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | ၁၁၀၀၀ |
| ၁၇ | ပဲခူး | ၃၀၀၀ | | ၅၁၀၀ | ၁၇၅၀၀ | ၇၃၀၀ | ၁၀၀၀၀ | ၁၈၀၀ | ၉၀၀၀ | ၁၆၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၆၀၀ | ၉၀၀၀ | ၆၈၀၀ | ၉၀၀၀ | ၄၀၀၀ | ၅၃၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၁၈၀၀၀ | ၂၃၀၀၀ | ၇၀၀၀ |
| ၁၈ | ပျဉ်းမနား | ၃၃၀၀ | | ၆၁၀၀ | ၁၈၀၀၀ | ၇၀၉၅ | ၁၆၄၀၀ | ၁၈၀၀ | ၁၁၀၀၀ | ၁၅၄၀၀ | ၁၀၈၀၀ | ၄၅၀၀ | ၁၄၀၀ | ၁၀၀၀၀ | ၆၄၀၀ | ၇၇၀၀ | ၄၈၀၀ | ၅၅၀၀ | ၁၈၆၀၀ | ၃၆၀၀၀ | ၃၀၀၀၀ | ၃၈၀၀၀ | ၁၄၅၀၀ |
| ၁၉ | နေပြည်တော် | ၃၃၀၀ | | ၆၁၀၀ | ၁၈၂၀၀ | ၇၀၉၅ | ၁၆၅၀၀ | ၂၀၀၀ | ၁၁၄၀၀ | ၁၅၆၀၀ | ၁၁၂၀၀ | ၄၇၀၀ | ၁၄၀၀ | ၁၀၆၀၀ | ၆၆၀၀ | ၈၀၀၀ | ၅၀၀၀ | ၅၅၀၀ | ၁၈၆၀၀ | ၃၆၅၀၀ | ၃၂၀၀၀ | ၃၈၅၀၀ | ၁၄၈၀၀ |
| ၂၀ | ကလေး | ၃၂၀၀ | | | ၂၀၀၀၀ | ၁၄၃၀၀ | ၂၂၀၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၂၂၀၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၂၂၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၆၀၀၀ | ၆၅၀၀ | ၃၀၀၀၀ | ၄၀၀၀၀ | ၃၀၀၀၀ | ၄၈၀၀၀ | ၁၆၀၀၀ |

# ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ ရင်ပြင်နီနှင့် ဘယ်ဒန်အန်ခါရှိ အာကာသပြတိုက်တွင် လေ့လာ

နေပြည်တော် မေ ၂၆

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် မေ ၂၃ ရက် မွန်းလွဲပိုင်းက ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့တော်ရှိ ကမ္ဘာကျော်သမိုင်းဝင်နေရာများသို့ သွားရောက်လေ့လာသည်။

ဦးစွာ ဒုတိယဝန်ကြီးသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ယဉ်ကျေးမှု၊ နိုင်ငံရေးနှင့် ဘာသာရေးသမိုင်း၏အထိမ်းအမှတ် အဆောက်အအုံများတည်ရှိရာ အကြီးမားဆုံးနှင့် အကျော်ကြားဆုံး ရင်ပြင်ဖြစ်ကာ မော်စကိုမြို့တော်၏ သမိုင်းဝင်ဗဟိုချက်လည်းဖြစ်သည့် ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ရင်ပြင်နီ (လှပသောရင်ပြင်)သို့ ရောက်ရှိခဲ့ပြီး ဒုတိယကမ္ဘာစစ်အတွင်း ကျဆုံးခဲ့သောသူရဲကောင်းများအား ဂုဏ်ပြုထာဝရမီးဂူဖြစ်သည့် အညတရသူရဲကောင်းတစ်ဦး၏ ဂူဗိမာန်၊ ဒုတိယကမ္ဘာစစ်အတွင်း နာဇီဂျာမနီကို အောင်နိုင်ခဲ့သော ဆိုဗီယက် ဗိုလ်ချုပ်ကြီးဂျော့ဂျ်ဇူးကော့ဗ် ဂုဏ်ပြုရုပ်တု၊ Resurrection Gate၊ စစ်သမိုင်းပြတိုက်၊ စစ်ရေးပြနေရာ၊ ၁၈၉၃ ခုနှစ်တွင် ဗဟိုဈေးဝယ်စင်တိုးအဖြစ် စတင်ဖွင့်လှစ်ခဲ့သည့် ဂွမ်း (GUM) ကုန်တိုက်၊ ၁၅၆၁ ခုနှစ်က တည်ဆောက်ခဲ့သည့် ဗာစီလီးဘလာရမ်းနီရီ ဘုရားကျောင်း၊ ကရင်မလင်နန်းတော်နံရံများနှင့် မျှော်စင်များ၊ ၁၈၁၂ ခုနှစ်တွင် နပိုလီယံ၏တပ်များကို အောင်မြင်စွာ တိုက်ထုတ်နိုင်ခဲ့သဖြင့် အများပြည်သူတို့၏ လှူဒါန်းငွေများဖြင့် ၁၈၃၇-၁၈၈၃ ခုနှစ်များတွင် တည်ဆောက်ခဲ့သော ခရစ်စထ်စပါစီးကျေးလ် ဘုရားရှိခိုးကျောင်း၊ မြို့တော်အလယ်ဗဟိုနေရာ (ဇီးရီးကီလိုမီတာ)တို့တွင် လှည့်လည်လေ့လာကြည့်ရှုခဲ့ကြသည်။



ဆက်လက်၍ ဒုတိယဝန်ကြီးသည် မော်စကိုမြို့တော်မြောက်ပိုင်းရှိ စတာလင်လက်ထက် ၁၉၃၀ ပြည့်နှစ်ကျော်နှင့် ၁၉၅၄ ခုနှစ်အတွင်း တည်ဆောက်ခဲ့သည့် ဆိုဗီယက်ပြည်ထောင်စုခေတ်၏ အမျိုးသားအကျိုးစီးပွားအောင်မြင်မှု သမိုင်းများကို ခင်းကျင်းပြသသည့် ပြတိုက်များ၊ အံ့သြဘနန်းဗိသုကာလက်ရာများ၊ အပန်းဖြေဥယျာဉ်များတည်ရှိရာ ဘယ်ဒန်အန်ခါ (VDNKh) ပန်းခြံသို့ရောက်ရှိခဲ့ပြီး “Friendship of Peoples” ရေပန်းနှင့် ပြတိုက်များတွင် ကြည့်ရှုလေ့လာသည်။

ဒုတိယဝန်ကြီးသည် အက်တမ် (ATOM) ပြခန်းတွင် လေ့လာပြီးသည့်နောက် စတုရန်းမီတာ ၁၀၀၀ ကျော်ကျယ်ဝန်းသည့်လေကြောင်းနှင့်အာကာသဆိုင်ရာ ပြခန်းသို့ရောက်ရှိခဲ့ပြီး ဇုန် ၁ အာကာသလမ်းမပြကွက်များ၌ အလေးချိန် တန်ပေါင်း ၃၀ ကျော်ရှိသည့် Mir orbital station အာကာသစခန်း၏ အရွယ်အစားအစစ်အတိုင်းပြုလုပ်ထားသော ပုံစံတူမော်ဒယ်၊ အလိုအလျောက်ထိန်းချုပ်သော Diamond orbital station အပါအဝင် လက်တွေ့အရွယ်အစားရှိသော အာကာသစခန်းများ၊ ကမ္ဘာ့ပထမဆုံး အာကာသယာဉ်နှင့် အာကာသယာဉ်များ၏ ပုံစံများနှင့် ဒုံးပျံအင်ဂျင်နှင့် အရှိန်မြှင့်စက်များနှင့် ၂၀ ရာစု ရုရှားအာကာသပညာ၏ အောင်မြင်မှုများကို ဖော်ပြထားမှုများကိုလည်းကောင်း၊ ဇုန် ၂ တည်ဆောက်ရေးပြကွက်များ၌ အာကာသဆိုင်ရာဆေးပညာ၊ ဇီဝဗေဒနှင့် နက္ခတ္တဗေဒသုတေသနများ၊ အာကာသစိုက်ပျိုးရေးပြကွက်များနှင့် “People in Space” အပိုင်းတွင် ကမ္ဘာ့ပထမဆုံး အမျိုးသားအာကာသယာဉ်မှူးဖြစ်သည့် ယူရီဂါဂါရင်နှင့် ကမ္ဘာ့ပထမဆုံးအမျိုးသမီးအာကာသယာဉ်မှူးဖြစ်သည့် ထရယ်ရှကော့ဗာ တို့အပါအဝင် ဆိုဗီယက်ခေတ်နှင့် ရုရှားအာကာသယာဉ်မှူးများ၏ စွမ်းဆောင်ရည်များအကြောင်း ရှင်းလင်းဖော်ပြထားမှုများ၊ ဇုန် ၃ တွင် အနာဂတ်အာကာသစခန်းအဖြစ် စကြဝဠာ၏တည်ဆောက်ပုံနှင့် အာကာသသိပ္ပံဖွံ့ဖြိုးတိုးတက်မှု၏ အလားအလာများ၊ ထူးခြားသောအပြန်အလှန်တုံ့ပြန်မှုရှိသည့် စမ်းသပ်ရေးယာဉ်များ၏ အကူအညီဖြင့် လာရောက်လေ့လာသူများသည် အာကာသထဲသို့ ခရီးထွက်နိုင်မှုများ၊ 5D Sphere ရုပ်ရှင်ရုံနှင့် မဟာပေါက်ကွဲမှုသီအိုရီမှ မားစ်ဂြိုဟ်တွင် လူသားတို့အခြေချနေထိုင်နိုင်ရန် ကြိုးပမ်းဆောင်ရွက်မှုအပါအဝင် စကြဝဠာကိုအောင်နိုင်မှု သမိုင်းပြကွက်များကို လေ့လာကြည့်ရှုသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ ROSCOSMOS အပါအဝင် နိုင်ငံတကာအာကာသအဖွဲ့အစည်းများနှင့် ငြိမ်းချမ်းသောရည်ရွယ်ချက်ဖြင့် အာကာသနည်းပညာဖွံ့ဖြိုးတိုးတက်အောင် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး မိတ္ထီလာမြို့ရှိ မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်၌ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမှန်တကယ်အားထားရသည့် ဗလငါးတန်နှင့်ပြည့်စုံသော လေကြောင်းနှင့် အာကာသဆိုင်ရာ အင်ဂျင်နီယာလူငယ်ကောင်းများကို အရည်အသွေးပြည့်မီစွာ စဉ်ဆက်မပြတ် မွေးထုတ်ပေးနိုင်ရေး အလေးထားကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

**“ကန့်ကွက်နိုင်ပါသည်”**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၈၃)ရပ်ကွက်၊ သော်ကလမ်း၊ အမှတ်(၆၉၉)ဟု မှတ်သားတည်ရှိသော ဦးဝမ်းလျှံခွဲ[၁၂/ဒဂန(နိုင်)၀၀၂၉၈၃] အမည်ပေါက် ပေ(၄၀ x ၆၀)အကျယ်အဝန်းရှိသည့် ပါမစ်မြေကွက်အနက်မှ အမှတ်(၇၀၀)နှင့် ကပ်လျက်တည်ရှိသော ပေ(၁၀ x ၆၀)မြေကွက်နှင့်တကွ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံသူ ဦးထွန်းထွန်းနိုင်[၁၂/ဥကတ(နိုင်)၁၈၁၂၇၈]ထံမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေပေးချေထားပြီးဖြစ်ရာ ထိုအရောင်းအဝယ်အပေါ် ကန့်ကွက်လိုသည့် မည်သူမဆိုခိုင်လုံသော စာမှတ်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးသူရိန်ကျော်(ဥပဒေဘွဲ့)**
**အထက်တန်းရှေ့နေ (စဉ်-၅၂၃၄၅)**
**အမှတ်(၆၈၂)၊ ရွှေဝါထွန်းလမ်း၊ ၆၈-ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း ၀၉-၄၀၇၉၀၀၆၁၆၊ ၀၉-၄၅၇၃၉၈၂၂၇**

**PearlSchoolinfo 777 Account နှင့်**
**အများသိစေရန် အသိပေးကြေညာခြင်း**

ကျွန်ုပ်၏အမှုသည်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပုလဲ(၁)ရပ်ကွက်၊ ငုဝါလမ်း၊ အမှတ်(၇၇)နေ ဒေါက်တာကျော်သူထွန်း[၁၄/ဟသတ(နိုင်)၀၄၆၉၈၀]၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ PearlSchoolinfo 777 Account နှင့် အချို့လူပုဂ္ဂိုလ်များသည် အမည်မှန်ကို အသုံးမပြုဘဲ အမည်ဝှက်ဖြင့် လည်းကောင်း၊ အခြားအမည်များကို ဖော်ပြ၍လည်းကောင်း ဒေါက်တာကျော်သူထွန်း၏ ထင်ပေါ်ကျော်ကြားမှုနှင့် ဂုဏ်သိက္ခာထိခိုက်ကျဆင်းစေရန် ဆက်သွယ်ရေးကွန်ရက်ကို အသုံးပြု၍ အသရေဖျက်ခြင်း၊ နှောင့်ယှက်ခြင်း၊ စိတ်ငြိုငြင်စေခြင်း၊ မဟုတ်မမှန်စွပ်စွဲခြင်းတို့ကို ပြုလုပ်နေ ကြောင်းနှင့် ထိုသို့ပြုလုပ်နေသည်ကို ပြန်လည်မျှဝေထားသည့် အထောက်အထားများအားလုံးကို ကျွန်ုပ်ကိုယ်တိုင်ဖတ်ရှုမြင်တွေ့သိရှိရပါသည်။ ဒေါက်တာကျော်သူထွန်းနှင့် ပတ်သက်၍ ထိခိုက်နစ်နာစေသော မဟုတ်မမှန်သည့်ဖော်ပြချက်များကို ရေးသားဖြန့်ဝေခြင်း၊ ပြောဆိုခြင်း၊ နှောင့်ယှက်ခြင်းများ မပြုလုပ်ရန် အသိပေးတားမြစ်လိုက်ပါသည်။ ထိုသို့တားမြစ်ထားပါလျက် မရိုးမဖြောင့်သော သဘောဖြင့် ထပ်မံပြုလုပ်ပါက ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါက်တာကျော်သူထွန်း၏လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်မျိုးသူဇာနှင်း** | **ဦးသန်းထူးကျော်** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၂၁၆)** | **အထက်တန်းရှေ့နေ (စဉ်-၅၆၄၄၇)** |
| **၀၉ - ၂၅၄၂၁၈၀၂၄** | **၀၉ - ၂၅၄၃၂၁၀၆၁** |

**“ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း”**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀၅)၊ အင်ကြင်းမြိုင်လမ်း၊ မြေကွက်အမှတ်(၇၈)ဟုခေါ်တွင်သော ဦးဌေးလွင် အမည်ပေါက်သည့် ပါမစ်မြေအမျိုးအစား၊ မြေအကျယ်(၄၀x၆၀)ပေအနက်မှ ခြေရင်းဘက်ခြမ်း မြေအကျယ်ပေ(၂၀x၆၀)ရှိ မြေကွက်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးဇော်မင်းသိန်း[၁၂/တမန(နိုင်)၁၃၅၈၁၅]မှ ဝယ်ယူပိုင်ဆိုင်ပါကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိ ကင်းရှင်းပါကြောင်း တာဝန်ယူရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမျိုးမြင့်အောင်[၉/မကန(ပြု)၀၀၀၈၁၇]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသတို့ကိုပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ခိုင်လုံသော အထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့်ဆက်သွယ်၍ ကန့်ကွက်နိုင်ပါသည်။ အကယ်၍ (၁၄)ရက်ကျော်လွန်သည့်တိုင် ကန့်ကွက်မည့်သူများမရှိပါက ဤအရောင်းအဝယ်ကိစ္စကိုပြီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ညွှန်ကြားသူ**
**ဦးမျိုးမြင့်အောင်**

**-ညွှန်ကြားချက်အရ -**
**ဒေါ်ခင်သူဇာဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၆၄၆၀)**
**အမှတ် (၈၁၈)၊ အောင်သပြေလမ်း၊ (၁၉)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၂၅၆၃၂၂၀၉၁**

# ရပ်ကွက် / ကျေးရွာစာကြည့်တိုက်များသို့ စာအုပ်စာစောင်၊ ပရိဘောဂများ လှူဒါန်းပွဲကျင်းပ

ရန်ကုန် မေ ၂၆

ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီက လှူဒါန်းသော စာအုပ်/ စာစောင်များ၊ စာအုပ်တင်သံစင်နှင့် ပလတ်စတစ်ထိုင်ခုံ ပရိဘောဂပစ္စည်းများကို ရပ်ကွက်/ကျေးရွာ စာကြည့်တိုက်များသို့ ပေးအပ်လှူဒါန်းပွဲနှင့် စာကြည့်တိုက်ကော်မတီဝင်များ တွေ့ဆုံပွဲကို ယမန်နေ့နံနက်ပိုင်းတွင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြု ဗဟိုဌာနခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး တိုင်းဦးစီးမှူး ဒေါ်ခင်စောလင်းက စာအုပ်စာစောင်နှင့် ပရိဘောဂများ လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီရုံးအဖွဲ့မှူး ဦးဝင်းသိန်းက စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့က လှူဒါန်းသော စာကြည့်တိုက် တစ်တိုက်လျှင် စာအုပ်တင်သံစင်တစ်စင်၊ ပလတ်စတစ်ထိုင်ခုံ ရှစ်လုံးနှင့် သုတ၊ ရသစာအုပ် ၄၁ အုပ်တို့ကို ဒဂုံမြို့သစ်ခရိုင်အတွင်းရှိ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်တို့မှ ရပ်ကွက်/ကျေးရွာ စာကြည့်တိုက် ၁၂ တိုက်သို့ ပေးအပ်လှူဒါန်းရာ ရပ်ကွက်/ကျေးရွာ စာကြည့်တိုက်မှူးများက လက်ခံရယူကြသည်။



ထို့နောက် ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးနှင့် မြို့နယ်၊ ရပ်ကွက်/ကျေးရွာ စာကြည့်တိုက်ကော်မတီဝင်များက စာကြည့်တိုက်များ ရေရှည်ရှင်သန်ခိုင်မာရေး ရင်းရင်းနှီးနှီးတွေ့ဆုံ ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ဒဂုံတောင်(ပြန်/ဆက်)

**❖ ကျောဖုံးမှ**

ရာသီပြီးဆုံးချိန်မှာ လက်စတာစီးတီးအသင်း၊ အစ်ဆွစ်အသင်းနဲ့ ဆောက်သမ်တန်အသင်းတို့ကတော့ ပရီမီယာလိဂ်ကနေ ချန်ပီယံရှစ်ကို တန်းဆင်းသွားခဲ့ရတာဖြစ်ပါတယ်။ ဒါ့ပြင် အက်စ်တွန်ဗီလာအသင်းက အဆင့်(၆)နေရာမှာ ရပ်တည်နိုင်ခဲ့တာကြောင့် လာမယ့်ဘောလုံးရာသီမှာ ယူရိုပါလိဂ်ဝင်ခွင့်ရရှိမှာ ဖြစ်ပါတယ်။ အမှတ်ပေးဇယား အဆင့်(၁၂)နေရာနဲ့သာ ကျေနပ်ခဲ့ရတဲ့ ခရစ္စတယ်ပဲလေ့စ်အသင်းကလည်း အက်ဖ်အေဖလားကို ရယူဆွတ်ခူးနိုင်ခဲ့တာကြောင့် လာမယ့်ဘောလုံးရာသီမှာ ယူရိုပါလိဂ်ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိမှာ ဖြစ်ပါတယ်။

ပရီမီယာလိဂ်အမှတ်ပေးဇယားရဲ့ အဆင့်(၇) နေရာမှာ ရပ်တည်နေတဲ့ နော်တင်ဟမ်ဖောရက်စ်အသင်းကတော့ လာမယ့်ဘောလုံးရာသီမှာ ဥရောပကွန်ဖရန့်လိဂ်ကို ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိခဲ့တာဖြစ်ပါတယ်။

လာမယ့်ဘောလုံးရာသီမှာ ချန်ပီယံလိဂ်၊ ယူရိုပါလိဂ်နဲ့ ကွန်ဖရန့်လိဂ်တို့မှာ ပါဝင်ကစားခွင့်ရရှိမယ့်အသင်းတွေ ထွက်ပေါ်ခဲ့တဲ့အပြင် လိဒ်ယူနိုက်တက်အသင်း၊ ဘန်လေအသင်းနဲ့ ဆန်းဒါးလန်းအသင်းတို့ဟာလည်း လာမယ့်ဘောလုံးရာသီမှာ ပရီမီယာလိဂ်သို့ တန်းတက်ခွင့်ရရှိခဲ့တာ ဖြစ်ပါတယ်။

ငွေကြယ်

**❍ အာဆီယံ ယူ-၁၉ မှ**

ယင်းပြိုင်ပွဲတွင် အသင်းစုစုပေါင်း ရှစ်သင်းဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး အုပ်စု(က)တွင် အိမ်ရှင်ဗီယက်နမ်၊ မြန်မာ၊ လာအို၊ တီမော၊ အုပ်စု(ခ)တွင် ထိုင်း၊ အင်ဒိုနီးရှား၊ ကမ္ဘောဒီးယားနှင့် မလေးရှားအသင်းတို့ ပါဝင်နေသည်။ မြန်မာအသင်းသည် အုပ်စုပွဲများအဖြစ် ဇွန် ၉ ရက်တွင် အိမ်ရှင်ဗီယက်နမ်အသင်း၊ ဇွန် ၁၁ ရက်တွင် လာအိုအသင်း၊ ဇွန် ၁၃ ရက်တွင် တီမောအသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ အုပ်စုပွဲများကို ဇွန် ၉ ရက်၊ ၁၁ ရက်နှင့် ၁၃ ရက်တွင် တစ်နေ့လျှင် လေးပွဲနှုန်း ကျင်းပမည်ဖြစ်ပြီး ဆီမီးဖိုင်နယ်ပွဲစဉ်များကို ဇွန် ၁၆ ရက်၊ ဗိုလ်လုပွဲနှင့် တတိယလုပွဲကို ဇွန် ၁၈ ရက်တွင် ကျင်းပမည်ဖြစ်သည်။

**ယှဉ်ပြိုင်ရမည်**

မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းသည် ယခုနှစ်အတွင်း နိုင်ငံတကာပြိုင်ပွဲနှစ်ခု ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ပထမဆုံးပြိုင်ပွဲအဖြစ် အာဆီယံပြိုင်ပွဲ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းကို ဒေါ်သက်သက်ဝင်းက နည်းပြချုပ်အဖြစ် ကိုင်တွယ်နေပြီး ပဏာမကစားသမား ၃၀ ကျော်ဖြင့် ဖွဲ့စည်းထားသည်။

**သတင်း - ရှိုင်းထက်ဇော်**
**ဓာတ်ပုံ - MFF**

## လောကချမ်းသာ အဘယ လာဘမုနိ ရုပ်ပွားတော်မြတ်ကြီး ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ အိတ်ပိတ်တင်ဒါ ခေါ်ယူခြင်း

၁။ လောကချမ်းသာ အဘယ လာဘမုနိ ရုပ်ပွားတော်မြတ်ကြီး၏ ၂၀၂၅-ခုနှစ် ဘဏ္ဍာရေးနှစ် (ပြင်/ထိန်း)အသုံးစရိတ်ဖြင့် စကျင်ကျောက်သပိတ်တော်ကြီး၏ တန်ဆောင်းတော် တည်ဆောက်ရန် မြန်မာနိုင်ငံသား ဆောက်လုပ်ရေး လုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် အိတ်ပိတ်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| | | |
|---|---|---|
| (က) | တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက် | - ၁-၆-၂၀၂၅ ရက် |
| (ခ) | တင်ဒါလျှောက်လွှာ နောက်ဆုံးရောင်းချမည့်ရက် | - ၇-၆-၂၀၂၅ ရက် |
| (ဂ) | တင်ဒါလျှောက်လွှာ နောက်ဆုံးတင်သွင်းရမည့်ရက် | - ၈-၆-၂၀၂၅ ရက် |
| (ဃ) | တင်ဒါဖွင့်မည့်ရက် | - ၉-၆-၂၀၂၅ ရက် |
| (င) | တင်ဒါတင်သွင်းမည့်နေရာ | - လောကချမ်းသာအဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီး ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ရုံး၊ မင်းဓမ္မကုန်းတော်၊ အင်းစိန်မြို့နယ် ရန်ကုန်တိုင်းဒေသကြီး |

၂။ အိတ်ပိတ်တင်ဒါ လျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ဂေါပကရုံး၌ ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက် ဝယ်ယူရန်နှင့် အသေးစိတ်အချက်များ သိရှိလိုပါက ရုံးအဖွဲ့မှူး၊ ဖုန်းနံပါတ် ၀၉-၂၅၉၁၆၁၉၂၅ သို့ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## လင်မယားအဖြစ်မှ ပြတ်စဲကြောင်း အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ **ဒေါ်ခင်လေးမွန် [၁၄/မမန(နိုင်)၀၀၀၇၉၇]** ၏ လွှဲအပ်ညွှန်ကြားချက်အရ **ဦးမင်းနိုင်ဦး [၁၂/သကတ(နိုင်)၂၀၉၆၄၂]** သိရှိစေရန် အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

ဒေါ်ခင်လေးမွန်နှင့် ဦးမင်းနိုင်ဦးတို့သည် (၂၄-၄-၂၀၁၆) ရက်နေ့တွင် လက်ထပ်ထိမ်းမြားခဲ့ကြပြီး အသက် (၉) နှစ်အရွယ် သမီးတစ်ဦးမွေးဖွားခဲ့ပါသည်။ ဦးမင်းနိုင်ဦးသည် ဒေါ်ခင်လေးမွန်နှင့် သမီးဖြစ်သူတို့အပေါ် ခင်ပွန်းနှင့် ဖခင်တစ်ဦးထားရှိရမည့် တာဝန်ဝတ္တရားများ ကြိမ်ဖန်များစွာ ပျက်ကွက်ခဲ့သည့်အပြင် (၁၆-၁၂-၂၀၂၄) ရက်နေ့မှစ၍ နေအိမ်မှ အကြောင်းမဲ့ထွက်ခွာသွားခဲ့ပြီး ယခုအချိန်ထိ ပြန်လည်ရောက်ရှိလာခြင်းမရှိသည့်အပြင် ဆက်သွယ်မှုလည်း လုံးဝပြုလုပ်ခြင်းမရှိ။ ဒေါ်ခင်လေးမွန်မှ ဆက်သွယ်သော်လည်း ဆက်သွယ်၍ မရရှိအောင် ပြုလုပ်ထားပြီး ဦးမင်းနိုင်ဦး၏ မိဘများမှလည်း လင်မယားအဖြစ်မှ ပြတ်စဲခြင်းကိုသဘောတူကြောင်း ပြောဆိုပါသည်။ သို့ဖြစ်ပါ၍ ဒေါ်ခင်လေးမွန်ဘက်မှလည်း ဦးမင်းနိုင်ဦးအား ဆက်လက်ပေါင်းသင်းနေထိုင်ရန် လုံးဝမဖြစ်နိုင်တော့သဖြင့် ခင်ပွန်းအဖြစ်မှ ပြတ်စဲလိုက်ပါကြောင်း ဦးမင်းနိုင်ဦးသိစေရန် အသိပေးကြေညာအပ်ပါသည်။ နောက်နောင်တွင် ဦးမင်းနိုင်ဦးနှင့်ပတ်သက်သည့်ကိစ္စအဝဝအားလုံးသည် ဒေါ်ခင်လေးမွန်နှင့် သက်ဆိုင်ခြင်း လုံးဝမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်လေးမွန်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အေးမြတ်မွန် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၅၃၇)**
**အမှတ် (၂၂)၊ ပထမထပ်၊ သစ္စာလမ်း၊ တောင်ညွန့်ကြီးရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉- ၂၆၁၄၃၃၉၁၄**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ ကွင်းအမှတ်(၁၃၂၂)၊ ဦးပိုင်အမှတ်/မြေကွက်အမှတ်(၄၄-၄၅)၊ ဧရိယာ (၃.၂၆)ဧကရှိမြေအား စက်မှု၊ စီးပွားဂရန်အမည်ပေါက် ပိုင်ဆိုင်သူ ဒေါ်ထွေးထွေးညွန့်ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သူဇာငြိမ်း(ခ)မြင်ဟွေဖျင်မှ လွှဲပြောင်းဝယ်ယူရန်(အရပ်ကတိစာချုပ်ဖြင့်) စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါဂရန်မြေနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၀) ရက်အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းများ၊ တရားဥပဒေနှင့်အညီ အရောင်းအဝယ် အမည်ပြောင်းကိစ္စများကို ပြီးစီးအောင် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **ညွှန်ကြားချက်အရ** |
| **ဒေါ်သူဇာငြိမ်း(ခ)မြင်ဟွေဖျင်** | **ဒေါ်ခင်မိုးသွယ် (LL.B)** |
| **[၁၃/လရန(နိုင်)၀၉၃၂၆၂]** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၀၈၇)** |

**အမှတ်(၁၁၄၄)၊ TV တိုင်လမ်း၊**
**ကျောက်တောင်-ရပ်ကွက်ကြီး(၅)၊**
**ပြင်ဦးလွင်မြို့။**
**ဖုန်း- ၀၉-၄၃၂၀၇၉၁၈၊ ၀၉-၆၉၉၄၂၇၄၄၇**

## "ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်"

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၂)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်-၂/ဝေဘာဂီ၊ မြေကွက်အမှတ် (၂၉၀)၊ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၂) ခန်းတွဲ (၆)ထပ်တိုက်၏ (၅လွှာ/ဘီ)၊ အကျယ်အဝန်း( ၁၃ပေ x ၄၇ပေ )ရှိ တိုက်ခန်း (၁) ခန်းအား တရားဝင် ပိုင်ဆိုင်ထားသူ/ယခုတိုက်ခန်း ရောင်းချသူ ဦးဇော်လွင် [၉/တကန(နိုင်)၁၃၇၅၀၄]မှ တရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အမွေစားအမွေခံအရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြု၍ ရောင်းချလိုကြောင်း ကမ်းလှမ်းလာ၍ ကျွန်ုပ်၏မိတ်ဆွေက အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေများအနက်မှ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ခိုင်လုံသော တရားဝင်ပိုင်ဆိုင်မှု အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်မာချို ( LL.B, DIPL )**
**တရားလွှတ်တော်ရှေ့နေ( စဉ်-၁၇၇၇၀ )**
**အမှတ်-၆၇၈၊ ဣန္ဒာ(၆)လမ်း၊ (ဇ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၉၇၄၀၀၀၈၃၉၊ ၀၉-၂၅၀၁၇၂၉၁၉**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး။ မင်္ဂလာဒုံမြို့နယ်၊ ကုန်းတလပေါင်ကျေးရွာ၊ ကွင်းအမှတ် ၅၂၉-စီ၊ ဂုံညင်းနီတောအရှေ့၊ ရွှေစေတီလမ်း၊ ဦးပိုင်အမှတ် (၆၀) ဟု ခေါ်တွင်သော အကျယ်အဝန်း ဧရိယာ (၁.၅၀) ဧကရှိ မြေကွက်ကြီးအနက်မှ တရားဝင်မခွဲမစိတ်ရသေးသော မြေအလျား(၄၀) ပေ x အနံ(၂၅)ပေ အကျယ်အဝန်းရှိသော မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ဦးရဲမင်းထွန်းမှ ဥပဒေနှင့်အညီ တရားဝင်ပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာ ပြန်လည်ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင် လွှဲပြောင်းရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အိန္ဒြေဦးထံ စကားကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား (မူရင်း) များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်မိုးမိုးစံ (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၉၈၆) (၃၀-၄-၂၀၁၃)**
**အမှတ် (၉/၁၁) အခန်းအမှတ် - ၀၀၁ (မြေညီထပ်)၊ ၃၆ လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း - ၀၉-၉၆၇၈၉၀၀၅၈၊ ၀၉-၂၅၀၁၇၈၇၄၃**

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၂/ခ ကံဘဲ့၊ မြေကွက်အမှတ်-၁၈/ပ+၁၈/ဏ+၁၉/ဋ-၂-A+၁၉/ဌ-၂-A၊ ဧရိယာ (၀.၁၅၅) ဧကရှိ မြေပိုင်မြေ လ/န-၃ (ခ) ရပြီး မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၈) ရပ်ကွက်၊ သဇင်မြိုင်လမ်း၊ အမှတ် (၁) ဟုခေါ်တွင်သော အဆောက်အဦအပါအဝင် ဆက်နွယ်တပ်ဆင်ထားရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်များအားလုံးတို့အား တရားဝင် အမည်ပေါက် ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုလာသည့် ဒေါ်နွယ်နီတင် [၁၂/ကတတ (နိုင်)၀၀၅၅၁၅] ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် ညှိနှိုင်းသဘောတူညီချက်အရ ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား ပေးချေပြီးဖြစ်ပါ၍ အဆိုပါပစ္စည်းအရပ်ရပ်တို့နှင့် ပတ်သက်ပြီး၊ ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ပြောဆိုကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်တင်ပြကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိခဲ့ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားတော့မည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးစိန်ဝင်း B.A, H.G.P, C.B.L, D.B.L, D.M.L**
**အထက်တန်းရှေ့နေ ( စဉ်-၆၀၈၂ )**
**တိုက်အမှတ်-၃(အေ)၊ ၃-လွှာ(ခေါင်းရင်းခန်း)၊ သပြေညိုလမ်း၊**
**စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၉-၇၈၇၉၂၇၁၉၉**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်ချုပ်လမ်း၊ အမှတ်(၁၅၁)၊ ဒုတိယထပ် (တတိယလွှာ)(ဝဲ)နေ ဦးနန်ခင်းလျှန် [၁၂/ပဇတ(နိုင်)၀၃၃၀၂၁]၏ လွှဲအပ်ညွှန်ကြားချက်အရ အသိပေးကြေညာအပ်ပါသည်။

ဦးနန်ခင်းလျှန်၏ ဇနီးဖြစ်သူ ဒေါ်ဒိမ်းဆွမ်းနန်း[၁၂/ပဇတ(နိုင်) ၀၄၂၅၉၇]သည် သမီးဖြစ်သူ မဆာရည်ဏ်အား ဦးနန်ခင်းလျှန်ထံ အသိမပေးဘဲ ခေါ်ဆောင်သွားခဲ့ပြီး အထက်ပါနေအိမ်မှ (၁၀-၃-၂၀၂၅)ရက်နေ့တွင် ထွက်ခွာသွားခဲ့ပါသည်။ ဦးနန်ခင်းလျှန်သည် ဇနီးနှင့် သမီးတို့အတွက် အလွန်ပင် စိတ်ပူပန်သောကရောက်နေရသည့်အတွက် အမြန်ဆုံး ဆက်သွယ်၍ နေအိမ်သို့ပြန်လာပါရန် မေတ္တာရပ်ခံတောင်းဆိုအပ်ပြီး ဥပဒေနှင့်ညီညွတ်မှုမရှိဘဲ လက်ခံထားသူများကိုလည်း ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးနန်ခင်းလျှန်၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးပြည်သာကျော်မီ(LL.B)**
**(တရားလွှတ်တော်ရှေ့နေ)စဉ်-၁၅၈၃၅**
**အမှတ်(၇၉)၊ မြေညီထပ်၊ (၃၈)လမ်း၊ အလယ်၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၂၀၄၇၄၀၄**

## အထွေထွေကိုယ်စားလှယ်လွှဲစာ ရုပ်သိမ်းကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၉) ရပ်ကွက်၊ ဗိုလ်မှူးအေးချိုလမ်း၊ အမှတ်(၁၂၈၆)နေ ဒေါ်ကြည်သန်း (ဘ) ဦးချစ်မောင် မှတ်ပုံတင်အမှတ်[၁၂/လမန(နိုင်)၀၁၄၇၅၁]မှ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ (၄၉)ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ အမှတ်(၂၇၃/ခ) ယခင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၉)ရပ်ကွက်၊ ပိတောက်(၁)လမ်း၊ အမှတ်(၄၅၂)နေ ဒေါ်နှင်းအိဖြူ (ဘ)ဦးပန်းစိန် မှတ်ပုံတင်အမှတ်[၆/လလန (နိုင်)၁၂၂၉၃]အား လွှဲအပ်ထားသည့် (၂၁-၇-၂၀၀၉)ရက်စွဲပါ မှတ်ပုံတင် အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၆၆၈၅/၂၀၀၉)ကို (၂၆-၅-၂၀၂၅)ရက်မှစ၍ ရုပ်သိမ်းလိုက်ပြီဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ကြည်သန်း၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးစိုးမြင့်အောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၅၅၀၄/၉၁)**
**အမှတ်(၈၃၁)၊ စိတ္တသုခလမ်း၊ (၄၉)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။ ဖုန်း-၀၉-၅၀၅၂၈၂၉**

## အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၉)ရပ်ကွက်၊ ဗိုလ်မှူးအေးချိုလမ်း၊ အမှတ်(၁၂၈၆)၊ အကျယ်(၄၀'x၆၀') ဂရန်မြေသည် ဒေါ်ကြည်သန်း [၁၂/လမန(နိုင်)၀၁၄၇၅၁]အမည်ပေါက်ပိုင်ဆိုင်၍ လက်ရှိထားသော မြေဖြစ်ပါသည်။ ဒေါ်နှင်းအိဖြူက ဒေါ်ကြည်သန်း အပေါ် အဆိုပါ မြေကွက်အား (၂၂-၇-၂၀၀၉) ရက်စွဲပါ အရောင်းအဝယ်စာချုပ်အရ၊ ပဋိညာဉ်အတိုင်း အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ပေးစေလိုမှုနှင့် အိမ်နှင့်မြေ လက်ရောက်ရလိုမှုကို၊ ဒဂုံမြို့သစ်ခရိုင်တရားရုံး၊ တရားမကြီးအမှုအမှတ် (၁၆၅/၂၀၂၂)ဖြင့် စွဲဆိုခဲ့ရာ အဆိုပါအရောင်းအဝယ်စာချုပ်သည် ဟန်ဆောင်အရောင်းအဝယ်စာချုပ်ဖြစ်ကြောင်း (၅-၂-၂၀၂၅)ရက်နေ့က အမိန့်ချမှတ်ခဲ့ပါသည်။ ထို့ကြောင့် အဆိုပါမြေကွက်အား ဒေါ်ကြည်သန်း သဘောမတူမသိရှိဘဲ မည်သူမှ ရောင်းချ၊ ပေါင်နှံ ပေးကမ်းခြင်းမပြုလုပ်ရန်နှင့် ပြုလုပ်ခဲ့ပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးစိုးမြင့်အောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၅၅၀၄/၉၁)**
**အမှတ်(၈၃၁)၊ စိတ္တသုခလမ်း၊ (၄၉)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။ ဖုန်း- ၀၉-၅၀၅၂၈၂၉**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၁၅)၊ ဗေဒါ(၂)လမ်း၊ မြေကွက်အမှတ်(၃၅၉)၊ မြေအကျယ်အဝန်း(အလျား၄၀ပေXအနံ၆၀ပေ)၊(၀ .၀၅၅)ဧက၊ (၂၄၀၀)စတုရန်းပေရှိနှစ်(၆၀)ဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် ဦးကောင်းချစ်ဘိုမှအမည်ပေါက်၍ ယခုရောင်းချသူ ဦးပိုက်တင်(၁၂/ဥကမ(နိုင်)၁၁၉၆၃၉)သည် အရောင်းအဝယ်အဆက်စပ်စာချုပ်များဖြင့် မိမိကိုယ်တိုင် တရားဝင်လက်ဝယ်ပိုင်ဆိုင်ထားပြီး လွတ်လပ်စွာလွှဲပြောင်းရောင်းချပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်ရှိသူဖြစ်ကြောင်းဝန်ခံကတိပြု၍ ရောင်းချရန်ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေကအပြီးအပိုင် ဝယ်ယူရန်ရောင်းချသည့်တန်ဖိုးငွေအနက်မှစရံငွေအချို့ကိုပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၁၄)ရက်အတွင်းတရားဝင်ခိုင်လုံခိုင်မာသော စာချုပ်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ,
**ဒေါ်ခင်မိမိစိုး**
အထက်တန်းရှေ့နေ
(LL.B, D.M.L)(စဉ်-၄၁၄၀၀)

**Ph : 09-796766946, 09-405100500**
**No.9, (14)ward, KanbaeThitsar Road,Royal Thitsar Condo,YankinTownship,Yangon.**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၄၆ ရပ်ကွက်၊ မင်္ဂလာသုခ(၁)လမ်း၊ မြေကွက်အမှတ်(၁၃၂၈)အကျယ်အဝန်း(၄၀ပေx၆၀ပေ)ရှိ ဂရန်မြေနှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော တစ်ထပ်ပျဉ်ထောင်အိမ်နှင့်ရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား တရားဝင်လက်ဝယ်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်တင်မာလှိုင်[၁၂/မရက(နိုင်)၁၁၈၂၇၂]ထံမှ ကျွန်မ ဒေါ်နန်းစောမြနန္ဒာဝေ[၁၃/လလန(နိုင်)၀၀၀၁၃၃]က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတချို့ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားမူရင်းများနှင့် ကျွန်ုပ်ထံသို့ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နန်းစောမြနန္ဒာဝေ**
**ဖုန်း-၀၉-၄၃၀၈၂၃၄၆**

## ကန့်ကွက်နိုင်ပါကြောင်းအများသိရှိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၁၂)ရပ်ကွက်၊ စံပယ်လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၃၂)၊ မြေကွက်အမှတ်(၄၆၁)၊ ဗိုလ်မှူးဘသာ အမည်ပေါက် မြေချပါမစ်(မူရင်း)၊ မြေအကျယ်အဝန်းအလျား(၄၀)ပေx အနံ(၆၀)ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဒေါ်ကျွန်းချိန်ဖိန်း(ဘ)ဦးမိုအိုက်ကုံး [၁၃/ကခန(နိုင်)၀၃၄၆၅၂]ထံမှ ကျွန်ုပ်မိတ်ဆွေ ဒေါ်ရွှေစု(ဘ)ဦးတင်အေး [၁၂/ကမတ(နိုင်) ၀၅၁၅၁၂]က အပြီးအပိုင် ဝယ်ယူရန်အတွက် (စရန်ငွေ) တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသည်ဟု အဆိုရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ညိမ်းညိမ်းထွေး (LLB.DBL)** | **ဒေါ်အေးငြိမ်းသူ (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၃၁၅)** | **အထက်တန်းရှေ့နေ(စဉ်-၅၃၂၃၉)** |

**စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်။ ၀၉-၇၉၃၉၆၇၂၈၄**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ရှမ်းတဲကြီး၊ မြေကွက်အမှတ်(၃၆၃)၊ မြေကွက်တည်နေရာအမှတ် (၃၆၃)၊ အောင်မင်္ဂလာ(၄)လမ်း၊ ရှမ်းတဲကြီးကျေးရွာ၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ ဦးလှရွှေ [၁၂/လကန(နိုင်) ၀၈၇၈၇၅] ဂရန်ပေးစီမံချက် မြေအမည်ပေါက်၊ ဧရိယာ (၈၀'/၄၃'x၂၀၄'x၁၉၈')၊ စတုရန်းပေ (၁၁၉၃၆)၊ (၀.၂၇၄)ဧက၊ ရှမ်းတဲကြီးစီမံချက်မြေအား အမည်ပေါက် ဦးလှရွှေကိုယ်တိုင်မှ ရန်ကုန်တိုင်း ဒဂုံအရှေ့ မြေငှားဂရန်ထုတ်ပေးရေးကော်မတီ၊ ရှမ်းတဲကြီးအရှေ့ပိုင်းကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့၏ မြေပိုင်ဆိုင်မှု မှန်ကန်ကြောင်းနှင့် နှစ်(၆၀) မြေငှားဂရန် လျှောက်ထားမှုအား ကန့်ကွက်ရန် မရှိကြောင်း ထောက်ခံစာ၊ ဂရန်ပေး စီမံချက်ပါဝယ်စာရင်း သတ်မှတ်ပုံစံ၊ နိုင်ငံသားစိစစ်ရေးကတ်တို့ တင်ပြ၍ ဂရန်သစ်လျှောက်ထားလာခြင်း အား မြေပြင်ကွင်းဆင်းစစ်ဆေးရာ မြေပေါ်တွင် အဆောက်အဦ(၁)လုံးရှိပြီး ကွင်းဆင်းစစ်ဆေးသည်ကို သိရှိကြောင်း လျှောက်ထားသူမှ လက်မှတ်ရေးထိုးပေးပါသည်။ သို့ဖြစ်ပါ၍ ဦးလှရွှေမှ ဂရန်သစ် လျှောက်ထားလာခြင်းအား တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၇)ရပ်ကွက်၊ သံလမ်း၊ အမှတ်(၅၀)၊ (၆လွှာခြေရင်းခန်း)ရှိ ရေမီးအပါအဝင်တိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့်ပတ်သက်၍ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းနှင့် အရှုပ်အရှင်းကင်းကြောင်း ဝန်ခံကတိပြုသူ ဒေါ်ဇင်နွယ်နွယ်စိုး [၁၂/ကမတ(နိုင်)၀၀၀၂၇၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဧကရီဇင်ထွန်းက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအချို့ ပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်၍ မည်သူမဆို ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်မာသော ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်မာဌေး (LL.B,MA(Business Law),DBL,DIPL, D.A)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၄၀၃)**
**အမှတ်-၈၅၊ လှည်းတန်းလမ်း၊ ကမာရွတ်ခရိုင်။**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄/တောင်)၊ မြေကွက်အမှတ်(၇၉၆)၊ ဧရိယာ(၅၉x၆၀)၊ မြေကွက်တည်နေရာအမှတ်(၇၉၆)၊ အောင်သစ္စာ(၅)လမ်း၊ ၄/တောင်ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးဆန်းတင် [၁၂/သကတ(နိုင်)၀၃၈၀၄၈]အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက် ဦးဆန်းတင် (ခင်ပွန်း) ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်တင်မေဦး [၁၂/သကတ(နိုင်)၀၃၈၀၆၈]မှ ကွယ်လွန်သူ ဦးဆန်းတင်၏ တရားဝင်ဇနီးဖြစ်ပါကြောင်း၊ ဦးဆန်းတင်ကွယ်လွန်ပြီးနောက် မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေအရ အထက်ဖော်ပြပါမြေကွက်နှင့် အဆောက်အဦကို မိမိတစ်ဦးတည်းသာ ဆက်ခံပိုင်ဆိုင်ခွင့်ရှိပါကြောင်း၊ အခြားအမွေဆက်ခံခွင့်ရှိသူမရှိပါကြောင်း ကျိန်ဆိုထားသည့် တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ မြေစာရင်းမှတ်ချက်ရှိ (၁၉၉၇)ခုနှစ်တွင် ဦးဆန်းတင်မှ မြေပုံ၊ မြေရာဇဝင်ကူးယူထားခြင်းမှာ အိမ်ဆောက်ရန်အတွက် မြေပုံကူးလျှောက်ထားထုတ်ယူအသုံးပြုခဲ့ခြင်းဖြစ်ပါကြောင်း ကျိန်ဆိုထားသည့် တရားရုံးကျမ်းကျိန်လွှာ၊ ၂-၄-၂၀၂၅ ရက်စွဲပါ ရှင်းလင်းတင်ပြစာ၊ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ ဦးဆန်းတင်(ခင်ပွန်း)၏သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်းတို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## စာအုပ်စာပေ လူ့မိတ်ဆွေ

## လုပ်ငန်းသုံးပစ္စည်းများ (ကတ္တရာ/ပရီမီယံဒီဇယ်ဆီ/ဘိလပ်မြေ/သံချောင်း) အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူခြင်း

၁။ လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်းရှိ ခရိုင်/လမ်း အထူးအဖွဲ့များမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စု/ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတား လုပ်ငန်းများအတွက် လိုအပ်သည့်လုပ်ငန်းသုံးပစ္စည်းများ (ကတ္တရာ/ပရီမီယံဒီဇယ်ဆီ/ဘိလပ်မြေ/သံချောင်း)ကို သက်ဆိုင်ရာ ခရိုင်/လမ်းအထူးအဖွဲ့အလိုက် သတ်မှတ်စုပုံနေရာအရောက် (မြန်မာကျပ်ငွေ)ဖြင့် အိတ်ဖွင့်တင်ဒါ ခေါ်ယူမည်ဖြစ်ပါသည်။

| | အိတ်ဖွင့်တင်ဒါ | | ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် |
|---|---|---|---|
| (က) | တင်ဒါလျှောက်လွှာပုံစံစတင် ရောင်းချမည့်ရက်/အချိန် | - | (၂၆-၅-၂၀၂၅) မှ (၉-၆-၂၀၂၅)ရက်အထိ (၉:၃၀)နာရီမှ(၁၂:၀၀)နာရီရုံးချိန်အတွင်း |
| (ခ) | တင်ဒါပုံစံရောင်းချမည့်နေရာ | - | ပြည်နယ်ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ တောင်ကြီးမြို့။ |
| (ဂ) | တင်ဒါလျှောက်လွှာနောက်ဆုံး တင်သွင်းရမည့် ရက်/အချိန် | - | (၁၀-၆-၂၀၂၅)ရက် (၁၆:၀၀)နာရီ |
| (ဃ) | တင်ဒါဖွင့်လှစ်မည့်ရက် | - | (၁၁-၆-၂၀၂၅)ရက် |
| (င) | တင်ဒါဖွင့်လှစ်မည့်နေရာ | - | ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ရှမ်းပြည်နယ် (တောင်ပိုင်း)၊ တောင်ကြီးမြို့။ |

၂။ အသေးစိတ်သိရှိလိုပါက ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လမ်းဦးစီးဌာန၊ ပြည်နယ်ညွှန်ကြားရေးမှူးရုံး၊ တောင်ကြီးမြို့သို့ ရုံးချိန်အတွင်း ဖုန်း ၀၈၁-၂၁၂၁၀၁၆၊ ၀၈၁-၂၁၂၁၀၆၂ တို့ကို ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

---

## အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ပုသိမ်ညွှန့်ရပ်ကွက်၊ ဣန္ဒာသယလမ်း၊ အိမ်အမှတ်(၆၅)ဟု ခေါ်တွင်သော မြေကွက်အကျယ်(၂၇x၆၀)ပေ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော(၂)ခန်းတွဲ(၄)ထပ်တိုက် အဆောက်အဦ၏ မြေညီထပ်(ခြေရင်းခန်း) အကျယ် (၁၃x၆၀)ပေ + အမြင့် ၈ ပေရှိ တိုက်ခန်း(၁)ခန်းနှင့် ယင်းတိုက်ခန်းနှင့် ဆက်စပ်လျက်ရှိသည့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ရှင်ထံမှ အဆင့်ဆင့် ဝယ်ယူ၍ လက်ရှိထားပိုင်ဆိုင်သူ ဦးကျော်သောင်း[၁၁/မပန(နိုင်)၀၇၆၉၁၃]၏ ကိုယ်စား ၎င်း၏ဇနီး ဒေါ်စောဦးမွန်[၁၁/မပန(နိုင်)၀၈၆၇၈၄]က လက်မှတ်ရေးထိုး၍ အရှုပ်အရှင်းကင်းရှင်းစွာဖြင့် လွတ်လပ်စွာ ပြန်လည်ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးကျင်ညိမ်း[၉/မကန(နိုင်)၀၆၅၁၀၈]က “(၂၅-၅-၂၀၂၅)ရက်စွဲပါ တိုက်ခန်း အပြီးအပိုင် အရောင်းအဝယ်ကတိစာချုပ်”ဖြင့် ရောင်းဖိုးငွေများအားလုံးကို တစ်လုံးတစ်ခဲတည်း အပြည့်အဝပေးချေဝယ်ယူခဲ့ပြီး တိုက်ခန်းအား လက်ရောက်ရရှိခဲ့ပြီးဖြစ်ပါ၍ ဖော်ပြပါတိုက်ခန်းကို ဦးကျင်ညိမ်းက အပြီးအပိုင်လွှဲပြောင်းပိုင်ဆိုင်ထားပြီးဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဝေဝေခိုင်(LL.B, D.B.L, D.I.L, D.I.P.L, D.M.L)**
**တရားလွှတ်တော်ရှေ့နေ (စဥ်-၁၁၃၂၉)**
**တိုက်(CC-4)၊ အခန်း(601)၊ ဗိုလ်မှူးဗထူးအိမ်ရာအပိုင်း-၂၊ ၄၈-ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၅၀၃၈၆၁၈၊ ၀၉-၇၈၉၄၈၇၃၂၆**

---

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးခရိုင်၊ ကော့မှူးမြို့နယ်၊ အဖျောက်ကျေးရွာ၊ အနောက်ချောင်ဘောလုံးကွင်းလမ်းရှိ ဦးသောင်းတင်နှင့် ဒေါ်ခင်ရီ အမည်ပေါက် ဧရိယာ(၁.၉၀)ဧက ကျယ်ဝန်းသည့်မြေကွက်နှင့် ဒေါ်ခင်ရီ အမည်ပေါက် ဧရိယာ(၂.၂၅)ဧကကျယ်ဝန်းသည့်မြေကွက် အပါအဝင် ယင်းမြေကွက်များပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ခင်ရီ(ဘ) ဦးထွန်းကြိုင် [၁၂/ကမန(နိုင်)၀၁၁၁၅၁]မှ ရောင်းချမည်ဖြစ်ကြောင်းကမ်းလှမ်းလာရာ ကျွန်ုပ်တို့၏ မိတ်ဆွေမှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ဆိုင်ရေးပိုင်ခွင့်ရှိကြောင်းကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၅)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား(မူရင်း) အပြည့်အစုံနှင့်အတူ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်ခင်ယမုံဇော် [LL.B(Q),HGP]** | **ဒေါ်အေးခန့်ခန့်လှိုင်(LL.B,HGP)** |
| **အထက်တန်းရှေ့နေ(စဥ်-၄၇၄၅၉)** | **အထက်တန်းရှေ့နေ(စဥ်-၅၅၄၂၄)** |

**အမှတ်(၇၂၇)၊ ပြည်ထောင်စုလမ်း၊ (၃၇)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၈၈၅၀၃၂၃၁၅**

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးခရိုင်၊ ကော့မှူးမြို့နယ်၊ အဖျောက်ကျေးရွာ၊ အနောက်ချောင်ဘောလုံးကွင်းလမ်းရှိ ကွင်းအမှတ်(၂၈၆B)၊ ဦးပိုင်အမှတ်(င/၉၁)နှင့် ဦးပိုင်အမှတ်(၉၃) ဦးခင်ညွှန့်အမည်ပေါက် ဧရိယာ( ၈.၀၆ )ဧက ကျယ်ဝန်းသည့်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ဦးခင်ညွှန့်၏ ဇနီးဖြစ်သူ ဒေါ်သောင်းမြင့် [၁၂/ကမန(နိုင်)၀၁၀၀၈၆]မှပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံလျက်ရောင်းချမည်ဖြစ်ကြောင်း ကမ်းလှမ်းလာရာ ကျွန်ုပ်တို့၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ဆိုင်ရေးပိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၅)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား(မူရင်း) အပြည့်အစုံနှင့်အတူ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်ခင်ယမုံဇော်(LL.B(Q),HGP)** | **ဒေါ်အေးခန့်ခန့်လှိုင်(LL.B,HGP)** |
| **အထက်တန်းရှေ့နေ(စဥ်-၄၇၄၅၉)** | **အထက်တန်းရှေ့နေ(စဥ်-၅၅၄၂၄)** |

**အမှတ်(၇၂၇)၊ ပြည်ထောင်စုလမ်း၊ (၃၇)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၈၈၅၀၃၂၃၁၅**

---

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ကျွန်းကလေးကျေးရွာ၊ ကွင်း/အကွက်အမှတ်နှင့်အမည် - ၁၀၄၁ (အေ) လှည်းကူးကွင်း၊ ဦးပိုင်အမှတ်(ဃ/၁၉/င) ဧရိယာ (၁)ဧကရှိဦးအောင်ကြည်ထွေး (၁၂/မဂဒ(နိုင်) ၁၁၆၅၀၀ ) အမည်ပေါက် ( R ) အမျိုးအစား လယ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ကျွန်းကလေးအရှေ့ပိုင်းကျေးရွာ၊ လှည်းကူးမြို့နယ် ဟုခေါ်တွင်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိ အရောင်းအဝယ်စာချုပ်ဖြင့်ဝယ်ယူပိုင်ဆိုင်ထားပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံ ကတိပြုသူ ဦးကပ်ဆွင်းပေါင် (ဘ) ဦးကမ်ကျင်ဟောက် ( ၄/တဇန (နိုင်) ၀၀၁၈၆၁ )ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ( ၂၄ - ၅ - ၂၀၂၅ ) ရက်နေ့က ရောင်းဘိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရံငွေအဖြစ် ပေးအပ်ပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကို အပြီးသတ် ငွေချေပြီး ဆက်လက်ဆောင်ရွက်မည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများ ယူဆောင်၍ ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၁၄) ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ကြော်ငြာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ

ဦးခင်မောင်ချို(စဥ်-၆၃၂၀)တရားလွှတ်တော်ရှေ့နေ
အမှတ်(၆၆)၊နတ်သျှင်နောင်လမ်း၊(၁)ရပ်ကွက်၊
မရမ်းကုန်းမြို့နယ်၊ရန်ကုန်မြို့။ ၀၉-၄၃၀၈၈၅၄၉

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ အမှတ်(၁၉)ရပ်ကွက်၊ ခွာညိုလမ်း၊ မြေတိုင်း(၄၈)၊ လူနေအိမ်အမှတ်(၁၅၆၀)၊ မြေအကျယ်(၂၀x၆၀)ပေရှိ ဦးမင်းဆွေ အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နှစ်ထပ်အဆောင် အပါအဝင် မြေပေါ်မြေအောက် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို အဆက်အစပ်စာချုပ်များဖြင့် တရားဝင် ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးငြိမ်းချမ်းကျော် [၁၂/လမန(နိုင်)၁၂၄၂၃၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဇင်မာလွင် [၈/မတန(နိုင်)၀၅၈၆၆၃]မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဒေါ်ဇင်မာလွင်** | **ဒေါ်လဲ့လဲ့ကျော် (LL.B)** |
| **[၈/မတန(နိုင်)၀၅၈၆၆၃]** | **တရားလွှတ်တော်ရှေ့နေ(စဥ် -၁၄၈၇၃)** |
| | **အမှတ်(၁၉၃)၊ စမ်းချောင်းလေး၊ လှော်ကား၊** |
| | **ရွှေပြည်သာမြို့နယ်။ Ph:09-799777400** |

---

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် -၂၂/ရွှေပေါက်ကံ၊ လူနေရပ်ကွက်အမှတ်(၂၂)၊ အနော်ရထာ(၄)လမ်း၊ မြေကွက်အမှတ်(၁၃၉)ဟုခေါ်တွင်သော ပေအကျယ်(၆၀'x၈၀')ရှိ ဒေါက်တာကြည်လွင်ဦး ဂရန်အမည်ပေါက် မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေပေါ်ရှိ မြေပေါ်မြေအောက် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို တရားဝင် အမည်ပေါက် ပိုင်ဆိုင်ထားသူ ဒေါက်တာ ကြည်လွင်ဦး [၁၂/လမန(နိုင်)၀၃၀၁၆၀]ကိုင်ဆောင်သူမှ အရှုပ်အရှင်းကင်းရှင်းကြောင်း၊ တရားဝင်လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုပြီး ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်မိတ်ဆွေ ဒေါ်ဟွေ့ယင်း[၁၃/တကန(နိုင်)၃၆၁၈၇၁]က (၁၉-၁၂-၂၀၂၄) ရက်နေ့တွင် အပြီးအပိုင် ဝယ်ယူထားပြီးဖြစ်ပါသည်။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြေယာဌာန၌ ဝယ်ယူသူ အမည်ပေါက် လျှောက်မည်ဖြစ်ပါ၍ ထိုကိစ္စကို ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း အထောက်အထား(မူရင်း)များ ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင် ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးစိုးပိုင် (LL.B) တရားလွှတ်တော်ရှေ့နေ (စဥ်-၇၉၅၈)**
**တိုက်(၂)၊ အခန်း(၆)၊ ကျန်စစ်သားလမ်း၊ အောင်မြေသာယာ Shop House၊ (၆)ရပ်ကွက်၊ လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ်။**
**ဖုန်း-၀၉-၅၄၁၄၅၃၄၊ ၀၉-၄၂၁၀၄၃၁၀၉**

---

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် -ရလပ-၂၈၊ လူနေရပ်ကွက်အမှတ်(၂၈)၊ သုနန္ဒာ(၅)လမ်း၊ မြေကွက်အမှတ်(၁၂၄) ဟုခေါ်တွင်သော ပေအကျယ်(၆၀'x၈၀')ရှိ ဗိုလ်မှူးမင်းရွှေ အမည်ပေါက် မြေချပါမစ် အမျိုးအစား မြေကွက်နှင့် ယင်းမြေပေါ်ရှိ မြေပေါ်မြေအောက် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်ရင်နွယ်စိုး[၁၂/ဥကမ(နိုင်)၁၆၇၁၂၀]ကိုင်ဆောင်သူမှ ယနေ့တိုင် လက်ရှိထားပိုင်ဆိုင်လျက် အရှုပ်အရှင်းကင်းရှင်းကြောင်း၊ တရားဝင်လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုပြီး ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်မိတ်ဆွေ ဒေါ်ဟွေ့ယင်း[၁၃/တကန(နိုင်)၃၆၁၈၇၁]က (၉-၁-၂၀၂၅)ရက်နေ့တွင် အပြီးအပိုင် ဝယ်ယူထားပြီးဖြစ်ပါသည်။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြေယာဌာန၌ မြေဂရန် အမည်ပေါက် လျှောက်မည်ဖြစ်ပါ၍ ထိုကိစ္စကို ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း အထောက်အထား(မူရင်း)များခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင် ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးစိုးပိုင် (LL.B) တရားလွှတ်တော်ရှေ့နေ (စဥ်-၇၉၅၈)**
**တိုက်(၂)၊ အခန်း(၆)၊ ကျန်စစ်သားလမ်း၊ အောင်မြေသာယာ Shop House၊ (၆)ရပ်ကွက်၊ လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ်။**
**ဖုန်း-၀၉-၅၄၁၄၅၃၄၊ ၀၉-၄၂၁၀၄၃၁၀၉**

---

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ မင်းရဲကျော်စွာလမ်း၊ အမှတ်(၆၄)နေ ကျွန်ုပ် ဦးမျိုးမင်းမင်းလတ် [၁၂/ဥကမ(နိုင်)၀၂၉၂၀၈] မှ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပေါက်ကံမြို့နယ်၊ (၂၀)ရပ်ကွက်၊ ကျန်စစ်သားလမ်း၊ အမှတ်(၆၀)ဟု ခေါ်တွင်သော ( ၄၀ x ၆၀)ပေအကျယ်ရှိ မြေ(ဂရန်)မြေနှင့် မြေပေါ်ရှိ နေအိမ်၊ သီးပင်စားပင်နှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို အချို့အဝက် စရန်ပေး ဝယ်ယူထားပြီးဖြစ်ပါသဖြင့် အဆိုပါ မြေနှင့်ပတ်သက်သက်ဆိုင်သူ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှု မရှိပါက အပြီးသတ် အရောင်းအဝယ်ဆက်လက် ပြုလုပ်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမျိုးမင်းမင်းလတ်**
**[၁၂/ဥကမ(နိုင်)၀၂၉၂၀၈]**
**အမှတ်(၆၄)၊ မင်းရဲကျော်စွာလမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။**
**ဖုန်း-၀၉-၂၅၄၆၇၂၀၅၈**

---

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ည)၊ ဘုမ္မာ(၁၇)လမ်း၊ မြေကွက်အမှတ်(၁၀၅၃)၊ မြေအကျယ်အဝန်း(၄၀ပေ×၆၀ပေ)အနက်မှ အလယ်ခြမ်းဖြစ်သည့် မြေအကျယ်အဝန်း (၁၀ ပေ× ၆၀ ပေ)ရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုမြေယာဌာနတွင် ၁။ ဦးတင်ထွန်း(စ)ဦးကြိုင်ထွန်း၊ ၂။ ဒေါ်အုန်းရှင် အမည်များဖြင့် ပူးတွဲအမည်ပေါက်မှတ်သားတည်ရှိပြီး ယခုရောင်းချသူ ဒေါ်အိစိုစိုဝင်း(၁၂/မရက(နိုင်)၁၆၃၄၄၉)သည် "နှစ်ဦးသဘောတူအရောင်းအဝယ်အဆင့်ဆင့်အဆက်စပ်ကတိစာချုပ်"များဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့်လွတ်လပ်စွာလွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်းဝန်ခံကတိပြု၍ ကျွန်ုပ်တို့၏မိတ်ဆွေထံသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရန်စကားကမ်းလှမ်းလာရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ် ပြုလုပ်သောတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၁၄)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား (မူရင်း)များ ဖြင့် ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်စုမြတ်မောင် (LL.B)** | **ဒေါ်ကေကေနိုင် (LL.B)** |
| တရားလွှတ်တော်ရှေ့နေ (စဥ်-၁၆၅၅၄) | အထက်တန်းရှေ့နေ (စဥ်-၅၃၃၄၄) |

အမှတ်(၁၄၀)၊ စံပါယ်ဖြူလမ်း၊ ဝေဘာဂီ(၃)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉-၄၂၈၀၂၂၃၈၄၊ ၀၉-၄၂၆၈၇၆၆၆၀

---

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၉)၊ မြေကွက်အမှတ်(၁၃၃၈)၊ ဧရိယာ (၀.၀၅၆ဧက)အကျယ်ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၁၃၃၈)၊ လှော်ကားလမ်း၊ ၁၉-ရပ်ကွက်၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ၁။ဒေါ်ခင်သီတာ[၁၂/ဗဟန(နိုင်)၀၀၀၄၅၂]၊ ၂။ဒေါ်သီတာဝင်း[၁၂/ဗဟန(နိုင်)၀၀၀၄၅၃]၊ ၃။ဦးသူရကျော်[၁၂/ဗဟန(နိုင်)၀၀၀၄၅၅]၊ ၄။ဦးသီဟကျော်[၁၂/ဗဟန(နိုင်)၀၀၀၄၅၄] တို့(၄)ဦးအမည်ဖြင့် တည်ရှိလျက်ရှိပြီး၊ လက်ဝယ်ထားပိုင်ဆိုင်လျက်ရှိကြောင်းနှင့် လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် ကျွန်ုပ်၏မိတ်ဆွေအား အပြီးအပိုင်လွှဲပြောင်းရောင်းချလိုကြောင်း ကမ်းလှမ်းလာပါသည်။ ကျွန်ုပ်၏ မိတ်ဆွေမှလည်း အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေအချို့အား ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက အထောက်အထားမူရင်းများတင်ပြ၍ ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးတိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သီရိနန္ဒာဝင်းနွဲ့(LL.B) တရားလွှတ်တော်ရှေ့နေ (စဥ်-၁၈၃၂၇)**
**အမှတ်(၁၂)၊ ဘုရင့်နောင်(၁၁)လမ်း၊ ရန်ကုန်သစ်ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၀၄၂၀၈၇၁၊ ၀၉-၇၉၉၂၃၀၀၃၉**

---

## ဖခင်အမည်မှန်

ခရမ်းမြို့နယ်၊ အ.ထ.က(၂)မြို့မ (Grade-12)တွင် ပညာသင်ကြားနေသည့် မရွှန်းဇာနည်ဖြိုး ၏ ဖခင်အမည်မှန်မှာ ဦးညီလွင် [၁၂/ခရန(နိုင်)၁၁၁၉၁၅] မှာ အမှန်ဖြစ်ပါကြောင်း။

**ဦးညီလွင်**
**[၁၂/ခရန(နိုင်)၁၁၁၉၁၅]**

---

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၅)၊ မြေကွက်အမှတ်(၄၅၃)၊ မြေကွက်တည်နေရာအမှတ်-၄၅၃၊ ၂၅ ရပ်ကွက်၊ ဒဂုံတောင်၊ ဦးစောဝင်း (CL-၀၀၉၈၄၂) [၁၂/ဆကခ(နိုင်)၀၀၉၈၈၄] အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား ဂရန်စာချုပ်မိတ္တူမှန်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ ၂၀၂၀ ခုနှစ်က အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မှတ်ချက်ပါသည့် မြေပုံမြေရာဇဝင်မူရင်းကိုလျှောက်ထားထုတ်ယူခဲ့ပြီး အဆိုပါ (၂၀၂၀)ခုနှစ်က မိမိထုတ်ယူခဲ့သော အရောင်းမြေပုံမြေရာဇဝင်မူရင်းမှာ အရောင်းအဝယ်အထမမြောက်ခဲ့သဖြင့် အသုံးပြုခဲ့ရခြင်းလုံးဝမရှိဘဲ မိမိလက်ဝယ်တွင် သိမ်းဆည်းထားရာမှ အထားအသိုမှားယွင်းကာ ပျောက်ဆုံးသွားခဲ့သည်မှာ မှန်ကန်ပါကြောင်း၊ နှစ်(၆၀)ဂရန်မူရင်းမှာ မိမိလက်ဝယ်တွင်ရှိပါကြောင်း အဆိုပါမြေပုံမြေရာဇဝင်မူရင်းနှင့် အထက်ပါမြေကွက်အား အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ လွှဲပြောင်းရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်၊ လှူဒါန်း၊ အာမခံအဖြစ်တင်သွင်းထားခြင်းလုံးဝမရှိပါကြောင်းနှင့် အရှုပ်အရှင်းပြဿနာတစ်စုံတစ်ရာပေါ်ပေါက်ခဲ့ပါက မိမိကသာ တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ပါကြောင်း ဝန်ခံကတိပြုကျမ်းကျိန်လွှာအမှတ်-၁၀၆၀/၂၀၂၅ (၄-၄-၂၀၂၅) ဖြင့် ကျမ်းကျိန်ဆိုထားသည့် ကျမ်းကျိန်လွှာ(၁)စောင်ကိုတင်ပြ၍ အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်မြေပုံကူး လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများ ဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၄)၊ နဝရတ်(၄)လမ်း၊ မြေကွက်အမှတ်(၁၁၄၆)၊ အကျယ်အဝန်း(၄၀x ၆၀)ပေရှိ ဂရန်မြေကွက်နှင့်ယင်းမြေကွက်တွင်ဆောက်လုပ်ထားသော RC နှစ်ထပ်တိုက်အပါဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးအောင်ဝင်းဌေး[၁၂/ရကန(နိုင်)၀၉၀၇၁၈]နှင့် ဒေါ်စိုးစိုးအေး [၁၀/မလမ(နိုင်)၁၂၅၈၂၂]တို့ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်မိတ်ဆွေ ဦးမြတ်လှိုင်က ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ စရန်ငွေပေးချေထားခြင်းနှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်စာချုပ်ကို ဆက်လက်ချုပ်ဆို၍ ဝယ်ယူသွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးမောင်မောင်မျိုးလှိုင်(LL.B) တရားလွှတ်တော်ရှေ့နေ(စဥ်-၁၄၆၀၄)**
**အမှတ်(၂၀၅ A )၊ ၃၅-လမ်း(အထက်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၁၀၄၁၇၇၁၊ ၀၉-၇၉၉၈၉၆၀၉၃**

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀)၊ ဖေယျာ(၁၆)လမ်း၊ မြေကွက်အမှတ်(၉၉၃/ခ)၊ အကျယ်အဝန်း(၂၀x ၆၀)ပေရှိ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်အေးအေးမာ[၁၂/ဒဂမ(နိုင်) ၀၀၆၄၁၀]ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်မိတ်ဆွေ ဦးအေးဝင်းက ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ စရန်ငွေပေးချေထားခြင်းနှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်စာချုပ်ကို ဆက်လက်ချုပ်ဆို၍ ဝယ်ယူသွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးမောင်မောင်မျိုးလှိုင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဥ်-၁၄၆၀၄)**
**အမှတ်(၂၀၅ A )၊ ၃၅-လမ်း(အထက်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၁၀၄၁၇၇၁၊ ၀၉-၇၉၉၈၉၆၀၉၃**

---

## ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁/တိုးချဲ့)၊ မြေကွက်အမှတ်(၇၀၅) ဟုခေါ်တွင်သော မြေအကျယ်အဝန်း(အလျား၄၀ပေxအနံ၆၀ပေ) ရှိ မြေကွက်အနက်မှတရားဝင်မခွဲစိတ်ရသေးသော (မြေကွက်အားမျက်နှာမူလျှင် ဝဲဘက်အခြမ်း)မြေကွက်၊ မြေအကျယ်အဝန်း(အလျား၂၀ပေxအနံ၆၀ပေ)ရှိ မြေကွက် အရောင်းအဝယ်နှင့် စပ်လျဉ်း၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

အထက်ဖော်ပြပါ ဦးစောရှိန် အမည်ဖြင့်တည်ရှိသည့် ပါမစ်မြေအမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အရပ်စာချုပ် အဆက်ဆက်ဖြင့် ဝယ်ယူ၍ တရားဝင်လက်ရှိထားကာ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်စီ[၇/ကဝန(နိုင်)၀၄၅၀၁၃]ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဦးစည်သူထွဋ်[၁၂/ဒဂရ(နိုင်)၀၁၅၃၂၃]သည် အပြီးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို (၂၄-၅-၂၀၂၅)ရက်နေ့တွင် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်မာသော စာရွက်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးအောင်မျိုးချစ် (LL.B)** | **ဒေါ်သက်ဝေအောင်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဥ်-၁၆၂၇၄)** | **အထက်တန်းရှေ့နေ(စဥ်-၅၀၀၁၆)** |

**တိုက်(B-8)၊ အခန်း(၂၀၄)၊ ဗိုလ်မင်းရောင်အိမ်ရာ၊ (၄၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**Ph:09-778849700, 09-773562082**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍ မြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **မူဝါဒများကို အောက်ခြေအဆင့်အထိ သိရှိအောင် ဆောင်ရွက်သွားရန်လို...**

❖ **ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်စေရေး ဝိုင်းဝန်းဆောင်ရွက်သွားရန်လို...**

❖ **လုပ်ငန်းများဆောင်ရွက်ရာတွင် Check၊ Recheck၊ Counter Check ဖြင့် ဆောင်ရွက်သွားမည်ဆိုပါက လုပ်ငန်းများအောင်မြင်နိုင်မည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ်(၇/၂၀၂၄) အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

**ယနေ့ ဖတ်စရာ**

**တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ယာဉ်များနှင့် တရားမဝင် ကုန်ပစ္စည်းတင်ယာဉ်များ သိမ်းဆည်းရမိ**

စာမျက်နှာ » ၁၄

---

**ဘီးလင်းမြို့နယ် ဘီးလင်း-နတ်ကြီးသွား ကားလမ်းမကြီးပေါ်ရှိ ပေ ၈၀ သံကူကွန်ကရစ်တံတား အမှတ်(၃/၁၇)အား KNLA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများ မိုင်းထောင်ဖောက်ခွဲဖျက်ဆီး**

စာမျက်နှာ » ၁၅

## ၂၀၂၄-၂၀၂၅ ဘောလုံးရာသီ ပရီမီယာလိဂ်ပွဲစဉ်များ ပြီးဆုံး

### လီဗာပူး၊ အာဆင်နယ်၊ မန်စီးတီး၊ ချယ်လ်ဆီး၊ နယူးကာဆယ်နဲ့ စပါးတို့ ချန်ပီယံလိဂ်ဝင်ခွင့်ရရှိ



၂၀၂၄-၂၀၂၅ ဘောလုံးရာသီ ပရီမီယာလိဂ်ချန်ပီယံ လီဗာပူးအသင်းကစားသမားများ အောင်ပွဲခံနေစဉ်။

၂၀၂၄-၂၀၂၅ ဘောလုံးရာသီရဲ့ ပရီမီယာလိဂ်ပြိုင်ပွဲဟာ မေ ၂၆ ရက် ညပိုင်းက ပြီးဆုံးသွားပြီဖြစ်တာကြောင့် လက်ရှိအချိန်မှာ လီဗာပူးအသင်းက ပရီမီယာလိဂ်ချန်ပီယံဖြစ်ခဲ့ပြီး လီဗာပူးအသင်း၊ အာဆင်နယ်အသင်း၊ မန်စီးတီးအသင်း၊ ချယ်လ်ဆီးအသင်းနဲ့ နယူးကာဆယ်အသင်းတို့ဟာ လာမယ့် ၂၀၂၅-၂၀၂၆ ဘောလုံးရာသီမှာ ချန်ပီယံလိဂ်ဝင်ခွင့် ရရှိတော့မှာဖြစ်ပါတယ်။

**ချန်ပီယံလိဂ်ဝင်ခွင့်ရရှိ**

အမှတ်ပေးဇယား အဆင့်(၁၇)နေရာနဲ့သာ ကျေနပ်ခဲ့ရတဲ့ စပါးအသင်းကလည်း ယူရိုပါလိဂ်ပြိုင်ပွဲမှာ မန်ယူအသင်းကို အနိုင်ရရှိခဲ့ပြီးနောက် ချန်ပီယံဖြစ်ခဲ့တာကြောင့် လာမယ့်ဘောလုံးရာသီတွင် ချန်ပီယံလိဂ်ဝင်ခွင့်တစ်နေရာ ရရှိခဲ့တာဖြစ်ပါတယ်။

စာမျက်နှာ ၂၁ ကော်လံ ၁ သို့ ❖



မြန်မာ ယူ-၁၉ အမျိုးသမီးအသင်း လေ့ကျင့်နေစဉ်။

## အာဆီယံ ယူ-၁၉ အမျိုးသမီးပြိုင်ပွဲတွင် မြန်မာအသင်း အိမ်ရှင်ဗီယက်နမ်နှင့် စတင်ကစားရမည်

ရန်ကုန် မေ ၂၆

ဇွန် ၉ ရက်မှ ၁၈ ရက်အထိ ဗီယက်နမ်နိုင်ငံ၌ကျင်းပမည့် ၂၀၂၅ အာဆီယံ ယူ-၁၉ အမျိုးသမီးပြိုင်ပွဲ အုပ်စုပွဲစဉ်များ ထွက်ပေါ်လာပြီဖြစ်ပြီး မြန်မာအသင်းသည် အိမ်ရှင်ဗီယက်နမ်အသင်းနှင့် စတင်ကစားရမည်ဖြစ်သည်။

စာမျက်နှာ ၂၁ ကော်လံ ၄ သို့ ○

## MNL ယူ-၂၁ ပြိုင်ပွဲတွင် ဒဂုံစတားယူနိုက်တက်အသင်း ထိပ်ဆုံးရောက်လာ

ရန်ကုန် မေ ၂၆

MNL ယူ-၂၁ လူငယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၅) တတိယနေ့ကို မေ ၂၆ ရက်က ဆက်လက်ကျင်းပရာ ဒဂုံစတားယူနိုက်တက်အသင်း ထိပ်ဆုံးရောက်လာသည်။

YUSC ကွင်း၌ ကျင်းပသည့် ပွဲတွင် သစ္စာအားမာန်အသင်းက ရန်ကုန်ယူနိုက်တက်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ လေးပွဲဆက်အနိုင်ရပြီး ထိပ်ဆုံးတွင် ဦးဆောင်နေသည့် ရန်ကုန်ယူနိုက်တက်အသင်းသည် မထင်မှတ်ဘဲ ရှုံးပွဲကြုံတွေ့ကာ ဒဂုံစတားယူနိုက်တက်အသင်းအား ထိပ်ဆုံးနေရာ လွှဲပြောင်းပေးခဲ့ရသည်။ သစ္စာအားမာန်အသင်းသည်

စာမျက်နှာ ၁၂ ကော်လံ ၅ သို့ ❂



ရန်ကုန်ယူနိုက်တက်အသင်းဘက်သို့ သစ္စာအားမာန်အသင်း ပြစ်ဒဏ်ဘော ကန်သွင်းစဉ်။